www.burmeseclassic.com

# ပုံမ့်ဒိုင်း

# တစ်ပတ်အတွင်း လူပျို ပြန်ဖြစ်ခြင်း

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ရှင်သန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဒီဇင်ဘာလ၊ ၂၀၁၃ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | အာကာ |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အောဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ခင်မမ |
| မျက်နှာဖုံးပုံနှိပ် | | Happy Colour Printing<br>အမှတ် ၁၂၂၊ ၅၁ လမ်း(အလယ်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (မြ-၀၄၆၆၅)<br>အမှတ် (၄၄-ဘီ)၊ မြေညီထပ်၊<br>၈၈ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၁ . ၈၃

ပဥ္စမဒီဇိုင်း

တစ်ပတ်အတွင်း လူပျိုပြန်ဖြစ်ခြင်း / ပဥ္စမဒီဇိုင်း - ရန်ကုန် ကြယ်ပွင့်စာပေ၊ ၂၀၁၃။

၁၂၉ - စာ။ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ

(၁) တစ်ပတ်အတွင်း လူပျိုပြန်ဖြစ်ခြင်း


www.burmeseclassic.com

www.burmeseclassic.com

# တစ်ပတ်အတွင်း လူပျိုပြန်ဖြစ်ခြင်း



ယောက်ျားသားတို့ အဖြစ်တွေအတွက်
မိန်းမသားတွေ တတွတ်တွတ်ပြောဖို့
ဘုရားသခင်က
နှုတ်ခမ်းတွေ တပ်ပေးခဲ့တာလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

“ကိုကျော်လင်းဆွေ . . . ဘယ်နှစ်နာရီရှိပြီလဲ၊ ရှင်မထသေးဘူးလား”

သမီးရည်းစားဘဝတုန်းက ချိုသာတဲ့အသံမျိုးရှိသလောက် ကလေးနှစ်ယောက်ရလာတဲ့အခါ ဘယ်လိုမှ နားဝင်ချိုစရာမကောင်းဘဲ သာယာနာပျော်ဖွယ်မရှိသော အသံမျိုးနဲ့ မိမိသွင်က နားနားကပ်ပြီး အော်နှိုးလို့ ကျော်လင်းဆွေနည်းနည်းတော့ ‘တင်း’သွားပါတယ်။

ဘယ့်နှယ့်ကိုယ့်အလုပ်ကို ကိုယ်သိတာပေါ့။ ညက သူငယ်ချင်းတွေနဲ့ ကဲကောင်းလို့ ကဲလိုက်တာ ညဉ့်နက်တော်တော်ကြာတော့မှ အိမ်ပြန်ရောက်လာတော့ အိမ်တံခါးလာဖွင့်ပေးတဲ့ မိမိသွင့်စိတ်ထဲ မကြည်ဘူးဆိုတာ အထာနပ်ပြီးသား။ ဘာမှမပြောဘဲ နည်းနည်းမက တော်တော်လည်း မူးတာနဲ့ အိပ်ယာပေါ်လှဲချတာ တစ်ခါတည်း အိပ်ပျော်သွားတာ တစ်ရေးမှမနိုးပါ။







အခုလည်း မနက်ခင်းဩဝါဒ ဘာခြွေဦးမလဲမသိ။ အိပ်ယာထ ခပ်မြန်မြန်ထပြီး ရေချိုးခန်းဆီ အမြန်သွားကာ ကိုယ်လုပ်စရာရှိတာ လုပ်လိုက်ပါတယ်။

“ကဲ . . . ပြောပါဦး ကိုကျော်လင်းဆွေ၊ ညက ဘာတွေဘယ်လိုဖြစ်လို့ ဒီလောက်မူးလာတာလဲ၊ ရှင့်ကိုယ်ရှင် လူပျိုလို့ ထင်နေသလား”

ထမင်းစားခန်းထဲရောက်လို့ မနက်အဆာပြေစားဖို့ အဆင်သင့်နေတဲ့ သားဖြစ်တဲ့ ခြောက်နှစ်သားအရွယ် ထူးထူးနဲ့ သုံးနှစ်ခွဲသမီး လှဲ့ယဉ်ထွေးတို့ကတော့ ဘာမှမဖြစ်သလိုနဲ့ ကော်ဖီနဲ့မုန့်ကို စားနေပါတယ်။

“မိမိသွင် . . . ငါလူပျိုမဟုတ်မှန်း လူတိုင်းသိတယ်၊ ကလေးအဖေမှန်းလည်း လူတိုင်းသိတယ်၊ ကုမ္ပဏီအလုပ်တွေပြီးလို့ သူငယ်ချင်းတွေစားကြသောက်ကြတာ အပြစ်လား၊ မင်းတို့ကို ဘယ်လိုအနှောင့်အယှက်ဖြစ်လို့လဲ”

“ဘယ်လိုအနှောင့်အယှက်မှ မပေးပေမယ့် ရှင်က အဖေတစ်ယောက်လေ၊ အခု အကြီးကောင် Grade (2) လပတ်စာမေးပွဲစစ်တော့မယ်၊ နက်ဖြန်ဆို ဖြေရပြီ၊ ရှင်က အဖေတစ်ယောက်အနေနဲ့ နည်းနည်းပါးပါး ကလေးကို စာလေးဘာလေးပြပေးပေါ့၊ ဟုတ်ဟုတ် မဟုတ်ဟုတ် ကလေးက အားရှိတာပေါ့၊ ပြီးခဲ့တဲ့အပတ်က အဆင့်တစ်ရတာ ဒီတစ်ပတ် အဆင့်တစ်အောက်လျော့သွားရင် ဘာဖြစ်သွားမလဲ”

“ဘာမှမဖြစ်ဘူး၊ ဒီမှာ မိမိသွင် . . . မင်းတို့မိန်းမတွေက ကလေးချင်းလည်း လိုက်ပြိုင်တာပဲ၊ ကိုယ့်သားသမီး မူလတန်းတို့ အလယ်တန်းတို့ အဆင့်တစ်ရတော့ကော ဘာဖြစ်လဲ . . . ဘာမှမဖြစ်ဘူး၊ အေး . . . ဆယ်တန်းမှာ လစဉ်အဆင့်တစ်ရမယ်၊ အောင်တော့လည်း ဂုဏ်ထူးတွေ တသီတတန်းကြီးဆိုရင်တော့ အဲဒါက တန်ဖိုးရှိတယ်၊ ကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဘဝကို ပြောင်းလဲပေးတယ်ကွ၊ မင်းတို့ဟာက ကလေးကို အခုကတည်းက ဦးနှောက်အနားမပေးဘဲ စာတွေစွတ်လုပ်ခိုင်းမနေနဲ့၊ ငါမလိုပါဘူး . . . သူ့ကို ဂိုက်လုပ်ပေးတဲ့ ဆရာမနန္ဒာသင်းရှိတာပဲ"

ကျော်လင်းဆွေစကားကို မီမီသွင်ကျေနပ်ပုံမရပါ။

"ရှင်ဟာလေ . . . ပြောလိုက်ရင် အဲဒီလိုချည်းပဲ၊ ဟုတ်ပါတယ် ရှင်က သူငယ်ချင်းတွေနဲ့ သောက်မယ်၊ လွတ်လွတ်လပ်လပ်နေမယ်၊ ပြန်ချင်တဲ့အချိန် ပြန်မယ်၊ ရှင်လုပ်တာတွေက လွန်နေတာကိုကော ရှင်သိလား၊ ကျွန်မသည်းမခံချင်တော့ဘူးနော်"

"သည်းမခံနိုင်လည်း မင်းလိုပဲ မနက်မိုးလင်းတာနဲ့ ပါးစပ်က ဗျစ်တောက်ဗျစ်တောက်ပြောတဲ့ ငါ့ယောက္ခမ မင်းရဲ့အမေနောက်ကို လိုက်သွားကွာ"

"ကျွန်မရဲ့အမေက သေတာ နှစ်နှစ်ရှိပြီလေ"

"အေး . . . ဒါကြောင့် ပြောတာ၊ တကယ်တည်း နားညည်းလိုက်တာဆိုတာကွာ"

"ဩော် . . . ရှင်က ကျွန်မထက်သာတဲ့ဟာတွေနဲ့တွေ့၊ ညဖက်မှာ မဟုတ်တာတွေလုပ်ဆိုတော့ ကျွန်မကို အခုတော့ အပြစ်မြင်ပြီပေါ့"

မီမီသွင်က သူမစိတ်ထဲရှိတာ ပြောပါတယ်။

"မီမီသွင် . . . မင်းစိတ်ထဲထင်တာ ပြောမနေနဲ့၊ အလုပ်သွားဖို့ မင်းနိုးလို့ ထလာပြီးပြီ၊ အခု အေးအေးဆေးဆေး စားပါရစေ၊ သားနဲ့ သမီးလည်း စိတ်ညစ်နေဦးမယ်"

"ရတယ် ဒယ်ဒီ၊ ဒယ်ဒီနဲ့ မာမီက နံနက်ခင်းတေးသံပဲဟာ၊ သားနဲ့ ညီမလေးက ရိုးနေပြီ"

သားဖြစ်တဲ့ ထူးထူးက သူ့ညီမလဲ့ယဉ်ထွေးကို ရယ်ပြီးပြောရင်း





က စားလက်စကို ဆက်စားနေတာ မီမီသွင်က မျက်စောင်းထိုးလိုက်ပါတယ်။

"အဲဒါပဲ သားနဲ့သမီး၊ ဒယ်ဒီ . . . မိန်းမယူမိတာ မှားသွားလား မသိဘူး၊ ဒယ်ဒီရုပ်ရည်ကြည့်စမ်း . . . ဘယ်လောက်ယောကျ်ားပီသလဲ၊ သားနဲ့သမီးရဲ့ မာမီနဲ့ မယူခင်က မိန်းမတွေဆို ဝိုင်းနေတာပဲ၊ ဒယ်ဒီက လူပျိုပြန်ဖြစ်ချင်တာ ပြန်ဖြစ်လို့မရလို့"

"ကိုကျော်လင်းဆွေ . . . ရှင် ဝက်သက်ပေါက်ချင်နေတာ ကျွန်မသိသားပဲ၊ ကျွန်မလည်း မှားတာပဲ၊ ရှင့်ကို ယူမိတာ"

"ဒယ်ဒီနဲ့မာမီ . . . စားရင်းသောက်ရင်းနဲ့ စကားများကြ၊ ဘာမှမစားဘဲနဲ့ဆို အာခေါင်ခြောက်မယ်၊ ဒါပဲ . . . သားတို့ အခုလပတ်စာမေးပွဲဖြေပြီးရင် ကျောင်းဆယ်ရက်ပိတ်မယ်၊ သားနဲ့ညီမလေး ဘိုးဘိုးတို့အိမ်မှာ သွားနေမယ်၊ ဒယ်ဒီနဲ့ မာမီနှစ်ယောက်တည်း ရန်သာဖြစ်ပြီးကျန်ခဲ့ပေတော့"

"သားရေ . . . ရန်ဖြစ်ချိန်ရရင် ကံကောင်း၊ မင်းတို့ဒယ်ဒီအပျော်လွန်လို့ ကိုယ့်မိန်းမဖြစ်တဲ့ မာမီ့ကို သတိရရင်တောင် ကံကောင်း"

ကျော်လင်းဆွေကတော့ မီမီသွင်ရဲ့စကားကို ပြန်လည်ခုခံချေပခြင်း မပြုတော့ပါ။ သားနဲ့သမီး အိမ်မှာမရှိတဲ့အချိန် သူ့ကုမ္ပဏီကလည်း သီတင်းကျွတ်ကာလ လုပ်သက်ခွင့်နားရက်ပေးတာနဲ့ တိုက်ဆိုင်လို့ ဘာလုပ်ရရင်ကောင်းမလဲ တွေးနေမိတာ ကော်ဖီသောက်ဖို့အောင် [illegible] ပါတယ်။

"ကိုကျော်လင်းဆွေ . . . ကျွန်မတခါးမှုမတူတာ [illegible] ဒီည စောစောပြန်ခဲ့၊ ညစာလည်း အိမ်မှာစားဦး၊ တစ်ခါတလေ [illegible] နဲ့ကိုယ် ထမင်းလေးဘာလေး စားဖူးတယ်ရှိအောင်လို့ သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီသွားခါနီး အိမ်ပေါက်ဝထိ မီမီသွင်က မှာတမ်းခြွေနေပါတယ်။

"စိတ်ချ . . . ငါတို့သူငယ်ချင်းငါးယောက် မဆုံဖြစ်ရင် စောစောပြန်ခဲ့မယ်၊ မဆုံပါစေနဲ့လို့ ဆုတောင်းနေပေါ့ကွာ၊ ဒါဆို တစ်နေ့လုံး မင်းက ငါ့ကိုသတိရပြီးသား ဖြစ်နေလိမ့်မယ်"

"ကိုကျော်လင်းဆွေ . . . ရှင်က သွားခါနီးလာခါနီးမှာ လူကိုကလိသွားသေးတယ်နော် . . . ဟွင်း"

မကျေမနပ်နဲ့ပြောရင်း ကျန်ရစ်ခဲ့တဲ့ မီမီသွင်ကို ဘာမှပြန်မပြောတော့ဘဲ ကျော်လင်းဆွေကားမောင်းရင်း ထွက်လာခဲ့ပါတယ်။

ဒီနေ့ကုမ္ပဏီမှာ အလုပ်က ပါးတာမို့ သူငယ်ချင်းတွေကို ခပ်စောစောချိန်းရဦးမယ်လို့။

❑ ❑ ❑



မိန်းမသားတစ်ဦးရဲ့
နှုတ်ခမ်းများက ထွက်ကျတဲ့စကားတွေ
ချစ်သူဘဝမှာပဲ နားဝင်ချိုစရာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ကိုကို ညက လုပ်ပုံကောင်းသလား"

ဦးခေါင်းထဲမှာ အိပ်ယာက နိုးနိုးချင်း ခေါင်းမကြည်လို့ ထမင်းစားခန်းထဲဝင်လာပြီး ဘလက်ခ်ကော်ဖီချဉ်ချဉ်လေး သောက်မယ်လို့ စိတ်ကူးကာမှ ထမင်းစားခန်းရောက်ရောက်ချင်း တင်မြင့်ဦးကို ဇနီးဖြစ်တဲ့ ငုဝါခိုင်က အရင်းမရှိ အဖျားမရှိ ပြောလိုက်လို့ ထိုင်မလို့လုပ်ကာမှ တွန့်သွားပါတယ်။

"ငုဝါရာ . . . မင်းစကားက ဘယ်လိုအဓိပ္ပါယ်လဲ၊ တော်ကြာ ဒီစကားကြားလို့ တစ်ခြားလူတွေ တစ်မျိုးထင်နေမယ်"

"ကိုကို . . . ကိုကို့စိတ်ထဲ ထင်ချင်တာ လျှောက်ထင်မနေနဲ့ ညက သူငယ်ချင်းတွေနဲ့ ဘယ်လောက်တောင် လူမှန်းသူမှန်းမသိအောင် သောက်လာသလဲ၊ ပြီးတော့ ပြန်လာချိန်ကိုလည်း ကြည့်ဦး၊ ကင်းသမားတောင် တစ်ရေးနိုးအိပ်ရာထတဲ့အချိန်မျိုး၊ ပြောပါဦး . . . လူပျိုလို့ ထင်





နေလို့လား၊ ကိုကို့မှာ မယားရှိတယ်ဆိုတာကိုကော သတိရသေးလား"

တင်မြင့်ဦးတစ်ယောက် မိန်းမဖြစ်တဲ့ ငုဝါ င်ကို တော်တော်သနားသွားပါတယ်။

"ငုဝါ . . . စကားကို နားနားပြီး ပြောပါလား၊ မင်းက ငါ့ကို ပြောရလို့ မောနေမယ်၊ မျိုးကြီးသီချင်းထဲကလို နားနားပြီးပြောပါကွာ"

"ကိုကို . . . ထောင်တန်တဲ့စကားကို ပေါ့အောင် မလုပ်နဲ့၊ ညက အဖြစ်အပျက်ကို ပြန်တွေးကြည့်စမ်း၊ ရှက်ဖို့ကောင်းလိုက်တာ၊ ခြံဝမှာ မူးမူးနဲ့ ကားရပ်ပြီး ခြံရှေ့ကဓါတ်တိုင်ကို ခြေထောက်နဲ့ကန်ပြီး မင်းက မိုက်သလား၊ မင်းက ဘယ်သူ့အားကိုးနဲ့ မီးမလင်းတာလဲ၊ မြန်မာနိုင်ငံမှာ အစိုးရက ပြောင်းသွားပြီ၊ ဓါတ်တိုင်ဆိုတဲ့ မင်းက အခုထိ မီးမလင်းဘူး ဆိုပြီး မူးမူးနဲ့ပြောနေတာ တကယ့်ကို အရှူးကျနေတာပဲ"

"ဟေ . . . ညက အဲဒီလောက်တောင်ပဲလား"

"သြော် . . . အမူးသမားများ ဒီလိုမူးတာကျတော့ မသိဘူး၊ ခေါင်ကျွေးကြည့် ဘယ်သူမှမစားဘူး"

ညတုန်းက သူငယ်ချင်းငါးယောက် 'တဲ'ကောင်းကောင်းနှင့် 'တဲ' တာ ဘယ်လိုအိမ်ပြန်ရောက်လာမှန်း တင်မြင့်ဦးမမှတ်မိတော့။

"အေးကွာ . . . ညက ငါတို့သူငယ်ချင်းငါးယောက်ထဲက လူပျိုကြီးသက်နိုင် သူ့အလုပ်က ရှယ်ယာအမြတ်ရလာလို့ ပြုစုတာကြောင့်ပါကွာ"

"ဆင်ခြေတွေ ပေးမနေပါနဲ့၊ ကိုကိုက ငုဝါနဲ့အရင်က ဘယ်သူ့ကို ချစ်သလဲ၊ ဟိုးတုန်းကတော့ ငုဝါကို အချစ်ဆုံးဆို"

"ငုဝါရာ . . . မင်းကို သေတပန်သက်တစ်ဆုံး စေ့ဆိုင်းချစ်ပြီး သား၊ ယမကာကတော့ ညရောက်မှ သူငယ်ချင်းတွေနဲ့အတူ ချစ်လို့ရတုန်းပါ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါကွာ"

"ကိုကိုနော် . . . မဟုတ်တာတွေ မပြောနဲ့၊ မဟုတ်တဲ့ မုသာဝါဒတွေပြောရင် ငရဲကြီးမယ်"

"ငါ့မိန်းမကလည်းကွာ၊ မဟုတ်တဲ့ မုသားပြောရတာ တာဝန်ဘယ်လောက်ကြီးလဲ၊ မုသားစကားတစ်လုံးမှန်ဖို့ သက်သေပြစရာ မုသားစကားမဟုတ်တာ အလုံးနှစ်ဆယ်သုံးဆယ်လောက် ဖန်တီးရတာ လွယ်တာမှတ်လို့၊ ကဲပါ . . . ဘလက်ခ်ကော်ဖီတစ်ခွက်လောက်ဖျော်ပါ"

ငုဝါခိုင်က ဘာမှပြန်မပြောဘဲ တင်မြင့်ဦးအတွက် ဘလက်ကော်ဖီဖျော်ပြီး ကော်ဖီခွက်ကို ပေးပါတယ်။

"အင်း . . . ငုဝါတို့မှာ သားသမီးမရသေးတာဆိုးတာ၊ ကိုကို့ရဲ့ သူငယ်ချင်းကျော်လင်းဆွေလို သားသမီးရှိရင် ကိုကိုခြေငြိမ်သွားမှာ၊ အခုတော့ လူပျိုလိုဖြစ်နေတာ"

"မဖြစ်ပါဘူး ငုဝါရာ၊ လူပျိုဘဝကလို ဘယ်မှာလွတ်လပ်လို့လဲ၊ အချိန်တန်ရင် အိမ်ပြန်ရတယ်၊ အကန့်အသတ်တွေနဲ့ နေနေရတာ၊ ဒီရက်ထဲမှာ ကျော်လင်းဆွေကော ငါပါ ကုမ္ပဏီက နားရက်ဆယ်ရက်ရတယ်၊ အဲဒီရက်တွေမှာတော့ လွတ်လွတ်လပ်လပ်ကို နေပစ်လိုက်ဦးမယ်"

"အံမယ် . . . အခုကော မလွတ်လပ်လို့လား၊ ဒီလောက်လှတဲ့ မိန်းမကို ယူထားတာတောင် ကိုယ့်မိန်းမနား မနေချင်တာ အံ့ပါရဲ့"

"ဒါကတော့ စယူတုန်းကပဲ ကောင်းတာလေ"

"ဘာပြောတယ် ကိုကို"

ငုဝါခိုင်ရဲ့ 'ကီး'က မြင့်သွားပါတယ်။ တင်မြင့်ဦးက ဘလက်ခ်ကော်ဖီခွက်ကို အမြန်သောက်၊ ထမင်းစားခန်းထဲကနေ အမြန်ထကာ ရေချိုးခန်းဆီသို့ ပြေးပါတော့တယ်။





ငုဝါခိုင်ကတော့ ရေချိုးခန်းအဝထိ ရောက်တဲ့တိုင်အောင် နောက် ကနေလိုက်ပြီး 'ပွစိ'၊ 'ပွစိ'ပြောနေလို့ ရေချိုးခန်းထဲမှာ သူ့အသံ မကြားရအောင် တံခါးပိတ်ကာ သီချင်းအကျယ်ကြီးအော်ဆိုနေမိပါတယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်အိမ်ထောင်ကျတယ်ဆိုတာ

မယူခင်တုန်းကတော့ မရလို့

အသည်းအသန် ...

ရပြီးသွားပြန်တော့

သူတို့ခမျာ

အတွေးအခေါ် ပညာရှင်တွေ ဖြစ်ပြန်ရော။

ခါကြီးက

ခေတ်အဆက်ဆက် သံသရာလည်နေတာပါပဲ။

## အခန်း (၃)

ပုံစံကြည့်ရတာနဲ့တင် သက်နိုင်တစ်ယောက် ထိချက်တော်တော်ပြင်းနေပြီ ထင်ပါတယ်။ မနေ့ညက ပုံစံနဲ့ တစ်ခြားစီ။ ဒီနေ့ညနေခင်း ခွင်ကအလုပ်တွေကပြီးလို့ သူငယ်ချင်းငါးယောက် ညနေခင်းလေးကို သမကာဆိုင်မှာ ဝယ်မိပါရဲ့။ ငါးယောက်သားဝိုင်းက တစ်ပတ်လည်သေ ဆယ့် သက်နိုင်က ဟုတ်တိပတ်တိမသောက်ဘဲ ငူငူကြီးဖြစ်နေပါတယ်။

ငွေကုန်ကြေးကျခံ အချိန်ကုန်ခံပြီး ဝယ်ထားရတဲ့ အနားယူစရာ ညနေခင်းကို သက်နိုင်ကြောင့် အလဟဿမဖြုန်းတီးပစ်နိုင်ပါ။

"သက်နိုင် . . . ငါတို့ငါးယောက်မှာ လူပျိုကြီးဖြစ်တဲ့ကောင် မိန်းမ,မရှိဘာမရှိနဲ့ အပူအပင်မလိုတာကွာ၊ အခု ဘယ်လိုဖြစ်နေတာလဲ မင်းခွက်နှာကြည့်ရတာ သောက်နေတဲ့ ဗက်စစ်စတီနိုင်းတောင် ချင်သလို ဖြစ်နေပြီ"

မြင့်ဖေက အရက်ခွက်သစ်တစ်ခွက်ထပ်သောက်ပြီး စပ်နေရင်း


www.burmeseclassic.com

က ပြောတော့ . . .

"ဒီကိစ္စကို မနေ့ညကမှ သိရတာ၊ အိမ်ပြန်ရောက်တော့ သောက်တဲ့အရက်တောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ ရင်ဝကို ဆို့သွားတာပဲ"

"ဒါဆို သေချာပြီ သက်နိုင်၊ မဟုတ်မှလွဲရော မင်းစပွန်ဆာချာတိတ်မလေးထင်တယ်"

"ဟုတ်တယ် အောင်သန်းကျော်၊ ငါနှစ်ချုပ်နဲ့ ငှားထားပေးတဲ့တိုက်ခန်းကို တစ်ပတ်တစ်ခါ သွားနေကျဟာ အခုသွားလို့မရတော့ဘူး နယ်က သူ့အမျိုးတွေ ခေါ်ထားတယ်၊ ဒါတင်မကဘူး ငါဝယ်ပေးထားတဲ့ ဖုန်းပြန်တောင်းတော့လည်း မရဘူး၊ မနေ့ညဆယ့်နှစ်နာရီလောက်က ငါ့ကိုဖုန်းဆက်တယ်၊ သူ့ကို မေ့လိုက်တော့ ဇာတ်လမ်းက ပြီးပြီတဲ့၊ သူ့ ကာရာအိုကေဆိုင်ကို ဒီနေ့နေ့လယ်ခင်းသွားမေးတော့ ဆိုင်ပြောင်းသွားပြီတဲ့၊ ဘယ်ဆိုင်လဲဆိုတော့ မသိရဘူး၊ ငါငှားပေးတဲ့ တိုက်ခန်းကျတော့လည်း သူ့အမျိုးတွေရှိလို့ ငါက ငါ့သိက္ခာကြောင့် မသွားရဲ၊ ဖုန်းဆက်တော့ ဖုန်းထဲကနေ ငါ့ကို အပြတ်ပြောတယ်၊ ငါဘာလုပ်ရမလဲကွာ"

သက်နိုင်ဘာလုပ်ရမလဲသာ ပြောတာပါ၊ လက်ကျန်အရက်ခွက်ကိုတော့ တစ်ကျိုက်တည်းမော့ချလိုက်ပါတယ်။

"ဘာလုပ်ရမှာလဲဆို မင်းသေသင့်တာပေါ့၊ ငါတို့ပြောသားပဲ ကာရာအိုကေဆိုင်မှာတွေ့တဲ့ ကောင်မလေးတွေဟာ လမ်းမှာတွေ့တဲ့ သစ်ပင်တွေလိုပဲလို့၊ အဲဒီမှာ ခဏခိုနားပြီးရင် ပြီးပြီပေါ့၊ မင်းဟာသွားသံယောဇဉ်တွယ်တာကိုး၊ မင်းအတွက် သူ့ကိုပေးရတဲ့ စပွန်[illegible] အလျော်အစားကြီးတယ်၊ ဟော . . . အခု မင်းထက်သာတဲ့ ဟာကိုတွေ့တော့ မင်းအခုဘာတတ်နိုင်လဲ၊ ငပေါကြီးဖြစ်ပြီ မဟုတ်လား၊ မင်းသာ အိမ်ထောင်တွေဘာတွေ ပြုခဲ့ရင် ဒီငွေတွေဟာ မင်းဇနီးမယားအတွက်





မိသားစုအတွက်ပဲ ဖြစ်ရမှာ၊ မင်းဆုတောင်း . . . ရောဂါ အဲဒီတာသေတာ မရပါစေနဲ့လို့"

"ဒါတော့ စိတ်ချပါကွာ၊ ငါက အဖော်ရှိပါတယ် . . . ကျော်လင်းဆွေရ"

သူတို့ငါးယောက် ဘာစကားမှဆက်မပြောဘဲ သောက်လက်စ စားလက်စတွေကိုသာ သောက်လိုက်စားလိုက်နဲ့ ဆိုင်ထဲကဖွင့်တဲ့ သီချင်းသံကို နားစွင့်နေပါတယ်။ အတန်ကြာတော့မှ တင်မြင့်ဦးက . . .

"သက်နိုင် . . . သူ့ဟာမလေးအတွက် အပူမီးတောက်နေတာမြင်ရတော့ ငါစဉ်းစားမိတယ်၊ ငါတို့များ အိမ်ထောင်မကျခင်တုန်းကတော့ ကိုယ်ယူမယ့် မိန်းမကိုမရလို့ ခံစားရ၊ ရပြီးသွားပြန်တော့ အဲဒီဟာကြီးက တဗျစ်တောက်တောက်ပြောလို့ စိတ်ညစ်ရ၊ အိမ်ထောင်ရေးကို စဉ်းစားရင်း၊ ရင်ဆိုင်ရင်း ဒဿနဆရာဖြစ်မှန်းမသိ ဖြစ်ရော၊ ဟော . . . မရသေးတဲ့သူကျပြန်တော့လည်း မရလို့ သက်နိုင်ဖြစ်နေတာကိုကြည့်၊ ဒါတောင် ကာရာအိုကေဆိုင်က မျက်နှာများတဲ့ ပိုက်ဆံကိုသာကြည့်တဲ့ ကောင်မလေးကြောင့်နော်၊ တကယ့်ကို မြတ်နိုးသူမျိုးဆို ဘယ်လိုနေမလဲ မသိဘူး"

"ဟုတ်တယ် တင်မြင့်ဦးရ . . . ယောကျ်ားနဲ့ မိန်းမဆိုတာ လိုအင်ဆန္ဒချင်းတူတာ မဟုတ်ဘူး၊ ယောကျ်ားက လွတ်လပ်ချင်တယ်၊ ကိုယ့်အလုပ်မှာ ကိုယ်အောင်မြင်ချင်တယ်၊ မိန်းမကျတော့ အလုပ်တွေ[illegible]ဘယ်၊ အချစ်ခံချင်တယ်၊ သူ့ကို သူ့ခင်ပွန်းယောကျ်ားက ချစ်ရင်းဘဝမှာ အောင်မြင်မှုကြီးကို ဆွတ်ခူးရတာလို့ မြင်နေတာတဲ့"

အားလုံးက ကျော်လင်းဆွေစကားကို ဘာမှပြန်မပြောဘဲ နားထောင်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြကွာ . . . မင်းတို့ဟာက ပျော်ပျော်ပါးပါး အရက်လာသောက်ပါတယ်ဆိုမှ သက်နိုင်ကြောင့် လေးလေးပင်ပင် ဆွေးနွေးစရာတွေ ပြောနေရတယ်လို့၊ နဂိုကတည်းက အိမ်မှာ အိမ်ထောင့်တာဝန်တွေ ထမ်းဆောင်ရလို့ နားညည်းစိတ်ညစ်နေရတဲ့အထဲကွာ၊ သောက်မှာသာ သောက်"

အောင်သန်းကျော်က ဘာစိတ်ကူးပေါက်တယ်မသိ၊ အရက်ကို သောက်လိုက်ပြီး ပြောပါတယ်။

"ဟော့ကောင်တွေ ဘာမှလုပ်မနေနဲ့ ကျန်တာတွေကိုမေ့၊ ဒီညဒီဝိုင်းပြီးရင် သက်နိုင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကာရာအိုကေသွားဆိုမယ်၊ ဆိုင်သစ်တစ်ဆိုင်ပေါ့ကွာ၊ စိတ်ကို အကြောလျှော့မယ်၊ သက်နိုင် . . . မင်းလည်း မင်းဟာမကို ခေါင်းထဲက ဖျောက်လိုက်"

"မြင့်ဖေ . . . မင်းလေသံက မာမနေနဲ့၊ မင်းက ငါတို့အထဲမှာ မိန်းမကို အကြောက်ရဆုံး၊ ဒီတော့ မင်းစကားကို ပြင်ပြော၊ ငါတို့ကုမ္ပဏီက ခွင့်ဆယ်ရက်ရလို့ ငါတို့ ကဲတဲ့အခါ မင်းမိန်းမက ကြည်ကြည်ဖြူဖြူ ခွင့်ပြုပါစေလို့ ဆုတောင်း"

အောင်သန်းကျော်စကားကြောင့် မြင့်ဖေမျက်နှာက စောစောကလိုမျိုး မဟုတ်တော့ပါ။

"အေးကွာ . . . အဲဒီကိစ္စကတော့ တိုက်ပွဲဝင်ရမှာပဲ၊ စိတ်ချ . . . အဲဒီတောင်ကုန်းကို ရအောင်ကို သိမ်းမယ်၊ မြင့်ဖေတဲ့ကွ . . . မျိုးနဲ့ရိုးနဲ့လိုက်ပြီး မိန်းမကြောက်တာ၊ ဒီတစ်ခါတော့ မျိုးရိုးဂုဏ်ကို ရအောင် ဖျက်ပစ်မယ်"

"မြင့်ဖေ . . . သိပ်ကြွားဝါးမနေနဲ့၊ မင်းသောက်တာ အနည်းဆုံးပဲ၊ ချ . . . ပြီးရင် သက်နိုင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကာရာအိုကေကို ချီတက်မယ်"





ကျော်လင်းဆွေက ညွှန်ကြားလိုက်ပြီးတဲ့နောက် လက်ကျန်အရက်တွေကို ဖြိုနေကျတာ ရေခဲတွေ၊ ဆိုဒါတွေပါ ထပ်မှာရပါရောလား။

အခန်းထဲက သီချင်းသံတွေက အခန်းပြင်ဖက်တွေကို လျှံထွက်နေပါတယ်။ အလင်းရောင်ကြွယ်ဝစွာ ပေးမထားတဲ့ ကာရာအိုကေဆိုင် ဧည့်ခန်းထဲမှာရှိတဲ့ ဆက်တီခုံတွေပေါ်မှာတော့ အခန်းလွတ်မရှိသေးလို့ ထိုင်စောင့်သူတွေက စောင့်နဲ့။ တစ်ချို့ကလည်း အရက်၊ ဘီယာမှာသောက်သူက သောက်နဲ့ ရှိနေပါတယ်။

"ဒါပဲကွာ . . . တစ်နာရီကို ခြောက်ထောင်လောက်ပေးရ၊ ဘီယာ အရက်နဲ့ စားစရာကလည်း သုံးဆလောက် ဈေးကြီးသေး၊ ပြီးတော့ အခန်းရဖို့ တန်းစီလည်း စောင့်ရနဲ့၊ ငါတို့ကိုက မိုက်တာ၊ ဒီအထဲမှာ အမိုက်ဆုံးက သက်နိုင်ပဲ"

ကာရာအိုကေအခန်းမရလို့ ဘီယာမှာသောက်ရင်း မြင့်ဖေတကာရာအိုကေအခန်းထဲကိုကြည့်ပြီး ပြောနေတဲ့အချိန်မှာ ကောင်မလေးတွေက အခန်းထဲကို ဝင်လိုက်ထွက်လိုက်နဲ့ ရှိနေပါတယ်။

"သက်နိုင် . . . ဒါပဲနော် . . . ဒီမှာလည်း မင်းဇာတ်လမ်းအစ ရှိုးဦး ဒီကာရာအိုကေက ပိုခမ်းနားတယ်၊ ပြီးတော့ ဒီကဟာတွေက အရင်အနီးပိုကြီးလို့ ရှိတာတွေ ကုန်သွားမယ်"

သက်နိုင်ရဲ့ဇကိုသိလို့ အောင်သန်းကျော်က ဟန့်တားနေပါတယ်။ အဲဒီအချိန်မှာ ခပ်လန်းလန်းညို့အားကောင်းတဲ့ ကောင်မလေးတစ်ဦးက အနီးအနားကနေ ဖြတ်သွားတဲ့အခါ သက်နိုင်က မျက်တောင်မခတ် ကြည့်လိုက်ပြီး . . .

"သဲနု . . . သဲနု . . . ဒီဆိုင်ကို ဘယ်လိုရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုသလို နာမည်အခေါ် ခံလိုက်ရလို့ သဲနုဆိုတဲ့ ကောင်မလေးက သက်နိုင်ကိုမြင်လို့ အံ့အားသင့်သွားပါတယ်။ ပြီးတော့ ရုတ်ချည်းဆိုသလို ဒေါသဖြစ်သွားပုံရပါတယ်။

“ရှင် . . . ရှင့်ကို ဖုန်းထဲကနေ ပြောတယ်လေ၊ ကျွန်မရှိတဲ့နေရာကို လိုက်မရှာနဲ့တော့၊ ရှင်နဲ့မပတ်သက်ချင်ပါဘူးလို့၊ ဘာလဲ . . . ရှင်က ဒီထိလာပြီး ဒုက္ခပေးချင်လို့လား၊ ရှင်ဟာလေ . . . ကိုယ့်အသက်ကိုမှ အားမနာ၊ တစ်ခြားမိန်းမတွေရှိတဲ့ ကာရာအိုကေဆိုင်တွေမှ အများကြီး၊ သက်သက်ဒီဆိုင်ကိုလာပြီး ကျွန်မရဲ့အလုပ်ကို နှောင့်ယှက်ဖို့လာတယ်၊ ရှင်တော့လေ . . .”

“မဟုတ်သေးဘူး သဲနုရယ်၊ သဲနု . . .”

ကာယကံရှင်သက်နိုင်တော့ မသိပါ။ ကျော်လင်းဆွေ၊ တင်မြင့်ဦး၊ အောင်သန်းကျော်နှင့် မြင့်ဖေတို့ကတော့ လူတွေဝိုင်းကြည့်နေလို့ တော်တော်ရှက်နေပါတယ်။

“ဟေ့ကောင် သက်နိုင် . . . သူ့ဖာသာသူ အစာဝလို့ သူ့အိုးမလုံလို့ သူဖြစ်တဲ့ကိစ္စ ငါတို့ပါ မင်းကြောင့် သိက္ခာကျစရာဖြစ်ရတယ်၊ အေး . . . မင်းက ဒီလိုဟာမျိုးတွေနဲ့ပတ်သက်ပြီး ဒီလိုဟာမျိုးတွေကို တန်ဖိုးထားတော့ ဒီလိုပြောခံရတာ ဘာမှမဖြစ်ပေမယ့် ငါတို့တော့ နာတယ်၊ ဟဲ့ . . . နင့်ကိုပြောမယ်”

တင်မြင့်ဦးက နည်းနည်းအရှိန်ကရလာပြီး ဒေါသကြောင့်လား မသိ၊ သက်နိုင်ကိုပြောရင်းက သဲနုဆိုတဲ့ ကောင်မလေးကို လက်ညှိုးထိုးရင်း . . .

“စောစောက နင်ပြောတဲ့ စကားမျိုးကို အထည်ချုပ်စက်ရုံက တလေးမလေးတွေပြောရင် ငါတို့ခံနိုင်တယ်၊ ထမင်းတစ်လုတ်အတွက်





ကိုယ့်ရဲသိက္ခာနဲ့ဘဝကို ငွေများများရတဲ့သူတွေဆီ ရောင်းတဲ့ နင့်လိုလူမျိုးကပြောတဲ့ စကားမျိုးကိုတော့ အခံရအခက်ဆုံးပဲ၊ ငါ တို့ကိုက ဒီကိုလာမိတာ မှားတာ၊ သက်နိုင် . . . အားလုံးပဲ ပြန်မယ်”

တင်မြင့်ဦးက ကာရာအိုကေဇည့်ခန်းထဲကနေ ထွက်သွားတော့ ကျန်တဲ့သူတွေလည်း ထွက်လာခဲ့ပါတယ်။ သက်နိုင်လည်း ပိုက်ဆံရှင်းပေးပြီး နောက်ကနေ လိုက်လာပါတယ်။ တစ်လမ်းလုံး သက်နိုင်ကို ဝိုင်းပြောတာ သက်နိုင်တစ်ယောက် ငြိမ်ခံနေရပါတော့တယ်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားသားနဲ့ မိန်းမသား
ဒီကမ္ဘာကြီးမှာ
ဖြစ်တည်လာမှတော့
ကောင်းခြင်း၊ ဆိုးခြင်း
အားလုံးဒွန်တွဲနေရင်း
ခရီးဆက်နေဦးမှာပါ။

# အခန်း (၄)

"ကိုကျော်လင်းဆွေ . . . အပြင်သွားမလို့လား၊ နေဦး . . . သားတို့ Guid လုပ်နေတဲ့ ဆရာမနန္ဒာသင်း စာသင်ပြီးတော့မယ်၊ သူ့ကိုပါ ကားနဲ့ ခေါ်သွားပြီး လိုက်ပို့ပေးလိုက်၊ ဒီနေ့ ရှင်အားတာပဲ"

ဒီနေ့ ကုမ္ပဏီပိတ်လို့ သူငယ်ချင်းတွေနဲ့ ချိန်းထားပါတယ်ဆိုမှ မိန်းမဖြစ်တဲ့ မီမီသွင်က သွားကာနီး၊ လာခါနီးပြောလိုက်လို့ ကျော်လင်းဆွေက ချိန်းထားတာတော့ နောက်ကျပြီလို့။

"ဟာကွာ . . . ခါတိုင်းလည်း သူ့ဖာသာသူ ပြန်တာပဲ၊ ငါလိုက်ပို့တာက ကိစ္စမရှိဘူး၊ သူ့ရပ်ကွက်ထဲ ငါက ကားနဲ့လိုက်ပို့တာ ရပ်ကွက်ထဲကလူတွေ တစ်မျိုးထင်လို့ ကောင်မလေးသိက္ခာကျနေပါဦးမယ်၊ သူ့ဖာသာသူ သွားပါစေကွာ"

"ကိုကျော်လင်းဆွေ . . . ဘာလဲ . . . ရှင့်သူငယ်ချင်းတွေနဲ့ ဆက်ရိုက်ရမှာ နောက်ကျမှာစိုးလို့ မဟုတ်လား၊ ကိုယ်က မှန်တာ...



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဘယ်သူထင်ထင်ပေါ့၊ မလိုချင်ဘူး . . . စောင့်သာခေါ်သွား"

ကျော်လင်းဆွေ ဘာမှထပ်မပြောတော့ပါ။ ပြောပြန်ရင်လည်း မိမိသွင်က ထပ်ပြီးစကားကြောက ရှည်မှာမို့ ဧည့်ခန်းထဲမှာပဲ စာသင်ပြီး မယ့်အချိန်ထိ ထိုင်စောင့်နေမိပါတယ်။

"အစ်ကိုကြီး . . . နန္ဒာစာပြပေးနေတာကို ထိုင်စောင့်နေရလို့ သွားစရာရှိတာ နောက်ကျတော့မယ်ထင်တယ်၊ ထူးထူးတို့စာမေးပွဲက နက်ဖြန်ဖြေရမှာဆိုတော့ စာတွေကို ပြန်မေးနေရလို့"

ဧည့်ခန်းထဲကိုရောက်လာတဲ့ သားဖြစ်သူထူးထူးကို စာလာပြပေး တဲ့ နန္ဒာသင်းက ရောက်လာပြီးပြောလို့ ဖတ်လက်စဂျာနယ်ကို ချထား လိုက်တယ်။

အခုမှ ကျော်လင်းဆွေတစ်ယောက် နန္ဒာသင်းဝတ်တာစားတာ ပြင်တာဆင်တာကို ကြည့်မိပါတယ်။ ဒီခေတ်အိမ်တွေမှာ စာလိုက်သင်တဲ့ ဆရာမတွေ ဝတ်ပုံစားပုံပြောင်းသွားပြီလား မသိပါ။

နန္ဒာသင်းဝတ်ထားစားထားတာက ခေတ်ဆန်နေပြီး ဒီခေတ် စကားနဲ့ပြောရရင် တော်တော်'လန်း'နေသလိုပါပဲ။

"အစ်ကိုကြီး အချိန်ရလား"

ကားကိုမောင်းနေရင်းနဲ့ လမ်းတစ်ဝက်လောက်ရောက်မှ နန္ဒာ သင်းက ဘာစိတ်ကူးပေါက်သလဲမသိ မေးလိုက်ပါတယ်။

"ဘာကိစ္စရှိလို့လဲ . . . ညည်းကို လိုက်ပို့ပေးပြီးရင် ဂေါက်ကွင်း သွားရမှာ"

"အစ်ကိုကြီးကလည်း နန္ဒာ့ကို ညည်းလို့မခေါ်ပါနဲ့၊ နန္ဒာပဲခေါ်၊ နားထဲမှာ ထောင့်ထောင့်ကြီးနဲ့"

"အေးပါ . . ."





ကားမောင်းနေရင်းနဲ့ နန္ဒာသင်းတစ်ယောက် ကျော်လင်းဆွေကို ပြန်ပြောတဲ့စကားသံက သမီးရည်းစားပြောသလိုမျိုး လေသံပေါက်နေလို့ ကျော်လင်းဆွေစဉ်းစားမရအောင် ဖြစ်သွားပါတယ်။

"အစ်ကိုကြီး . . . နန္ဒာဘာမှမစားရသေးလို့ တစ်ခုခုစားမယ် ပြီးမှ နန္ဒာ့ကိုလိုက်ပို့ပြီး အစ်ကိုကြီးသွားချင်တဲ့ဆီသွား"

"ဟဲ့ . . . နန္ဒာ . . . ဒုက္ခပါပဲ"

နန္ဒာသင်းက ပြောရင်းဆိုရင်းက ကားမောင်းနေတဲ့ သူ့ဘယ် ဘက်လက်မောင်းကို ကိုင်ရင်းပြောလို့ ကျော်လင်းဆွေက ရှုန်းရင်းမှ ပါးစပ်က ပြောလိုက်ပြီး နန္ဒာသင်းဘာစိတ်ကူးတွေ ဘယ်လိုဖြစ်နေသလဲ လို့ ဝေခွဲမရဖြစ်သွားပါတယ်။

ဒါနဲ့ မထူးပါဘူးဆိုပြီး ရှေ့မှာမြင်နေရတဲ့ 'သပြေရိပ်' လက်ဖက် ရည်ဆိုင်ရှေ့မှာ ကားကိုထိုးရပ်လိုက်ပါတယ်။

"ဒါပဲနော် . . . မြန်မြန်စား၊ ဂေါက်ရိုက်မယ့်ချိန်းပွဲက နောက်ကျ နေမယ်"

လက်ဖက်ရည်ဆိုင်ထဲရောက်တော့ ကျော်လင်းဆွေက ရောက် ရောက်ချင်းပြောအပြီးမှာ နန္ဒာသင်းက မြီးရှည်တစ်ပွဲမှာလိုက်ပါတယ်"

"အစ်ကိုကြီးကော၊ ဟယ် . . . အခုမှ နန္ဒာသတိရတယ်၊ အစ်ကို ကြီးက ဘယ်စားပါ့မလဲ၊ ဂေါက်ကွင်းမှာဆိုတော့ သူငယ်ချင်းတွေနဲ့ စား ကြသောက်ကြမှာကိုး၊ နန္ဒာလေ အစ်ကိုကြီးတို့ဘဝကို အားကျတယ်၊ ချမ်း ချမ်းသာသာနဲ့ ဘာမှမပူပင်ရဘူး၊ နန္ဒာတော့ ဘာပဲဖြစ်နေနေ အစ်ကိုကြီး တို့လိုမျိုး ယောက်ျားမျိုးရလို့က ဆွဲစိပစ်မှာပဲ"

မထင်မှတ်တဲ့စကားကို နန္ဒာသင်းဆီကနေ ကြားရလို့ ကျော်လင်း ဆွေကြက်သီးထသွားပါတယ်။ နန္ဒာသင်းက တကယ်ပဲ ပြောလေသလား



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြောလေသလားလို့။ တစ်ဆက်တည်းဆိုသလို သူ့သားကို သည်လိုစကားမျိုးပြောတဲ့ ဂိုဒ်ဆရာမတစ်ဦးက စာသင်ပေးနေတာကို ဆက်လက်ခံသင့်၊ လက်မခံသင့် စဉ်းစားရကျပ်သွားပါတယ်။

"နန္ဒာ . . . လူ့ဘဝိတာ ကိုယ်က တန်ဖိုးရှိတာလိုချင်ရင် ကိုယ်ကလည်း တန်ဖိုးရှိအောင် နေရတယ်၊ ကိုယ်က တန်ဖိုးမရှိဘဲ တန်ဖိုးရှိတာလိုချင်ရင်တော့ ကိုယ့်မှာရှိတဲ့ဟာတွေ အကုန်လုံးပေးလိုက်ရလိမ့်မယ်၊ ဒါပေမယ့် သူ့ဆီက ပြန်ရချင်မှရမှာ၊ အစ်ကိုကြီး ငွေကြေးကြွယ်ဝတယ်ဆိုတာ နှစ်ဖက်မိဘက ပြေလည်လို့ပါ၊ သူတို့ရဲ့အထောက်အပံ့နဲ့ ကိုယ်ကလည်း ကြိုးစားရတယ်၊ တိုးပွားအောင် လုပ်ရတယ်၊ နို့မို့ကုန်သွားမှာပေါ့။ ပြီးတော့ နန္ဒာ့လို ပညာတတ်ရုပ်ရည်ရှိတဲ့မိန်းကလေး ဒီလိုစောစောကပြောတာမျိုးက အန္တရာယ်သိပ်ကြီးတယ်၊ အချောင်ဝင်နိုက်ချင်သူတွေနဲ့ဆို ဘဝပျက်သွားမယ်၊ ဒီလိုစကားမျိုးကို ရယ်စရာဖြစ်တာမျိုးတောင် နောက်မပြောနဲ့နော်"

ဒီတစ်ခါမှာတော့ ရည်ရွယ်ချက်ပါပါနဲ့ နန္ဒာသင်းကို ကျော်လင်းဆွေက ဖျောင်းဖြပြောဆိုလိုက်ပါတယ်။

"အို . . . နန္ဒာကတော့ ဘယ်လိုပြောရမလဲ၊ အခုသွားနေတဲ့ ရည်းစားဟောင်းဖြတ်လိုက်ပြီ၊ နောက်ထပ်လာပြီး propose လုပ်တဲ့သူက ပိုပြီးငွေကြေးကြွယ်ဝလို့ အမှီရှာရမယ် အစ်ကိုကြီးရဲ့၊ ကြီးရင်ပိုမှီလို့တောင် ကောင်းသေး"

"ဟော! . . ."

ကျော်လင်းဆွေ ဘာမှပြန်မပြောနိုင်တော့ပါ။ ခေတ်ကာလသမီးပျိုများ ကိုရီးယားဇာတ်လမ်းတွဲတွေကြည့်ပြီး လွမ်းမိုးမှုတွေ အတော်ခံနေရပြီလို့။





ဝေါက်ကွင်းရောက်လျှင်တော့ မိမိသွင်ဆီ ချက်ချင်းဖုန်းဆက်ပြီး အကျိုးအကြောင်းပြောကာ နန္ဒာသင်းကို ဂိုဒ်ဆရာမဘဝတနေ အငြိမ်းစားပေးခိုင်းရမယ်လို့။ နို့မို့ဆို မြှားဦးက သူ့ဆီများလှည့်လာခဲ့လျှင် ရေရှည်ဆို သူလည်း တောင့်မှတောင့်ခံနိုင်ပါ့မလားလို့။ ယောက်ျားဆိုတော့ ခက်သားလား။

❑

ဟင်မြင့်ဦးစိတ်ထဲမတော့ တော်တော်လေးကို ရိုးတိုးရွတဖြစ်နေပါတယ်။ ပြန်ပြီး မကျေနပ်တာကို ပြောပြန်ရင်လည်း စကားကများမှာ စိုးရ။ ကုမ္ပဏီကနေ ပင်ပန်းလို့ ပြန်လာပြီး ညနေနားနားနေနေလေးလုပ်တာမှ မိန်းမဖြစ်တဲ့ 'ငုဝါခိုင်' က ဘာစိတ်ကူးပေါက်တယ် မသိဘူး။ အိမ်အတွက် လိုအပ်တာတွေဝယ်မှာမို့ ဈေးဝယ်ထွက်မယ်ဆိုပြီး သူမနဲ့အတူလိုက်ဖို့ ခေါ်ပါတယ်။ အိမ်မှာနေချင်ပေမယ့် မရပါ။ နောက်ဆုံးတော့ အားမောင်းပြီး လိုက်ပို့ရပါတယ်။

တော်ဝင်စင်တာထဲရောက်တော့လည်း ရှိတာမှ အိမ်မှာ လူကနှစ်ယောက်တည်း၊ ဝယ်လိုက်တာလည်း စုံလို့။ မနည်းတောင် တားရပါသေးတယ်။ ဝယ်ပြီးတော့လည်း ညစာကို အဲဒီမှာပဲ စားမယ်ဆိုလို့ စားရပါသေးတယ်။

ခက်တာက အိမ်မှာလို ယမကာလေးဘာလေး မမှီဝဲရတော့ ခက်နေပါတယ်။ မစားချင်စားချင်နဲ့ စားရတဲ့ဒုက္ခက ခက်ရချည်ရဲ့လို့။

"ဟော့ . . ငုဝါ၊ ဈေးဝယ်ထွက်ရင်း ညစာလာစားတာထင်တယ်"

"ဟယ် . . . ဆန်းထွတ်၊ ဘာလဲ ဈေးဝယ်ထွက်တာလား၊ မိန်းမနဲ့

ကလေးတွေကော မပါဘူးလား"

စားနေသောက်နေတုန်း ဘယ်သူမှ သတိမထားဘဲ ဆိုင်ထဲမှာ တင်မြင့်ဦးနဲ့ ငုဝါခိုင်စားနေတုန်း ငွေရှင်းပြီး ဆိုင်ထဲက ထွက်မလိုလုပ်တဲ့ တင်မြင့်ဦးနဲ့သက်တူရွယ်တူရှိမယ့် ယောကျ်ားသားတစ်ဦးက နှုတ်ဆက်လို့ ငုဝါခိုင်က ပြန်မေးပါတယ်။

"ငုဝါရယ် . . . ကိုယ့်ကို အထင်တွေ စွတ်ကြီးနေတာကိုး၊ ဘာမှ မပြောင်းလဲဘူး၊ ပြောင်းလဲသွားတာက အသက်ပဲ၊ ပြီးတော့ ဆံပင်နည်းနည်းဖြူလာတယ်၊ လုပ်ရင်းကိုင်ရင်းနဲ့ ရှာရင်းဖွေရင်းနဲ့ အသက်ဘယ်လိုကြီးသွားမှန်းတောင် မသိဘူး"

"ဒါနဲ့ သဘော်လိုက်တယ် ကြားပါရဲ့"

"မလိုက်တော့ဘူး ငုဝါရေ၊ ရေထဲမှာ အသက်ကြီးမှာစိုးလို့၊ အခု ကားဝယ်ရောင်းလုပ်နေတယ်၊ ကားပွဲစားပေါ့၊ မကောင်းပါဘူး၊ ကားတွေက ဈေးထိုးကျနေလို့"

"တစ်ယောက်တည်းနေတာပဲ၊ ငွေတွေ သိပ်ရှာမနေနဲ့ဦး၊ ဒီလောက်တောင် ငွေရှာနေရင် အိမ်ရှင်မရှာတော့လေ"

"တော်ပါပြီ ငုဝါရယ်၊ ဘဝမှာ တစ်ယောက်နဲ့တင် လုံလောက်သွားပါပြီ၊ ကဲ . . . သွားဦးမယ်"

ဆန်းထွတ်ဆိုတဲ့သူက တင်မြင့်ဦးတို့နားကနေ နှုတ်ဆက်ပြီး ထွက်သွားပါတယ်။ ဆန်းထွတ်ကိုကြည့်ပြီး ငုဝါခိုင်က ဘာမှမဖြစ်သလို ရှိနေပေမယ့် တင်မြင့်ဦးကတော့ နည်းနည်းစိတ်ထဲမရိုးမရွ ဖြစ်လာပါတယ်။

သူကောင်းကောင်းသိတာပေါ့။ စောစောက ဆန်းထွတ်ဆိုတာ ငုဝါခိုင်ရဲ့တက္ကသိုလ်တုန်းက ရည်းစားဟောင်းဆိုတာ။ ဘယ်လိုလို့ ပြယ်





သွားသလဲသာ သူမသိတာ။ ငုဝါခိုင်က ရည်းစားဟောင်းနဲ့ ပြန်တွေ့တာ ကျေနပ်နေသလိုပါပဲ။

"ငုဝါ . . . စောစောက ပြောသွားတာ ကြားလား၊ မင်းရဲ့ရည်းစားဟောင်းလေ၊ အခုချိန်မှာသာ မင်းသူ့ကိုယူခဲ့ရင် ဘာဖြစ်သွားမယ် ထင်လဲ"

ခနဲ့တဲ့တဲ့နဲ့ တင်မြင့်ဦးက မေးလိုက်လို့ ငုဝါခိုင်က စားနေတာကို ရပ်လိုက်ပြီး . . .

"ကိုကိုက သိပ်သိချင်နေလား၊ ဒီတော့ ကိုကိုက သဘော်လိုက်ခဲ့ဖူးပြီး ကားဝယ်ရောင်းပွဲစားဖြစ်နေမယ်၊ သူကတော့ ကုမ္ပဏီမှာ ရှယ်ယာဝင်ပြီး အလုပ်လုပ်နေတဲ့သူဖြစ်ပြီး ငုဝါရဲ့ယောကျ်ားဖြစ်နေမှာပေါ့"

ငုဝါခိုင်စကားကြောင့် တင်မြင့်ဦး 'နင်'သွားပါတယ်။ ဒီပြဿနာကို အိမ်ရောက်မှ ဆက်ဖြစ်မယ်လို့။

အိမ်လည်းရောက်ရော တင်မြင့်ဦးယမကာနှစ်ပက်လောက်မော့ပြီး အသကုန်ပေါက်ကွဲတာ ငုဝါခိုင်နားညီးလို့ အခန်းတံခါးပိတ်ကာ မဝင်လာနဲ့လို့ အမိန့်ထုတ်ပါလေရော။

❑ ❑ ❑

www.burmeseclassic.com

မျက်လုံးတွေက မြင်ဖို့
မြင်ကွင်းတွေက ရှိနေပါတယ်။
စကားလုံးတွေ စစ်ပွဲဆင်ဖို့
အဖြစ်အပျက်တွေ ရှိနေပါတယ်။
တကယ်ပါ ...
အဲဒီအထဲမှာ
စေနသားကျဖို့ မလွယ်လိုက်တာများ။

## အခန်း (၁)

ကုမ္ပဏီမသွားခင် ချွေးလေးဘာလေး ထွက်အောင်လို့ဆိုပြီး ကျော်လင်းဆွေခြံထဲမှာရှိတဲ့ အမှိုက်တွေကို တံမြက်စည်းလှဲနေမိတယ်။ တံမြက်စည်းလှဲနေရင်း မထင်မှတ်တာ မြင်လိုက်ရလို့ လှည်းနေတဲ့ တံမြက်စည်းကို ခဏကိုင်ထားပြီး အိမ်ရှေ့တိုက်အိမ်ခြံဝင်းထဲကို ကြည့်မိလိုက်တယ်။

အသားဖြူဖြူ ပေါင်တံပေါ်ပေါ်နဲ့ လုံးကြီးပေါက်လှကောင်မလေး တစ်ယောက်က ဘောင်းဘီတိုတို၊ စွပ်ကျယ်အကျီ ဂျိုင်းပြတ်နဲ့ ကြိုးခုန်နေ တာ ဆံပင်တွေက ‘ဖွားခနဲ’ ‘ဖွားခနဲ’ ဖြစ်နေပြီး ကြည့်လို့အတော်ကောင်း နေပါတယ်။

ကျော်လင်းဆွေစဉ်းစားမိပါတယ်။ အိမ်ရှေ့အိမ်မှာ [illegible] တဲ့ ကောင်မလေးကို တစ်ခါဖူးမှ မမြင်ဘူးလို့ပါ။ တွေ့ [illegible] သာတာ ဖြစ်လိမ့်မယ်လို့။ ကျန်းမာရေးလည်း အတော် [illegible]

www.burmeseclassic.com



တင်ပြီး အိမ်တမိန်းမဖြစ်တဲ့ မီမီသွင်နဲ့ကွာပလို့။ အိမ်ကမိန်းမများ အပျင်းတ ဘာကြီးသလဲမမေးနဲ့ဆိုပြီး အလိုမကျတွေ ဖြစ်နေပါတယ်။

"ကိုကျော်လင်းဆွေ . . . ဩော် . . . ဒါ့ကြောင့်ကိုး"

ဘယ်အချိန်ကနေ ကျော်လင်းဆွေနောက်ကို ရောက်နေသလဲ မသိတဲ့ မီမီသွင်က ကျော်လင်းဆွေနဲ့ အိမ်ရှေ့အိမ်ခြံဝင်းထဲက ကြိုးခုန်နေတဲ့ ကောင်မလေးကိုကြည့်ပြီး ကောက်ချက်ချစကားဆိုရင်းက ခြံဝကို သွားပါတယ်။

မီမီသွင်က ခြံဝရောက်တော့ အိမ်ရှေ့အိမ်ခြံဝင်းတံခါးဝမှာ ဈေးဝယ်ပြီးပြန်လာတဲ့ အမျိုးသမီးကို လှမ်းခေါ်ပါတယ်။ မီမီသွင်တစ်ယောက် ဘာတွေလုပ်လေမလဲလို့ ကျော်လင်းဆွေတံမြက်စည်းကိုင်ရင်းက နောက်ကနေ လိုက်သွားပါတယ်။

"မတင်မြ . . . ဈေးက ပြန်လာတာလား"

"ဟုတ်တယ် . . . မီမီသွင်ရဲ့၊ ဘာလဲ ဈေးဝယ်သွားမလို့လား"

မတင်မြဆိုတဲ့ အမျိုးသမီးက မီမီသွင်ရဲ့စကားကို ပြန်ဖြေရင်း မေးတော့ မီမီသွင်က ကြိုးခုန်နေတဲ့ကောင်မလေးကို ကြည့်လိုက်ပါတယ်။

"မတင်မြရေ . . . မတင်မြတို့ အိမ်ဝင်းထဲမှာ ကြိုးခုန်နေတဲ့ ကောင်မလေးကို ပြောပေးစမ်းပါ။ တစ်ရက်ခြားတစ်ခါ အခုလိုမျိုးပဲ မှန်မှန်ကြိုးခုန်ပေးပါလို့"

မီမီသွင့်စကားကြောင့် မတင်မြက ကြိုးခုန်နေတဲ့ ကောင်မလေးကို ကြည့်လိုက်ရင်း . . .

"ဩော် . . . ဟန်နီ့ကို ပြောတာကိုး၊ သူက ကျွန်မတို့အိမ်ရှင်ရဲ့ တူမလေး၊ မနေ့ကမှ နယ်ကရောက်လာတာ၊ စက်ဘီးပူကို သွားမလို့ပြောတယ်၊ ဘာဖြစ်လို့လဲ"





"ဩော် . . . သူတစ်ရက်ခြား ကြိုးခုန်ဝိုင်း ကျွန်မတို့ခြံထဲက အမှိုက်တွေ ကျွန်မရဲ့ယောက်ျားကို လှည်းခိုင်းချင်လို့ပါ"

"မီမီသွင်ကတော့ဟယ် . . . ပြောရော"

မတင်မြက မီမီသွင့်စကားကြောင့် ရယ်ရင်းက ခြံတံခါးဖွင့်ပြီး ဝင်သွားပါတယ်။

"မီမီသွင် . . . ဘာတွေ မင်းလျှောက်ပြောတာလဲ၊ ဟိုက တစ်မျိုး တင်သွားမယ်၊ မင်းက ငါ့သိက္ခာကို သက်သက်မဲ့ချတာပဲ"

"မသိဘူးလေ . . . ကျွန်မယောက်ျားက အလှအပကြိုက်တတ်တယ် မဟုတ်လား၊ ဒီတော့ တစ်ရက်ခြားတစ်ခါ လှတဲ့ကောင်မလေးကို ကြည့်ပြီး တံမြက်စည်းများ လှည်းချင်သလားလို့"

"မီမီသွင် . . . မင်းစကားတော်တော့၊ ကုမ္ပဏီသွားခါနီး ငါစကားမများချင်ဘူး"

"ရှင်စကားမများချင်လို့သာဘဲ နန္ဒာသင်းကတော့င် ရှင့်အကြောင်း တိုသိလို့ ကျူးသွင်းပြီး ဖမ်းစိမလို့လုပ်တာ၊ ရှင်တို့သူငယ်ချင်းတွေ ကာရာအိုကေတွေ၊ အနှိပ်ခန်းတွေမှာကဲတာ အကြောသိလို့ နေမှာပေါ့"

ကျော်လင်းဆွေ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်မိပါတယ်။ တော်ပါသေးရဲ့လို့။ ခုလိုပြောဆိုနေတာ ဘယ်သူမှ မရှိလို့။

"မီမီသွင် . . . တော်တော့ကွာ၊ ငါစိတ်ညစ်တာ ဒါပဲ၊ မင်းတို့ မိန်းမတွေ အဲဒီလိုပြောလို့ ယောက်ျားတွေ လူပျိုပြန်ဖြစ်ချင်တာ၊ အဲဒါ . . . ငါကုမ္ပဏီက ခွင့်ဆယ်ရက်ရလို့ကတော့ မင်းဘာမှမတားနဲ့"

"မတားပါဘူး၊ သားကလည်း နက်ဖြန်ဆို စာမေးပွဲပြီးပြီ တလေး နှစ်ယောက်စလုံးက အဘိုးအဘွားအိမ်သွားမယ်တဲ့၊ ကျွန်မလည်း တလေး တွေမရှိတုန်း ဘုရားသွားပြီး ပုတီးလေးဘာလေးစိပ်မယ်၊ ရှင်တို့ ဒူးနစ်



www.burmeseclassic.com

www.burmeseclassic.com



ရက်ခွင့်ပေးမယ်၊ ရှင့်ရဲ့အားလပ်ရက်ဆယ်ရက်မှာ နေချင်သလိုနေ၊ ပုတီးစိပ်ရင်း ရှင့်ကိုပြောရရင် ငရဲကြီးမယ်”

ကျော်လင်းဆွေ ထခုန်မတတ် ဝမ်းသာသွားပါတယ်။ ဒီတစ်ခါကျတော့ မီမီသွင်က ခွင့်ပြုတာ လျော့လျော့လျှူလျှူပဲလို့၊ ကျေးဇူးတင်ကြေးဆို ကြိုးခုန်တဲ့ကောင်မလေးကိုတောင် ကျေးဇူးအခါခါ တင်နေမိပါတယ်။

❑

ဒီနေ့ညစာအပြင်မှာစားဖို့ လုပ်ခါမှ ငုဝါခိုင်က တင်မြင့်ဦးကို ဖုန်းဆက်ပါတယ်။ ညစာကို အိမ်မှာပြန်စားဖို့ သူမရှယ်ချက်ထားတယ်တဲ့။ ဘယ်လိုဟင်းတွေ ဘယ်လောက်တောင် ချက်ထားလို့ ဒီလိုဖုန်းဆက်ပြောရတာလဲ မသိ။

အမြဲတမ်း ထမင်းချက်ဟင်းချက်ညံ့တဲ့ ငုဝါခိုင်တစ်ယောက် ဒီနေ့ဘယ်လိုလက်စွမ်းများ ပြလေသလဲမသိဘူးဆိုပြီး အိမ်ရောက်တော့ ရေချိုးထမင်းစားဖို့ လုပ်ပါတော့တယ်။

“ငုဝါခိုင်ရာ . . . ဘာတွေများချက်ထားလို့ ဖုန်းဆက်ပြောရတာလဲ၊ ဒီည သူငယ်ချင်းတွေနဲ့ ညစာစားဖို့ လုပ်ထားတာ ပျက်ပြီ”

ထမင်းစားခန်းထဲရောက်ရောက်ချင်း ယမကာပုလင်းထဲမှ အရက်ကို ဖန်ခွက်ထဲငှဲ့ထည့်ရင်း တင်မြင့်ဦးက ပြောပါတယ်။

“တကူးတက ချက်ထားတာ ကျွေးချင်လို့ပေါ့ ကိုကိုရဲ၊ ဒီမှာကိုကို . . . လောကကြီးက မတရားဘူးသိလား၊ ငုဝါခမျာ မိဘအိမ်မှာနေတုန်းက ဘာမှလုပ်ရတာ မဟုတ်ဘူး၊ ကိုကိုနဲ့ယူတော့မှပဲ နေ့တိုင်း





ဒီးဖိုချောင်ဝင် ချက်ရပြုတ်ရ၊ မချက်ချင်ဘဲနဲ့ လုပ်နေရတာ အသွင်ချိန်တောင် မရှိဘူး၊ ဒါတောင် ကလေးမရှိသေးလို့ တော်သေးတယ်”

“ငုဝါ . . . မင်းပြောတာ မှန်တယ်၊ ငါလည်း မင်းနဲ့ယူကတည်းက မင်းချက်ကျွေးတာမှန်သမျှ မစားချင်ဘဲနဲ့ စားနေရတာ”

“ကိုကိုနော် . . . ငုဝါရဲ့စေတနာကို မစော်ကားနဲ့၊ ဟောဒီငါးပေါင်းမြည်းကြည့်ဦး”

ငုဝါခိုင်က ဒေါသသံသဲ့သဲ့နှင့် ပဲငပိနဲ့ပေါင်းထားတဲ့ ငါးပေါင်းဟင်းကို မြည်းခိုင်းပါတယ်။ တင်မြင့်ဦးလည်း ဖန်ခွက်ထဲက အရက်ကို မော့ချလိုက်ပြီး ငါးပေါင်းဟင်းကို မြည်းလိုက်ပါတယ်။

“ဘယ်လိုလဲ . . . ကောင်းလား”

“ကောင်းသားပဲကွ . . . ချဉ်စပ်လေးပဲ”

တင်မြင့်ဦးရဲ့အဖြေစကားကြောင့် ငုဝါခိုင်တစ်ခုခုလိုနေသလိုဖြစ်ရင်းက . . .

“မဟုတ်သေးဘူးထင်တယ်၊ ငုဝါက ချက်နည်းပြုတ်နည်းစာအုပ်ထဲကအတိုင်းချက်တာ ချိုချဉ်ပါ၊ သူရေးထားတဲ့ အချိုးအစားအတိုင်းချက်တာပါ”

“ဘာကွ . . . ဒီဟင်းတွေက ချက်နည်းပြုတ်နည်းစာအုပ်ထဲကဟုတ်လား”

“ဟုတ်တယ် . . . ကိုကိုစားစေချင်လို့ ဒီဟင်းတွေကို ဦးလေးကြီးချက်နည်းငါးရာစာအုပ်ထဲကအတိုင်း ချက်ထားတာ”

“ဒါဆို သေချာပြီ၊ မင်းရဲ့ဟင်းတွေ စားကောင်းတော့မှာမဟုတ်ဘူး”

“ဒါပေါ့၊ တော်ပြီ . . . နောက်ဆို ဘာမှချက်မကျွေးတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကိုယ့်လင်စားပါစေဆိုပြီး ချက်ရတာ၊ ကိုယ့်လင်က စားသောက်ဆိုင်က ဟာမလေးတွေ၊ ကာရာအိုကေက ဟာမလေးတွေ လက်နဲ့လာချပေးတာကိုမှ အရသာရှိတယ်၊ အဟာရရှိတယ် ထင်နေမှာပေါ့"

"ငုဝါခိုင် . . . မင်းကွာ၊ စားခါနီးသောက်ခါနီး ဒေါသဖြစ်အောင် မပြောနဲ့"

"အို . . . ပြောမှာပဲ၊ စေတနာကို စော်ကားတာလေ"

"တင်မြင့်ဦး စိတ်ညစ်သွားပါတယ်။ ငုဝါခိုင်ဘာမှမပြောလျှင်ယခုလို စကားများရမှာ မဟုတ်။ အခုတော့ ဟိုက လေကြောရှည်ပါတော့မယ်။

"ငုဝါ . . . ဒါကြောင့် ကိုယ်စိတ်ညစ်တာ၊ ငုဝါ အဲဒီလို ပါးစပ်ကတတွတ်တွတ်ပြောလို့ စိတ်ညစ်တာ၊ အလုပ်က ခွင့်ဆယ်ရက်ရတဲ့နေ့တော့မင်းနဲ့ဝေးရာပြေးမယ်၊ ကိုယ့်ဘာသာကိုယ် သူငယ်ချင်းတွေနဲ့ လူပျိုဘဝလိုနားအေးပါးအေး သွားနေမယ်"

"ဩော် . . . ကိုကိုက အကြောင်းရှာပြီလား၊ သူငယ်ချင်းတွေကိုအကြောင်းပြပြီး ဘယ်အငယ်အနှောင်းနဲ့ နေမလဲမှ မသိတာ"

"ဟော့ . . . ဘယ်လိုပြောတာလဲ၊ ဘာမှမရှိဘူးကွ၊ ငုဝါ . . . မင်းက ပြောနေတာ ကိုကို့ အငယ်ထားစေဖို့ တွန်းအားပေးလို့ဆော်သလိုဖြစ်နေပြီ"

"ဒါကတော့ ဟုတ်ချင်ဟုတ်မှာပေါ့"

တင်မြင့်ဦး သောက်ထားတဲ့အရှိန်က တက်လာလို့လားမသိ၊ ဒေါသထွက်လာပါတယ်။ စီးကရက်ဗူးထဲက စီးကရက်တစ်လိပ်ကိုထုတ်ပြီးဖွာလိုက်ပါတယ်။ ဆက်ပြောနေရင် စကားက ဆက်များတော့မယ်လို့၊

"ရပ်ကွက်တွင်းရှိ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား၊ ယခုအခါ





ဝင့်လင်းရာသီရောက်လာပါသဖြင့် မီးကို ဂရုစိုက်ရန်နှင့် မီးတွင်းမီးချောင်းများကို ငြိမ်းသတ်ပြီးမှ အိပ်ကြပါရန်နှင့် မီးအန္တရာယ်ကို ကာကွယ်တဲ့အနေနှင့် လမ်းသွားရင်း ဆေးလိပ်မသောက်ရ၊ ရပ်ကွက်ထဲ အရက်သေစာသောက်စားပြီး မရမ်းကားရ၊ တွေ့ရှိပါက ဥပဒေအရ အရေးယူအပြစ်ပေးခြင်းခံရမည်၊ ပုံ-ရပ်ကွက်အုပ်ချုပ်ရေးဥက္ကဋ္ဌ"

ထမင်းစားခန်းထဲကနေ ခြံရှေ့လမ်းမပေါ် ရပ်ကွက်အုပ်ချုပ်ရေးရုံးမှ အဖွဲ့ဝင်အချို့က ဆိုက်ကားပေါ်မှာ လော်စပီကာတင်ပြီး မီးအန္တရာယ်ကြိုတင်ကာကွယ်ဖို့ ရပ်ကွက်ထဲလိုက်သတိပေးသံကို ကြားရပါတယ်၊ လော်စပီကာအသံက တော်တော်ကျယ်တဲ့အတွက် တင်မြင့်ဦးတစ်ယောက်မှုကလည်း နည်းနည်းမူးလို့ နားညည်းလာပါတယ်။

"မိန်းမနဲ့စကားများလို့ စိတ်ညစ်ရတဲ့အထဲ ဒီလော်စပီကာအသံက တစ်မျိုးကွာ၊ တွေ့မယ်"

ပြောပြောဆိုဆိုနဲ့ တင်မြင့်ဦးက အရက်ပုလင်းကို လက်ကကိုင်စီးကရက်ကို ပါးစပ်မှာခဲရင်း ထမင်းစားခန်းထဲကနေထွက်ကာ အိမ်ရှေ့ခြံဝသွားပါတယ်။

"ကိုကို ဘာလုပ်တာလဲ"

ဘာလုပ်မှန်း ရေရေရာရာမသိလို့ ငုဝါခိုင်က နောက်ကနေ ခြံဝကို ပြေးလိုက်သွားပါတယ်။

"လမ်းသွားရင်း ဆေးလိပ်မသောက်ရဘူးဆိုလို့ ကိုယ့်အိမ်ရှေ့မှာထိုင်သောက်တယ် . . . ဘာဖြစ်လဲ၊ ကိုယ့်အိမ်ရှေ့မှာထိုင်ပြီး အရက်သောက်တယ်၊ ကိုယ့်မိန်းမကို မူးပြီးယစ်မယ် . . . ဘာဖြစ်လဲ ဗျို့ . . . ခင်ဗျားတို့ အခုသတိပေးနေတာနဲ့ ဥပဒေမငြိစွန်းဘူးဗျ"

"ဟော့လူ . . . ခင်ဗျားဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ ထိုင်ဆေးလိပ်ဖွာရင်းက အရက်ကို မော့သောက်ပြီး ပြောလိုက်လို့ သတိပေးတာ လိုက်အော်နေတဲ့သူတွေထဲက တစ်ယောက်က ဒေါသထွက်သွားပြီး တင်မြင့်ဦးကို ပြောလိုက်ပါတယ်။

"ကိုကို . . . ဘာတွေလျှောက်ပြောနေတာလဲ"

"မဟုတ်ပါဘူးရှင် . . . သူမူးနေလို့ပါ"

ငုဝါခိုင်က သတိပေးကြေညာအော်နေတဲ့ လူတွေကို တောင်းပန်လိုက်ပါတယ်။

"ခင်ဗျားရဲ့ယောကျ်ားက ကျုပ်တို့တာဝန်နဲ့ လုပ်နေတာကို သက်သက်လာယစ်နေတာ၊ ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းလို့ရတယ်၊ ဘာမှတ်လဲ"

"ဟုတ်ကဲ့ပါ . . ."

ငုဝါခိုင်က ခေါင်းညိတ်ပြရင်းက တင်မြင့်ဦးကို အိမ်ထဲအတင်းဆွဲခေါ်လာပါတယ်။

"ရှက်ဖို့ကောင်းလိုက်တာ၊ ဟိုက မဖမ်းတာ ကံကောင်း၊ တော်ပြီ . . . ကိုကို့ဖာသာကိုကို ခွင့်ရတဲ့ဆယ်ရက်အတွင်း လုပ်ချင်တာလုပ်၊ ဒါပေမယ့် တစ်ပတ်တော့ ခွင့်ပြုမယ်"

"ငုဝါ . . . တကယ်နော်"

တင်မြင့်ဦးသောက်ထားတာ ငုဝါခိုင်စကားကြောင့် ပြေသလိုဖြစ်ရင်းက ပြန်မေးရင်း စိတ်ထဲကနေ ပြုံးမိပါတယ်။ ဒီလိုခွင့်ပြုဖို့ စောစောက လုပ်ခဲ့တာက တော်တော်လေး ဟုတ်သွားတာပဲလို့။

□ □ □



လူတိုင်းမှာပေါ့ဗျာ
သန့်ရှာသန့်ရှာ
အစွမ်းသတ္တိတစ်ခုတော့ ရှိရတာပဲ။
လွှတ်လပ်စွာ ဘဝပြန်ရတဲ့အခါ
အသက်တစေ့ တစ်ရက်ပိုရှည်တာပေါ့။
ဒါကလည်း
'ပထမနေ့' မှသိတာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အရင်ဆုံး ဘာလုပ်ရမလဲဆိုတာကို မစဉ်းစားနိုင်အားပါ။ ကျော်လင်းဆွေနဲ့ တင်မြင့်ဦးတို့နှစ်ယောက်ကို ဇနီးမယားတွေက တစ်ပတ်အတွင်း လုပ်ချင်တာလုပ်လို့ ခွင့်ပေးတော့ ခွင့်စရတဲ့နေ့မှာပဲ အပြတ်ပြောခဲ့ကြပါတယ်။

အဲဒါကတော့ အိမ်ကိုပြန်လာချင်မှ ပြန်လာမယ်လို့။

မနက်ဆယ်နာရီ အိမ်ကထွက်ထွက်ချင်းမှာပဲ ကျော်လင်းဆွေက တင်မြင့်ဦးကို ဖုန်းထဲကနေ အချိန်းအချက်လုပ်ပြီး ခေါ်၊ နောက်တစ်ခါ လူပျိုကြီးသက်နိုင်နဲ့ မြင့်ဖေကို ခေါ်၊ နောက်ဆုံးတစ်ယောက် အောင်သန်းကျော်ကျမှ ဒုက္ခက ရောက်ပါတော့တယ်။

အောင်သန်းကျော်ရဲ့မိန်းမ နုနုစိန်က သူတို့လေးဦးနဲ့ ခွင့်မပြုလို့ အောင်သန်းကျော်ခမျာ ဘာလုပ်ရမှန်းမသိ ဖြစ်နေပါတယ်။ နုနုစိန်ကလည်း အောင်သန်းကျော်အလစ်မှာ မထွက်ရအောင် မျက်ခြေမပြတ်





စောင့်ကြပ်နေလို့ ဖုန်းထဲကနေ လွတ်မြောက်ဖို့ အကြံတောင်းပါတယ်။

ဒါကို မြင့်ဖေက အကြံပေးပါတယ်။ အိမ်ဝရန်တာမှာနေ စောင်တိုကြိုးလိုလုပ်ပြီး ဆင်းခဲ့ဖို့နဲ့ သူတို့က မြို့အပြင်ဖက်ကနေ စောင့်နေမယ်လို့။

အောင်သန်းကျော်ရဲ့ခြံရှေ့ရောက်တော့ အောင်သန်းကျော်မိန်းမ နုနုစိန်က သူ့ယောကျ်ားကို တော်တော်စိတ်ချတယ် ထင်ပါရဲ့။ ခြံစည်းရိုးဝင်းတံခါးကို သော့နှစ်ထပ်တောင် ခတ်ထားပါတယ်။ မိန်းမတွေများ သူတို့ဖြစ်ချင်တာသာ အဟုတ်မှတ်နေတာ။ ခြံစည်းရိုးတံခါးကို ကျော်ထွက်လို့ရတယ်ဆိုတာ မေ့များမေ့နေကြသလား မသိပါ။

"ပွမ် . . . ပွမ် . . . ပွမ်"

အောင်သန်းကျော်တို့ အိမ်ရှေ့ရောက်တော့ ကျော်လင်းဆွေက ဟားဟွန်းကို သုံးချက်တီးပါတယ်။ အိမ်ပေါ်ထပ်ဝရန်တာရှေ့ကို အောင်သန်းကျော်က ထွက်လာရင်းက လက်ပြပါတယ်။ သူ့လက်ထဲမှာလည်း စောင်သုံးထည်ကို ကြိုးလိုလုပ်ထားတာကို ကိုင်ထားပါတယ်။ အောင်သန်းကျော်က အရိပ်အခြေအနေအကဲခပ်ရင်း ဝရန်တာလက်ရန်းမှာ စောင်တိုချည်ပါတယ်။ ပြီးတော့ ကလေးတွေလိုမျိုး ကြိုးလိုလုပ်ထားတဲ့ စောင်တိုတွဲပြီး ဆင်းလာပါတယ်။

"အောင်သန်းကျော် . . . ဖိနပ်ခါးကြားထိုးထားတာ တွေ့လား ဒီကောင် သူစီးတဲ့ဖိနပ်ကို ဘယ်လိုအချိန်မှာယူပြီး နုနုစိန်မသိအောင် ထုပ်ထားသလဲ မသိဘူး"

"ကျော်လင်းဆွေ . . . အဲဒါက အရေးမကြီးဘူး တို့ရဲ့ ကျိုးတို့ ညလောင်းဖြစ်နေတာ ဒီကောင်ပြုတ်ကျလို့က ခါးကျိုးမလား ခြေကျိုးမလား၊ လက်ကျိုးမလား မသိဘူး၊ တော်ကြာ ငါတို့လည်း လွတ်လင်ထင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်ရက်တာ ဒီကောင့်ကြောင့်မကဲရဘဲ နေဦးမယ်"

တင်မြင့်ဦးက ဝရန်တာကနေ စောင်တွေကြိုးလိုလုပ်ပြီး ဆင်းလာနေတဲ့ အောင်သန်းကျော်ကိုကြည့်ရင်းက စိုးရိမ်နေပါတယ်။

"တင်မြင့်ဦး . . . စိုးရိမ်မနေနဲ့၊ ဒီကောင် ငယ်ငယ်တုန်းက သစ်ပင်တက်နေကျပဲ၊ ဟော . . . အောက်ရောက်ပြီး ခြံတံခါးဝကို ပြေးလာနေပြီ၊ ကားတံခါးဖွင့်ထား"

"ဝုတ်! . . . ဝုတ်! . . . ဝုတ်!"

မြင့်ဖေက အောင်သန်းကျော်ခြံတံခါးရှိရာသို့ ပြေးလာနေတာကိုကြည့်ပြီး ပြောလိုက်စဉ် အောင်သန်းကျော်တို့အိမ်မှာ မွေးထားတဲ့ခွေးက ခြံထဲမှာ ပြေးတဲ့ခြေသံကြားလို့ လူစိမ်းထင်ပြီး ဟောင်ပါတယ်။ ခွေးဟောင်သံတွေကြောင့် အောင်သန်းကျော်ရဲ့မိန်းမနုနုစိန် အိမ်ထဲက ပြေးထွက်လာတာ ခြံစည်းရိုးတံခါးကို ကျော်တက်ဖို့ လုပ်နေတဲ့ အောင်သန်းကျော်ကို မြင်သွားပါတယ်။

"ကိုအောင်သန်းကျော် . . . ရှင် ဒါဘာလုပ်တာလဲ၊ ကိုအောင်သန်းကျော် . . . ရှင် . . . ရှင်"

နုနုစိန်တစ်ယောက် သူ့လင်တော်မောင်ရဲ့အဖြစ်ကို မြင်ရလို့ ဒေါသတကြီးနဲ့ အော်နေပါတယ်။

"အောင်သန်းကျော် . . . နောက်လှည့်မကြည့်နဲ့၊ ငါတို့အစီအစဉ်တွေ ပျက်ကုန ်မယ်၊ ခြံတံခါးကနေ မြန်မြန်ခုန်ချ"

သက်နိုင်က ကားထဲကနေ လှမ်းအော်ပြောပါတယ်။ အောင်သန်းကျော်လည်း ခြံတံခါးထိပ်ကနေ အမြန်ခုန်ချပြီး ကားတံခါးဖွင့်ထားတဲ့ ကားထဲအမြန်ဝင်လိုက်ပါတယ်။ ကျော်လင်းဆွေလည်း ကားကို အမြန်မောင်းလာခဲ့ပါတယ်။





"ညပြန်မအိပ်နဲ့တော့ အောင်သန်းကျော်၊ မင်းညအိပ်မပြန်လို့ကတော့ နုနုစိန်နဲ့ မင်းနဲ့တော့ ပွဲကြီးပွဲကောင်းပဲ၊ ဟိုက ဘယ်လောက်ဒေါသတကြီးနဲ့ ကျန်ခဲ့ပြီလဲ မသိဘူး"

"သက်နိုင်ရာ . . . ဒါများကွာ၊ ဟေ့ကောင် အောင်သန်းကျော် . . . ညဥ့်နက်မှပြန်၊ အမူးသောက်၊ သူများတွေ သန်းခေါင်တလွဲအိပ်ချိန်မို့လို့ ပွဲကြမ်းမှာ မဟုတ်ဘူး၊ မနက်ကို သူမနိုးခင် ပြန်လစ်ပြီး ထွက်လာတာပြဿနာမှမလိုဘူး"

တင်မြင့်ဦးက အောင်သန်းကျော်ကို အားပေးစကားဆိုပါတယ်။

"မလိုဘူး တင်မြင့်ဦး၊ ဒီလိုထွက်လာပြီဆိုကတည်းက ငါ့မိန်းမချုပ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ပြီး ထွက်လာတာဘာမှမပူနဲ့၊ အသကုန်ကဲမယ်၊ အခု ငါတို့ဘာလုပ်မလဲ"

"ဟေ့ကောင် . . . မင်းသတ္တိတွေ သိပ်ရှိနေပါလားကွ"

"ရှိတာပေါ့ ကျော်လင်းဆွေရာ၊ မင်းတို့တောင် ကဲပြီဆိုမှတော့ ငါလည်း ဒီလောက်တော့ သတ္တိရှိရမှာပေါ့၊ အခုချိန်ကစပြီး အိမ်ကဟာတွေ အကုန်မေ့တော့"

"ဟုတ်တယ် . . . ဟုတ်တယ်"

အောင်သန်းကျော်ရဲ့ တက်ကြွဖွယ်စကားသံကို အားလုံးက တညီတညွတ်တည်း ထောက်ခံပါတယ်။

"ဒါဆိုရင် အခုဘီယာဆိုင်ကောင်းကောင်းကိုရှာ၊ ပြီးမှ ဒီနေ့အတွက် ကျန်တဲ့ကိစ္စကို ဆက်ဆွေးနွေးမယ်၊ နက်ဖြန်တော့ ငါတို့ဆွေ့ယ်ဘဝကို ပြန်ရောက်သလိုမျိုး မျှော်စင်ကျွန်းထဲမှာ ဂစ်တာတီးတေး ပြီးတော့ ထမင်းတွေဟင်းတွေချက်ဖို့ ငါ့တူတွေကို ငါ့နှမနဲ့အတူ ခေါ်ခိုင်းမယ်၊ ဘာလုပ်မလဲ . . . တစ်ခါတလေ မြေကြီးပေါ်မှာတိုင်ကြီး

www.burmeseclassic.com



တိုတုန်းက ငယ်ဘဝလိုမျိုး စားကြတာပေါ့ကွာ"

"ဟုတ်ပါပြီ မြင့်ဖေရာ . . . ဒီအစီအစဉ်ကို မင်းက နက်ဖြန်အတွက် ကြိုက်သလိုလုပ်၊ နက်ဖြန်ရဲ့ ငါတို့ပိုင်တဲ့ အချိန်တွေအားလုံး မင်းကိုအပေါင်ထားလိုက်ပြီ၊ အားလုံး မင်းကြိုက်သလိုလုပ်ပေတော့"

"အေး . . . ဒါဆို အခုဆိုင်မှာ ကျသမျှကို တင်မြင့်ဦး . . . မင်းရှင်းဖို့လုပ်၊ ညကိစ္စကို ကျော်လင်းဆွေ ဒီနေ့အတွက် တာဝန်ယူ"

"ရတယ် . . . ကျော်လင်းဆွေတို့က ဒီလိုပွဲမျိုးကို နွဲချင်လို့ ဒီပြိုင်ပွဲကို စီစဉ်ထားတာ၊ တစ်ခုပဲ ဆိုင်မှာအခုကတည်းက မူးအောင်မလုပ်နဲ့၊ ပါးပါးလေးတင်ထားဖို့ အရေးကြီးတယ်"

အားလုံးက ဘာႏစကားမှမပြောဘဲ စားကောင်းသောက်ကောင်းမယ့်ဆိုင်ကို တစ်ယောက်တစ်မျိုး ပြောကြရင်းက နောက်ဆုံးမှာ ရန်ကုန်အပြည့်ပြည်ဆိုင်ရာလေဆိပ်နားက ဆိုင်တစ်ဆိုင်ကို ရွေးလိုက်ပါတယ်။

သောက်နေစားနေတဲ့ အချိန်မှာ အားလုံးတူညီနေတာက ဟမ်းဖုန်းကိုယ်စီကို စက်ပိတ်ထားပြီး အိမ်ကကိစ္စတွေမှန်သမျှကို မေ့ပစ်လိုက်တာပါပဲ။

❑

"နှစ်ကိုယ်တူချစ်သမျှတွေ × × × အလိုတူရှစ်ဆက်ကဲနေ × × × သူ့ကိုတစ်မိုးအောက် တစ်ယောက်သာထင်နေ × × × × × "

ကာရာအိုကေခန်းထဲမှာ အောင်သန်းကျော်တစ်ယောက် စုံတွဲတေးကို ကောင်မလေးတစ်ယောက်နဲ့ တစ်လှည့်စီဆိုလိုက်၊ ဘီယာကိုသောက်လိုက်နဲ့ နေ့လယ်က ပုံစံနဲ့ တစ်ခြားစီပါပဲ။





သက်နိုင်ကျပြန်တော့ ရောက်ကတည်းက ဘာသီချင်းမှဆို . . . သူနဲ့တွဲထိုင်တဲ့ ကောင်မလေးကို တကယ့်သမီးရည်းစားလေအလား ဘာ . . . တွေပြောနေသလဲမသိ။ အရက်သောက်ထားတဲ့ မျက်နှာကြီးက အဆိုင် . . . ပြီး ပြုံးပြုံး၊ ပြုံးပြုံးနဲ့ သဘောတွေ့၊ မနောတွေ့နေပါတယ်။

ကျော်လင်းဆွေနဲ့ တင်မြင့်ဦးတို့ကတော့ ကောင်မလေးအပေါ် . . . မခေါ်ဘဲ အရက်ကိုသာ လှိမ့်သောက်ရင်း လာကတည်းက မိုက်ကရိုဖုန်း . . . ကိုမချဘဲ တစ်ပုဒ်ပြီးတစ်ပုဒ် သီချင်းဆိုနေတဲ့ အောင်သန်းကျော်ကို ပါး . . . စပ်ကနေ မကျေမနပ်နဲ့ ပြောနေပါတယ်။

ဒီအချိန်မှာ မြင့်ဖေက နည်းနည်းမှမဟုတ်၊ တော်တော့်ကို ကောင်း . . . နေပြီထင်ရဲ့။ အောင်သန်းကျော်ဆိုနေတဲ့ မိုက်ကရိုဖုန်းကို ဆွဲလုလိုက်ပါ . . . တယ်။

"ဟေ့ကောင် မြင့်ဖေ . . . ဘာလုပ်တာလဲ"

"ဘာလုပ်တာလဲဆိုတော့ မင်းချည်းပဲဆိုနေလို့ကွ၊ တကယ်တည်း . . . ကွာ . . . ငါတို့အလှည့်ကို မရောက်တော့ဘူး"

အောင်သန်းကျော်က မရပါ။ မြင့်ဖေလက်ထဲက မိုက်ကိုလုယ . . . တယ်။ မြင့်ဖေကလည်း မပေးပါ။ တကယ်ပါ . . . ကလေးနှစ်ယောက် . . . ပစ္စည်းတစ်ခုကို လုနေတဲ့အတိုင်းပါပဲ။

"အစ်ကိုကြီးတို့နှစ်ယောက် တော်ပါတော့၊ ဟုတ်ပါတယ် . . . ဒီက အစ်ကိုကြီးက ဟိုအစ်ကိုကြီးကို ဒီတစ်ပုဒ်ပြီးရင် ပေးဆိုလိုက် . . .

"အိုကေ . . . ဒါ ဒီက ချာတိတ်ပြောလို့နော်"

အောင်သန်းကျော်တို့များ ဆန့်ကျင်ဘက်လိင် . . . ထောင်လိုက်ပုံက သူနဲ့တွဲထိုင်နေတဲ့ ကောင်မလေးရဲ့ . . . ဆွဲယူလိုက် . . . ပြီး ဆက်ဆိုနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး . . . တော်တော့၊ ဒီက အစ်ကိုကြီးကို ပေးဆိုလိုက်တော့ သမီးလည်း မော့ပြီ၊ coke နဲ့စားစရာ မှာလိုက်မယ်၊ ဟိုတစ်ယောက်လည်း ဘာမှမစားရသေးဘူး၊ အခန်းဝင်တာက နှစ်ဆက်ရှင်ဆိုတော့ ဆာပြီ"

"မှာ . . . မှာ . . . ကြိုက်တာမှာ"

အောင်သန်းကျော်က သူ့ငွေရှင်းရသည့်အလှား အတင်းစားစရာ သောက်စရာတွေကို မှာခိုင်းပါတယ်။ ပြီးတော့ သက်နိုင်နဲ့ရှိနေတဲ့ တစ်ယောက်ကိုပါ သူနဲ့သီချင်းဆိုနေတဲ့ ကောင်မလေးက လှမ်းပြီးချိတ်လိုက်ပါသေးတယ်။

"နှုတ်ဆက်ပြုံးနေသူ × × × နောက်လှည့်ကြည့်ကာ × × × မဟာဆန်သူရေ × × × ကြွေရှင်ရေ × × × မတားနဲ့တော့"

မြင့်ဖေက ဆိုနေရင်းကနေ ဘီယာတစ်ခွက်ကို မော့ချိန်မှာပဲ သက်နိုင်နဲ့ရှိနေတဲ့ ကောင်မလေးက ခဏဆိုပြီး အပြင်ထွက်သွားပါတယ်။ သက်နိုင်လည်း အခုမှ ဘီယာသောက်ဖို့ သတိရပြီး ဘီယာခွက်ထဲ ဘီယာပုလင်းထဲကနေ ငှဲ့ထည့်ပါတယ်။

"ကြာလိုက်တာကွာ . . ."

သက်နိုင်က ဘီယာနှစ်ခွက်လောက်ကုန်တဲ့အချိန်ထိ သူနဲ့တွဲထိုင်တဲ့ ကောင်မလေးက မလာသေးလို့ ပါးစပ်ကနေ ပွစိပွစိဖြစ်နေပါတယ်။ စားစရာတွေလာချလို့ အောင်သန်းကျော်နဲ့ တွဲထိုင်နေတဲ့ ကောင်မလေးက အောင်သန်းကျော်ကို အရင်ခွံ့ကျွေးပြီးမှ သူမက စားလိုက်လို့ အောင်သန်းကျော်ပီတိတွေ ဖြာသွားပါတယ်။

"ကိုကြီး . . . ရောက်ပြီ"

"ဘယ်သွားတာလဲ"





"ဖုန်းသွားဆက်တာပါ"

သက်နိုင်နဲ့တွဲထိုင်တဲ့ ကောင်မလေးက သက်နိုင်ရဲ့ဘေးဝင်ထိုင်စဉ် သက်နိုင်က စိတ်အလိုမကျသလိုမျိုးမေးလို့ အဲဒီကောင်မလေးက ပြုံးဖြဲပြီး ခေါက်ဆွဲကျော်ကို စားလိုက်ပါတယ်။

"ချယ်ရီ . . . ခဏ နည့်သည်"

စားနေသောက်နေတုန်း သက်နိုင်နဲ့ရှိတဲ့ ကောင်မလေးကို ဝန်ထမ်းတစ်ယောက်လာခေါ်လို့ ကောင်မလေးက ငေါက်ခနဲ ထွက်သွားပါတယ်။

"ကျော်လင်းဆွေ . . . ဆက်ဆိုကွာ"

သီချင်းနှစ်ပုဒ်လောက်ဆိုအပြီးမှာ မြင့်ဖေက ကျော်လင်းဆွေလက်ထဲ မိုက်ကရိုဖုန်းကမ်းပေးပါတယ်။

"တင်မြင့်ဦး လာကွာ . . . နှစ်ယောက်ဆိုမယ်"

"မဆိုဘူး . . . ငါကမယ်"

ကျော်လင်းဆွေလည်း 'နဂါးနီ' သီချင်းကိုဆိုတာ တင်မြင့်ဦးလည်း ကွေးနေအောင် ကပါတော့တယ်။ မြင့်ဖေလည်း ဘယ်နေပါ့မလဲ၊ မူးတာ မူးတော့ ကတာမှ ကွေးနေတာပါပဲ။

"ကိုကြီး . . . သမီးရောက်ပြီ"

"ညည်း ငါ့ကိုမညာနဲ့၊ တစ်ခြားခန်းမှာ ညည်းရဲ့ဧည့်သည်ရှိတယ် မဟုတ်လား၊ ညည်းဟိုဖက်ဒီဖက် အခန်းကူးနေတာ ငါသိတယ်"

"ကိုကြီးကလည်း . . ."

သက်နိုင်က သူ့နားရောက်လာတဲ့ ကောင်မလေးကို လက်ကိုင်ဆွဲထိုင်ခိုင်းပြီး ဒေါသနဲ့ပြောတာကို ဟိုက ပတ်ခွဲနှုပ်ချွဲအသံနဲ့ စိတ်ကြေ လုပ်နေပါတယ်။ ပြီးတော့ အဲဒီကောင်မလေးက စားလက်စတို့ ဆက်စား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါတယ်။ ဒီတစ်ခါတော့ ကုန်အောင်ကို စားတာပါ။

"အောင်သန်းကျော် . . . ဆိုဦးမလား"

"ကျော်လင်းဆွေ . . . မင်းက လုပ်ပြန်ပြီ၊ ဒီကောင့်လက်ထဲ မိုက်ကရိုဖုန်းထပ်ထည့်ပေးရင် မိုးလင်းသွားလိမ့်မယ်"

တင်မြင့်ဦးတားလို့မှ မဆုံးပါ။ အောင်သန်းကျော်လက်ထဲ မိုက်ကရိုဖုန်းက ရောက်နေပါပြီ။

"ဒီတစ်ခါတော့ မိဘကျေးဇူးဆပ်တဲ့ သီချင်းဆိုမယ်"

အောင်သန်းကျော်က သီချင်းတော်တော်ရပါတယ်။ တွံတေးသိန်းတန်ရဲ့ 'အမေ့ပါးက သနပ်ခါး' သီချင်းကို ဆိုပါတယ်။

"အောင်သန်းကျော်ရာ . . . မင်းကိုတော့ လေးစားတယ်ကွာ၊ မိဘကျေးဇူးဆပ်တာ ကောင်မလေးပုခုံးကိုင်ပြီး ကျေးဇူးဆပ်ရတယ်လို့ မင်းမိဘတွေ မြင်လို့ကတော့လားကွာ"

"ဟေ့ကောင် ကျော်လင်းဆွေ . . . ဘာပဲလုပ်နေနေ မိဘကို သတိရတာဟာ ကောင်းတာပဲ၊ ဟုတ်တယ် မဟုတ်လား"

အရေးထဲ အောင်သန်းကျော်က ကောင်မလေးပုခုံးကို ကိုင်ရင်းမှ 'တွဲဘော' ညှိလိုက်ပါသေးတယ်။ ဟိုကလည်း ခေသူမဟုတ်ပါ။

"ဟုတ်တယ် အစ်ကိုကြီးရဲ့၊ သမီးလည်း မိဘကို လုပ်ကျွေးနေရတဲ့သူပါ၊ မောင်နှမတွေကလည်း အများကြီး၊ သူတို့ ဒီအလုပ်လုပ်တာ မသိဘူး၊ သမီးက အကြီးဆိုတော့ သမီးလုပ်စာကို မှီခိုနေကြတာ၊ ဒါပေမဲ့ သမီးကျေနပ်ပါတယ်၊ မိဘကျေးဇူးဆပ်နေတာပဲလို့၊ အစ်ကိုကြီးတို့လို လူတွေပေးတဲ့ မုန့်ဖိုးတွေစုပြီး အိမ်ကိုငွေပို့နေရတာ၊ ဒါပဲနော် . . . သမီးကို မုန့်ဖိုးပိုပေးရမယ်"

"ပေးရမှာပေါ့ . . . စိတ်ချ"





အောင်သန်းကျော်တော့ ကျုံးသွင်းခံရပြီလို့။ တင်မြင့်ဦးတော . . .

"ဟေ့ကောင် . . . အဲဒါကျတော့ ကျော်လင်းဆွေနဲ့မဆိုင်ဘူး မင်းကိစ္စမင်းရှင်းနော်"

"အေးပါကွာ . . . မိဘကျေးဇူးဆပ်တာပဲဟာ ကုသိုလ်ရပါတယ်"

အောင်သန်းကျော်က ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောရင်းက တွံတေးသိန်းတန်သီချင်းကိုဆိုရင်း မိဘကျေးဇူးအပီအပြင် ဆပ်နေပါတယ်။

မနက်တစ်နာရီထိုးလောက်မှ ကာရာအိုကေဆိုင်က ပြန်လာပါတယ်။ မြင့်ဖေ၊ အောင်သန်းကျော်နဲ့ သက်နိုင်ကို အိမ်အသီးသီးလိုက်ပို့ပြီး တည်းခိုတဲ့ဟော်တယ်ကိုရောက်တော့ မနက်နှစ်နာရီကျော်နေပါပြီ။

တစ်နေ့လုံး ကဲခဲ့သမျှ မောမောနဲ့ အိပ်ယာပေါ် ပစ်လှဲတာ ဘယ်အချိန်အိပ်ပျော်သွားမှန်း ကျော်လင်းဆွေနဲ့ တင်မြင့်ဦးတို့ လုံးဝမသိ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

'အင်ဒီဝါးဟိုး' က

သူ့ကမ္ဘာမှာ

သူ့အနုပညာဖန်တီးမှုတွေနဲ့

သူပျော်ခဲ့ဖူးပါတယ်။

ကိုယ်တွေကလည်း

ကိုယ့်ကမ္ဘာမှာ

ကိုယ့်စားသုံးမှုတွေနဲ့ ကိုယ်ပျော်

ဒုတိယနေ့ကတော့

လူငယ်ဘဝအစနေ့ရက်တွေလိုပါပဲ။

## အခန်း (၇)

တဲတားထိုးထားတဲ့ ကျွန်းကလေးပေါ်မှာ မြက်ဖျာခင်းထားပြီး မြက်ဖျာပေါ်မှာက ထမင်းပန်းကန်တွေကော ဟင်းခွက်တွေကော ဘီယာပုလင်းတွေကော အရက်ပုလင်းတွေကော စုံနေတာပါပဲ။ တနင်္ဂနွေနေ့ဆိုတော့လည်းဖြစ်ပြန် ရာသီဥတုကလည်း သာယာလို့လားမသိ။ မျှော်စင်ကွန်း ထဲမှာ အပန်းဖြေသူတွေက တော်တော်များပါတယ်။ ဟိုးစားသောက်ဆိုင် တွေဖက်မှာတောင် ဗွီဒီယိုရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့က ဗွီဒီယိုရိုက်လို့ကောင်း နေပါတယ်။

"သက်နိုင် . . . ဂစ်တာကို ပြီးမှတီးကွာ၊ လာ . . . [illegible] ကို ပြန်တင်ရအောင်"

မြင့်ဖေက အရက်ခါက်တွေထဲ အရက်တို ငှဲ့ထည့်[illegible] ဂစ်တာတီးဖို့လုပ်နေတဲ့ သက်နိုင်ကို လှမ်းသတိပေးပါတယ်။

"အောင်သန်းကျော် . . . ဒီမနက်ကျတော့တော့ [illegible]

www.burmeseclassic.com



က တယ်သဘောကောင်းပါလားကွ၊ ဘာပြဿနာမှ မရှာဘဲ လွှတ်လိုက်ပါလား"

တင်မြင့်ဦးစကားကြောင့် အောင်သန်းကျော်က ရယ်လိုက်ပါတယ်။

"လွှတ်ရမှာပေါ့ကွာ၊ ငါက မိန်းမပါးစပ်ပေါက်ကို ပွစိပွစိမလုပ်နိုင်အောင် ပိတ်ခဲ့တာကိုးကွ"

"လုပ်စမ်းပါဦး . . . မင်းရဲ့လေသံတွေ ဒီလောက်မာနေတာ"

ကျော်လင်းဆွေက အရက်ကို မော့သောက်လိုက်ပြီးမှ ကြက်သားနှင့် ဘူးသီးဟင်းကို မြည်းလိုက်ပါတယ်။ ကြက်သားနဲ့ ဘူးသီးကို မြင့်ဖေရဲ့တူတွေက ဘယ်လိုလက်စွမ်းပြချက်ပေးသလဲမသိ ချိုပြီး အရသာကဘာရှိသလဲ မမေးပါနှင့်။

"ငါ့မိန်းမနုနုစိန်က မနက်တစ်နာရီကျော်မှ ပြန်ရောက်တော့ ငါ့ကို ရန်ဖြစ်ဖို့ အချိန်မရှိဘူး၊ ဒီမနက်မိုးလင်းတော့ ပြဿနာရှာမယ့်အလုပ်မှာ သူ့ညီမတစ်ယောက်ကို ဒဂုံတက္ကသိုလ်မှာ ကျောင်းတက်နေတာ တစ်ကျပ်သားရွှေဆွဲကြိုးတစ်ကုံး ဝယ်ပေးလိုက်လို့ပြောတော့ တစ်ခါတည်း ရုပ်ကပြောင်းပြီး သွားလေ . . . သူငယ်ချင်းတွေ စောင့်နေမှာပေါ့နဲ့ လွှတ်တာဗျ"

အောင်သန်းကျော်က သူ့စကားသူ သဘောကျပြီး ရယ်ရင်းက အရက်ကိုသောက်ပြီး ဘူးသီးနဲ့ ကြက်သားနဲ့ကို မြည်းလိုက်ပါတယ်။

"မြင့်ဖေ . . . မင်းတူတွေချက်တဲ့ ဘူးသီးနဲ့ကြက်သားက တော်တော်ကောင်းတာပဲကွ၊ ဟင်းရည်ကလည်း သောက်ရတာ ချိုနေတာပဲ"

"ဒီကောင်တွေက လမ်းထဲမှာ ဒီလိုပဲ သူငယ်ချင်းတွေနဲ့ ချက်စားနေကြလေ၊ ကဲ . . . လာဟော့၊ ဒီဘလက်ခ်လေဘယ်လ်တစ်ပုလင်း





ကုန်အောင် ဖြိုရအောင်"

မြင့်ဖေစကားအဆုံး အားလုံးဝိုင်းဖွဲ့ပြီး သောက်လိုက်၊ ကြက်သားနှင့် ဘူးသီးကိုမြည်းလိုက်၊ စကားပြောလိုက်နဲ့ ဒုတိယနေ့မြောက် လူပျိုဘဝအရသာကို အပီအပြင် ခံစားနေကြပါတယ်။

လေကလည်း တိုက်လာတဲ့အခါမှာ ငါးယောက်သား စားထား သောက်ထားတာတွေက တဖြည်းဖြည်း အရှိန်တက်လာပါတယ်။

"တင်မြင့်ဦး . . . မင်းနဲ့ငါနဲ့ ဝယ်လာတဲ့ ဘလက်ခ်လေဘယ်လ်က 'အင်'များဖြစ်နေလား မသိဘူး၊ တော်တော်မူးတယ်"

ကျော်လင်းဆွေပြောစကားကြောင့် တင်မြင့်ဦးက သောက်လက်စအရက်ကို ကုန်အောင်သောက်လိုက်ပြီး ကျော်လင်းဆွေမျက်နှာကို ကြည့်လိုက်ပါတယ်။

ဘာရယ်ကြောင့်လည်းတော့ မသိ။ တင်မြင့်ဦးရဲ့စိတ်ထဲမှာ ပေါ့ပါးနေသလို၊ ကျင်သလိုလိုဖြစ်ရင်းက ကျော်လင်းဆွေရဲ့မျက်နှာကိုကြည့်ပြီး ရယ်ချင်လာပါတယ်။ ဒါကြောင့် တင်မြင့်ဦးက ကျော်လင်းဆွေကို သတ်ညှိုးထိုးရင်း . . .

"ဟား! . . . ဟား! . . . ဟား! . . . ဟား! . . ."

"ဟေ့ကောင် တင်မြင့်ဦး . . . ဘာလို့ရယ်တာလဲ"

"ကျော်လင်းဆွေ . . . မင်းက ရယ်စရာကောင်းနေလို့"

"ဟေ့ကောင် နှစ်ကောင်၊ မင်းတို့မျက်နှာတွေကလည်း ရယ်ဖို့ကောင်းနေတယ်"

သက်နိုင်ကလည်း ကျော်လင်းဆွေနဲ့ တင်မြင့်ဦးတို့ကြည့်ပြီး ပြောရင်း လက်ညှိုးထိုးကာ . . .

"ဟား! . . . ဟား! . . . ဟား! . . . ဟား! . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟား! . . . ဟား! . . . ဟား! . . . ဟား! . . ."

ကျန်တဲ့ မြင့်ဖေနဲ့ အောင်သန်းကျော်ကလည်း ဟိုလူ့လက်ညှိုး ထိုး ဒီလူ့လက်ညှိုးထိုးနဲ့ ငါးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ရယ်နေတာ အသံတွေက ကျယ်လွန်းလို့ သူတို့တွေချည်းပဲရှိတဲ့ အတိုင်းပါပဲ။ သူတို့အနားမှာ ဆော့နေတဲ့ ကလေးတွေကတောင် ထူးဆန်း သလိုမျိုး ဝိုင်းကြည့်နေကြပါသေးတယ်။

"ဟော့ကောင်တွေ မဟုတ်သေးဘူး၊ တစ်ခုခုပဲ မဟုတ်မှလွဲရော မြင့်ဖေရဲ့တူတွေ ဘူးသီးနဲ့ ကြက်သားရောချက်တဲ့ ကာလသားဟင်းထဲမှာ ဆေးခြောက်တွေ ထည့်ချက်တယ်ထင်တယ်၊ အရက်နဲ့တော့ နှစ်ပင်လိမ်ပြီ"

ရယ်တာကို ကျော်လင်းဆွေက ရပ်တန့်ရင်းမှ သူ့ထင်မြင်ချက် ကို ပြောပေမယ့် ကျန်တဲ့သူငယ်ချင်းလေးယောက်က အရယ်မရပ်သေး ပါ။

"ဟော့ကောင်တွေ ထန်းပင် မင်းတို့တက်တတ်လား"

မြင့်ဖေက ရယ်နေသူတွေကို ပြောရင်းမှ သူ့ရှေ့တည့်တည့်မှာ မြင်နေရတဲ့ သစ်ပင်လေးတစ်ပင်ကို လက်ညှိုးထိုးပြပါတယ်။

"ဘယ်ကသာ ထန်းပင်ရမှာလဲ၊ အခုမှစိုက်ထားလို့ အပင်က နည်းနည်းပဲ ကြီးသေးတယ်"

အောင်သန်းကျော်က ငြင်းပါတယ်။ ဒါကို မြင့်ဖေက . . .

"ဘာဖြစ်လို့ ထန်းပင်မဟုတ်ရမှာလဲ၊ အဲဒီထန်းပင် ငါတက်ပြ မယ်"

မြင့်ဖေက ပြောပြောဆိုဆိုနဲ့ ပုဆိုးကို ခါးတောင်းကျိုက်လိုက်ရင်း က အဲဒီအပင်ငယ်လေးဆီ ပြေးသွားပြီး အပင်ကိုခွကာ ထန်းပင်တက် သလိုမျိုး လုပ်နေပါတယ်။





"ဟော့ကောင်တွေ အပင်က တော်တော်မြင့်တာပဲ"

မြင့်ဖေက ဘာမှမရှိတဲ့ မိုးကောင်းကင်ကိုကြည့်ပြီး အော်ပြော လိုက်ပါတယ်။

"မြင့်ဖေ . . . ပြန်ဆင်းခဲ့၊ အပင်ပေါ်က ပြုတ်ကျလို့ လတ်ကျိုး ခြေကျိုး၊ တော်ကြာ ရေဝေးရောက်သွားမယ်"

တင်မြင့်ဦးက တကယ့်ကို စိုးရိမ်တကြီးနဲ့ အော်ပြောနေပါတယ်။

"ရတယ် . . . ကျွမ်းပြီးသား"

မြင့်ဖေက ထန်းပင်တက်နေသလိုမျိုး ဆက်လုပ်နေပြန်ပါတယ်။ အဲဒီမြင်ကွင်းကို မြင်တွေ့နေရတဲ့ အနီးအနားမှာ ဆော့ကစားနေတဲ့ ကလေးတွေက ဆက်တောင်မကစားနိုင်တော့ဘဲ မြင့်ဖေကို ထူးဆန်း သလိုကြည့်ပြီး ရယ်နေတာ သူတို့သာမက ကလေးတွေရဲ့မိဘတွေကလည်း လူကြီးတွေတော့ မူးပြီး လုပ်ချင်တာလုပ်နေကြပြီလို့ မြက်ဖျာပေါ်မှာချ ထားတဲ့ အရက်ပုလင်းတွေ စားစရာသောက်စရာတွေကိုကြည့်ပြီး ကောက် ချက်ချနေကြပါတယ်။

"မြင့်ဖေ . . . မင်းဆင်းလို့ မရတော့ဘူးလား၊ နေ . . . ဆောဒီ ဆောင်တန်းကြီးတွေကို ငါကျော်ပြီး လာကယ်မယ်"

မြင့်ဖေက သစ်ပင်လေးကို ခွနေတာကြည့်ပြီး အောင်သန်းကျော် က သူ့မျက်စိထဲမှာ ဘယ်လိုမြင်သွားလို့လဲ မသိပါ။ ထိုင်ရာမှ အမြန်ထ ကာ မြက်ခင်းပြင်ပေါ်မှာ တန်းကျော်ခုန်ပြိုင်ပွဲဝင်သလိုမျိုး ကျော်ပြီး ခုန်သွားနေပါတယ်။ ပါးစပ်ကလည်း အငြိမ်မနေပါ။

"မြင့်ဖေ . . . သေသေချာချာကိုင်ထား၊ ငါလာကယ်ပြီ ငါလာ နေပြီ"

အောင်သန်းကျော် မြက်ခင်းပြင်ပေါ်မှာ အောင်သန်းရင် ကျော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခုန်လွှားနေတာကို ကြည့်နေတဲ့ ကလေးတွေက အောင်သန်းကျော်နား ဝိုင်းလာပါတယ်။

"မြင့်ဖေ . . . ငါ့နားမှာ စစ်ကူတွေတောင် ရောက်လာပြီ၊ ငါ့လက်ကို လှမ်းဆွဲလိုက်"

သစ်ပင်ကိုခွထားပြီး အပင်ပေါ်တက်သလိုမျိုးလုပ်နေတဲ့ မြင့်ဖေလက်ကို အောင်သန်းကျော်လှမ်းဆွဲတာ အရှိန်လွန်ပြီး နှစ်ယောက်သား မြက်ခင်းပေါ် လဲကျသွားပါတယ်။

"ဘာမှမဖြစ်ဘူး မဟုတ်လား"

"ဘာမှမဖြစ်ဘူး . . . တော်သေးတာပေါ့ကွာ"

မြင့်ဖေနဲ့အောင်သန်းကျော် တစ်ယောက်နှင့်တစ်ယောက်ကြည့်ပြီး ပြောရင်းက ရယ်ကြပြန်ပါတယ်။

ဒီအချိန်မှာပဲ လက်ထဲမှာ ဂစ်တာကို ကိုင်ထားတဲ့ သက်နိုင်က ဘာစိတ်ကူးပေါက်လာတယ် မသိ။ လက်တစ်ဖက်က အရက်ခွက်ကိုကိုင် ကျန်တဲ့လက်တစ်ဖက်က ဂစ်တာကို ဖက်ထားလိုက်ပြီး . . .

"မသီတာ . . . ဒီအရက်ကို ငါသောက်ချင်လို့ သောက်တယ် များမှတ်နေလား၊ အချစ်နဲ့ စစ်မှာမတရားတာ မရှိဘူးဆိုပေမယ့် ငါဒီစစ်ပွဲမှာ ရှုံးခဲ့တယ် မသီတာ၊ ငါ့ရဲ့အလွမ်းတွေကို စမ်းရေထဲမှာ ငါမျှော်လိုက်ပြီ၊ သမုဒယနှောင်ကြိုးတွေနဲ့ မင်းငါ့ကို ရစ်ပတ်ချင်နေတာလား မသီတာ မရဘူး . . ."

ရုပ်တရက်ဆိုသလို ဆတ်ခနဲ သက်နိုင်က ထလိုက်ပါတယ်။ ပြီးတော့ အရက်ကို တစ်ခါတည်းမော့ချတာ မျက်နှာကြီးနီရဲလာပါတယ်။

"သက်နိုင် . . . ပေါက်ကွဲပစ်လိုက်စမ်း၊ ရင်ဖွင့်လိုက်စမ်း"

ကျော်လင်းဆွေက သက်နိုင်ကိုကြည့်ပြီး အော်ပြောပါတယ်။





"ရင်ဖွင့်မယ်၊ သက်နိုင်ဆိုတဲ့ငါ စကြဝဠာကို တိုင်တည်ပြီး ရင်ဖွင့်မယ် မသီတာ၊ ဆန့်ကျင်ချင်တယ်ဆိုရင် ကမ္ဘာ့ဒ ပြင်ကိုထွက်ခဲ့၊ ဘာ . . . မင်းက အခုမှ ကြောက်နေပြီဟုတ်လား"

သက်နိုင်က ဂစ်တာကို လက်မှကိုင်မြှောက်ရင်းက ကြည့်နေတာ လောကကြီးမှာ သူတစ်ယောက်တည်း ရှိနေတဲ့အတိုင်းပါပဲ။

"အသည်းခွဲသွားတဲ့ မိန်းမ၊ မင်းကို ငါကမ္ဘာမကြေဘူး၊ ငါ့အသွေးအသားခန္ဓာရှိသရွေ့ မုန်းတီးခြင်းတွေကို လက်စားချေပြမယ်၊ ဒါပေမယ့် သီတာ ငါလွမ်းတယ် . . . လွမ်းတယ်"

သက်နိုင်လေသံက ပျော့သွားပြီး ထိုင်ချလိုက်ပါတယ်။ ပြီးတော့ လက်ထဲမှာကိုင်ထားတဲ့ ဂစ်တာကို ထပ်ကြည့်ပြီး . . .

"ငါငိုမယ် . . . အားရပါးရ . . . မသီတာ . . . ငါငိုပါစေ"

"ဟီး! . . . ဟီး! . . . ဟီး! . . ."

သက်နိုင်တစ်ယောက် အားရပါးရ ငိုပြန်ပါတယ်။ သက်နိုင်ကို မြင့်ဖေနဲ့ အောင်သန်းကျော်ကကြည့်ပြီး တစ်ယောက်နဲ့တစ်ယောက် ခေါင်းခါလို့နေပါတယ်။

"ဟော့ကောင်တွေ ပင်လယ်ကြီးကို ကြည့်လိုက်စမ်း၊ လှိုင်းသံတွေ ကြားရပါလားကွ"

သက်နိုင်တစ်ယောက် ငြိမ်သွားပြန်တော့ တင်မြင့်ဦးက ဘယ်ကို ပြန်လာပြန်တယ် မသိပါ။ သူတို့ရှိနေတဲ့နားက ရေပြင်ကိုကြည့်ပြီး ပြောလိုက်တော့ ကျန်တဲ့လေးယောက်က ရေပြင်ကို ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ကျော်လင်းဆွေက . . .

"လှိုင်းတွေဘာတွေမရှိဘဲ ငြိမ်နေတော့ ရေကူးလို့ကောင်းတာပေါ့ တင်မြင့်ဦး . . . မင်းနဲ့ငါနဲ့ ရေကူးပြိုင်မလား၊ မင်း ငါ့ကို နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး"

"ဟေ့ကောင် ကျော်လင်းဆွေ၊ ငါက မြောင်းမြသားကွ၊ ကြိုက်ပြီ . . . ဘာကြေးလဲ . . . စိမ်လိုက်"

"ဒီလိုလား . . . ရတယ်၊ မင်းအကျီချွတ်လိုက်"

"ချွတ်တယ်ကွာ"

တင်မြင့်ဦးနဲ့ ကျော်လင်းဆွေတို့နှစ်ယောက်သား အကျီတွေ ပြိုင်တူချွတ်လိုက်ပြီး မြက်ခင်းပေါ် ပုံချထားလိုက်ပါတယ်။

"ကဲ . . . လာ . . . ဝမ်း . . . တူး . . . သရီး"

"ဗွမ်း . . ."

"ဟေး! . . . ဟေး! . . . ဟေး! . . . ဖြောင်း! . . . ဖြောင်း!"

ကျော်လင်းဆွေက တင်မြင့်ဦးလက်ကိုဆွဲပြီး နှစ်ယောက်သား ပြေးသွားပြီး ရေထဲကို ခုန်ချလိုက်ပါတယ်။ ဒါကို ကျန်တဲ့သုံးဦးက အော်ဟစ်ရင်းမှ လက်ခုပ်တွေဝိုင်းတီးတာ အနီးနားက လူတွေကပါ ဝိုင်းကြည့်ပြီး သူတို့ငါးယောက်တော်တော်မူးနေပြီဆိုတာ သိလိုက်ကြပါတယ်။

"ပင်လယ်ကြီးက အကျယ်ကြီးပဲဟေ့"

"တင်မြင့်ဦး . . . ရှေ့သိပ်မတိုးနဲ့၊ ဒီနားမှာပဲ ကူး၊ ငါးမန်းတွေ ဘာတွေ လာနေဦးမယ်"

"အေး . . . အေး"

ကျော်လင်းဆွေသတိပေးတာကို တင်မြင့်ဦးက ပြန်ပြောရင်း ကျော်လင်းဆွေအနားကို ရေကူးလာပါတယ်။

"ဟေ့လူတွေ . . . မကြီးမငယ်နဲ့ ဘာလို့ရေကူးတာလဲ၊ ရေမကူးရဘူးလေဗျာ၊ အကုန်သေကုန်မယ်၊ အပေါ်ကိုတက်၊ ခင်ဗျားတို့ကို ဖမ်းလို့ရတယ်နော်"





ကျော်လင်းဆွေနဲ့ တင်မြင့်ဦးတို့နှစ်ယောက်သား ရေကူးနေတာကို ကမ်းခြေလုံခြုံရေးဝန်ထမ်းတွေက မြင်သွားပြီး ပြေးလာကာ သတိပေးပါတယ်။

"ပင်လယ်ထဲမှာ လှိုင်းမကြီးလို့ ရေကူးပြိုင်ဖို့ဟာ မလာဘူးဗျာ" တင်မြင့်ဦးက ရေထဲကနေ ပြန်ပြောပါတယ်။

"ဘာပင်လယ်လဲ၊ ဘာလှိုင်းတွေလဲ၊ ခင်ဗျားတို့ မူးနေတယ်ထင်တယ် . . . ပြန်တက်ခဲ့ပါ၊ ရေက ရေသေကြီး . . . နစ်ကုန်မယ်၊ မူးနေတာ အနံ့နာယ်များတယ်၊ ခင်ဗျားတို့ မတက်လာရင် ရဲခေါ်ပြီး ဖမ်းခိုင်းမှာနော်"

လုံခြုံရေးဝန်ထမ်းတစ်ဦးက စိတ်မရှည်သလိုမျိုးလေသံနဲ့ အော်ပြောပါတယ်။

"တင့်မြင့်ဦး . . . ပင်လယ်ထဲကနေ ပြန်တက်မယ်ဟေ့၊ မဏိမေခလာနတ်သမီးရဲ့ ပီအေတွေက အမိန့်ပေးနေပြီ"

"ဟေ . . . ဟုတ်လား"

ကျော်လင်းဆွေစကားကြောင့် လုံခြုံရေးဝန်ထမ်းတွေက ပြုံးလိုက်ပါတယ်။ ကျော်လင်းဆွေနဲ့ တင်မြင့်ဦးတို့က ရေထဲကနေ ပြန်တက်လာပါတယ်။

"ခင်ဗျားတို့ ရေဆက်မကူးနဲ့တော့နော်၊ ဒီတစ်ခါထပ်တွေ့ရင် ဖမ်းမှာ၊ ဘာမှတ်လဲ"

လုံခြုံရေးဝန်ထမ်းတွေက သူတို့ငါးယောက်နားတနေ ထွက်သွားပါတယ်။

"ဒီမဏိမေခလာနတ်သမီးရဲ့ ပီအေတွေကို အရှက်ထောင် ခေါ် ထိုက်လိုက်ရဘူး၊ ဆက်သောက်မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းဆွေက ပြောရင်းမှ အရက်ပုလင်းထဲက အရက်ကို ငှဲ့လိုက်ပါတယ်။ သူ့လိုပဲ ကျန်တဲ့သူတွေလည်း အရက်ပုလင်းသစ်ကိုဖွင့် ပြီး သောက်လိုက်အော်လိုက်ဟစ်လိုက်နဲ့ သူတို့ငါးယောက်ပဲ ရှိနေတဲ့အတိုင်း ပါပဲ။

အရက်ပုလင်းလည်း ကုန်ရော သူတို့ငါးယောက်စလုံး အတော် မူးပြီး မြက်ဖျာပေါ်မှာ ပိုးလိုးပက်လက်နဲ့ အိပ်ပျော်ကုန်တာ ညမိုးချုပ်ခါ နီးမှ နိုးပါတော့တယ်။

"ဟော့ကောင်တွေ သိမ်းစရာရှိတာတွေ မြန်မြန်သိမ်းမယ်၊ မြင့်ဆေ ရဲ့တူတွေ ဘူးသီးနဲ့ကြက်သားထဲ ဆေးခြောက်ထည့်ချက်တယ်ထင်တယ် အရက်နဲ့ရောသွားပြီး ငါတို့မူးကုန်တာ ဘာဖြစ်လဲ မသိတော့ဘူး၊ တစ်ခုခု ဖြစ်ရင်တော့ ရှက်စရာချည်းကွာ"

ကျော်လင်းဆွေက ကျန်လေးယောက်ကိုပြောပြီး သိမ်းစရာရှိ တာတွေသိမ်းကာ ပန်းခြံထဲကနေ ငါးယောက်သား အမြန်ထွက်လာခဲ့ကြ ပါတယ်။ ဒုတိယနေ့မှာ တစ်နေ့လုံး ဘာတွေဖြစ်သလဲဆိုတာ မမှတ်မိ တော့တာက အမှန်ပါပဲ။

❑ ❑ ❑

တစ်နေ့တာမှာ
ရုပ်ရှင်၊ ဝတ္ထုဆန်ဆန်
အဖြစ်အပျက်တွေဆိုတာ
ရှိကိုရှိတာပေါ့။
ဘာပဲလုပ်လုပ်
အချိန်တန်ရင်
ကိုယ့်ဝပ်ကျင်းကို ပြန်သတိရတာပါပဲ။
တတိယနေ့မှာမှ တွေးမိတာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကိုယ့်ယောက်ျားသားတွေ မရှိမှဘဲ အခုလို လှလှပပဝတ်စား ဆင်ယင်ပြီး ကိုယ့်ကိုယ်ကို ငုဝါခိုင်ကော မိမိသွင်ပါ ကျေနပ်နေပါတယ်။ ငုဝါခိုင်က ဒီနေ့မှ ဘာစိတ်ကူးပေါက်သလဲမသိ။ မိမိသွင့်ကို နေ့လယ်စာ လိုက်ကျွေးမယ်ဆိုပြီး ချိန်းပါတယ်။ ဒါနဲ့ မျှော်စင်ကျွန်းထဲက Fun စား သောက်ဆိုင်ကိုပဲ ချိန်းလိုက်လို့ ရောက်လာကြရင်း စားလိုက်စကားပြော လိုက်နဲ့ ရှိနေပါတယ်။

"အိမ်ကလူတွေများ တစ်ပတ်လောက် လွှတ်ပေးလိုက်တာ ဘယ် ရောက်ဘယ်ပေါက်လို့ ဘာတွေလုပ်နေကြလဲ မသိဘူး၊ ဖုန်းလေးဘာလေး တောင် မဆက်ဘူး မိမိသွင်ရယ်"

"အမယ်လေး မဆက်တာ ကောင်းတယ်၊ အခုဆို ကြည့် . . . ကလေးတွေလည်း သူတို့အဘိုးအဘွားအိမ်ရောက်နေ၊ ကိုယ့်မှာတစ်ယောက် တည်း ဘာတာဝန်မှမရှိဘူး၊ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်





အခုမှပဲ နေရတယ်၊ ရတုန်းရခိုက် စားပြီးသောက်ပြီးရင် ဘုရားလေးဘာ လေးသွားပြီး ပုတီးစိပ်ဦးမယ်၊ ပုတီးတော့ ပိုက်ဆံအိတ်ထဲ ထည့်လာ တာပဲ၊ ကုသိုလ်တော့ ရသလောက်ယူရမှာပဲ"

မိမိသွင်က သူ့စကားသူ သဘောကျပြီး ရယ်ရင်းက စားလက်စ ကို ဆက်စားနေပါတယ်။

"အဲဒါထက် အခုလို လှလှပပဝတ်စားပြီး အပျိုလိုမျိုးထွက်လာ တာ မထင်မှတ်ဘဲ အိမ်ကလူတွေ့လို့ကတော့ ဘာပြောမလဲမသိဘူး"

"ပြောစရာ မလိုပါဘူး၊ မိန်းမဆိုတာ လှလှပပဝတ်မယ်၊ ခြယ်သ ယ်ဆိုရင် ယောက်ျားသားတွေက သဘောကျပြီးသား၊ တို့လိုမိန်းမသား တွေက လှနေဖို့ အရေးကြီးတယ်၊ မလှမပ မဝတ်မစားလို့က ဒီလိုခေတ် ကြီးမှာ အလန်းလေးတွေနောက် ပါကုန်မှာ၊ အိမ်မှာတောင် သားကို ဘာသာပြပေးတဲ့ဂိုဒ်က ကိုကျော်လင်းဆွေကို ဆွဲစားမလို့လုပ်တာ ဟိုက ရှောင်နိုင်လို့၊ ငါ့ကို သူက သတိပေးတာနဲ့ ကြည့်ကောင်းအောင်ပြောပြီး ဆီးခိုင်းလိုက်ရတယ်"

"ဒါမျိုးတွေလည်း ရှိတတ်တာပေ့ါ မိမိသွင့်ရယ်"

အဲဒီနောက်တော့ သူတို့နှစ်ယောက် ဘာစကားမှမပြောတော့ဘဲ အစားတို့သာ ဆက်စားနေပါတယ်။

"ငုဝါခိုင် . . . တစ်နာရီတောင် ထိုးတော့မယ်၊ နင်ဘယ်သွား ဦးမလဲ သွားစရာမရှိရင် ငါနဲ့ဘုရားလိုက်ခဲ့မလား"

စားသောက်ပြီးသွားတဲ့အခါ မိမိသွင်က ငုဝါခိုင်ကိုမေးလိုက် . . .

"မလိုက်တော့ဘူး . . . နင်သွားချင်သွားလေ၊ ငါ ဒီမှာပဲ ခဏနေ ပြီး အေးအေးဆေးဆေးမှပြန်မယ်၊ ဒီမျှော်စင်ကျွန်းထဲ အသစ်တွေဘာတွေ ရောက်နေသလား လျှောက်ကြည့်လိုက်ဦးမယ်၊ တွေ့တော့လည်း စကားလေး

www.burmeseclassic.com



ဘာလေး ပြောရတာပေါ့"

"ဒါဆိုပြီးရော ငါသွားမယ်၊ ကိစ္စရှိရင် ဖုန်းထိုးလိုက်"

မီမီသွင်က ငုဝါခိုင်ကိုနှုတ်ဆက်ပြီး ဆိုင်ရှေ့မှာ ရပ်ထားတဲ့ကား ကိုမောင်းပြီး ထွက်သွားပါတယ်။

ငုဝါခိုင်လည်း ကျသင့်ငွေကိုရှင်းပြီး Fun ဆိုင်ထဲကနေထွက်လာ ပြီး ကားစက်နှိုးကာ မောင်းထွက်ရင်းက မျှော်စင်ကျွန်းထဲမှာ ကားကို ပတ်မောင်းပြီး အသိတွေ့များတွေ့မလား ရှာနေမိပါတယ်။

အသိတွေကို ရှာမတွေ့တော့လို့ ကားကိုရပ်ပြီး ငုဝါခိုင်ကား တံခါးဖွင့်ပြီး ဆင်းလိုက်တယ်။ အိမ်မပြန်သေးဘဲနဲ့ မြင်နေရတဲ့ ထိုင်ခုံ တန်းလျားလေးမှာ ခဏထိုင်မယ်ဆိုပြီး အဲဒီနားမသွားခင် ကားရဲ့နောက် ကြည့်မှန်မှာ ကိုယ့်ရုပ်ကို ကိုယ်ပြန်ကြည့်ပြီး ကျေနပ်သလိုဖြစ်သွားရင်းက ငုဝါခိုင်ရင်ဘတ်မှာ ချိတ်ထားတဲ့ နေကာမျက်မှန်ကို ပြန်တပ်ပြီး ကား နောက်ကြည့်မှန်မှာ ကိုယ့်ရုပ်ကိုယ် ပြန်ကြည့်ပြန်ပါတယ်။

အဲဒီအချိန်မှာ တစ်စုံတစ်ယောက်က သူမကို ဓါတ်ပုံရိုက်နေတာ မြင်လိုက်ရလို့ ငုဝါခိုင်ရှက်သလို ဖြစ်သွားရင်းက ဒေါသလည်း ထွက်ချင် သလို ဖြစ်သွားပါတယ်။

"Sorry မ . . . မကို ခွင့်မတောင်းဘဲ ဓါတ်ပုံရိုက်မိလို့ ခွင့်လွှတ် ပါ"

ကင်မရာကိုင်ထားတဲ့ ကိုရီးယားမင်းသားတွေ ဝတ်စားထား သလိုမျိုး ဝတ်ဆင်ထားတဲ့ လူငယ်တစ်ဦးက သူမအနားရောက်လာရင်း





တဲ တောင်းပန်စကားပြောပါတယ်။

"မင်းဘာဖြစ်လို့ တို့ပုံကို ဓါတ်ပုံရိုက်တာလဲ၊ မင်းခွင့်တောင်းပြီး မှ ရိုက်လို့ရမယ်ဆိုတာ မသိဘူးလား"

"ဟုတ်ပါတယ် . . . ဒါပေမယ့် စောစောက မက မျက်မှန်တပ် လိုက်တာက သဘာဝကျတဲ့ Live ပုံမျိုးဖြစ်လို့ရယ်၊ နောက်ခံ Light- ing ရယ်၊ ကားရဲ့အရောင်နဲ့က ဟာမိုနီဖြစ်လို့ ဓါတ်ပုံရိုက်မိတာပါ၊ ဪ . . . ဒါနဲ့ ကျွန်တော့်နာမည် ကျွန်တော်မိတ်ဆက်ပေးပါရစေ . . . ရဲမြတ်သူပါ၊ ကျွန်တော်က ဓါတ်ပုံဆရာပါ၊ ကြော်ငြာတွေ မော်ဒယ်အလှ ဓါတ်ပုံတွေ မင်္ဂလာဆောင်တွေမှာလည်း ဓါတ်ပုံရိုက်ပါတယ်၊ ဒါ . . . ကျွန်တော့်လိပ်စာကဒ်ပါ"

ရဲမြတ်သူဆိုတဲ့ လူငယ်က သူကချည်း စကားတောက်လျှောက် ပြောရင်းက ငုဝါခိုင်ကို ဗစ်ဇစ်တင်းကဒ်ပေးလိုက်ပါတယ်။

"ဒါနဲ့ မနာမည်ကကော"

ငုဝါခိုင်တစ်ယောက် ရဲမြတ်သူပေးတဲ့ ဗစ်ဇစ်တင်းကဒ်ကိုကြည့် ရင်းက သူမကိုလာပြီး ရောတာတော့ မဖြစ်နိုင်ဘူးလို့၊ ရဲမြတ်သူဆိုတဲ့ ကောင်လေးရဲ့မျက်နှာမှာ ရိုးသားတဲ့ ပုံစံမျိုးကို အကဲခတ်မိပါတယ်။

"တို့နာမည်က ငုဝါခိုင်ပါ"

ဘာရယ်မှန်းမသိ ငုဝါခိုင်တစ်ယောက် သူမရဲ့နာမည်ကိုသာ ပြောမိပြီး အိမ်ထောင်ရှိတယ်ဆိုတာ ဘာဖြစ်လို့ မပြောသလဲဆိုတာ သူမ ကိုယ်သူမ မသိပါ။

"မ . . . ကျွန်တော့်ကို တစ်ခုခွင့်ပြုပါ၊ ကျွန်တော်က မျှော်စင် ကျွန်းထဲ ဓါတ်ပုံလာရိုက်တာ ပြိုင်ပွဲဝင်မလို့၊ အခု မတို့ ... ရဲ့ အလှက ဓါတ်ပုံရိုက်ရင် ဓါတ်ပုံစားတယ်၊ ဒီတော့ ကျွန်တော့်ကို အချိန်



www.burmeseclassic.com

www.burmeseclassic.com



ရရင် ဒီမျှော်စင်ကျွန်းထဲမှာ ဓါတ်ပုံရိုက်ခွင့်ပြုပါ”

“အို . . . မင်းကလည်း ပြောတော့မယ်၊ တို့က ဒီလောက်မဟုတ်ပါဘူး”

ငုဝါခိုင်က ရဲမြတ်သူဆိုတဲ့ လူငယ်လေးစကားကြောင့် ကျေနပ်သလို ဖြစ်သွားပါတယ်။ တစ်ဆက်တည်းဆိုသလို အိမ်ထောင်ကျပြီးကတည်းက သူမကို ယောက်ျားဖြစ်တဲ့ တင်မြင့်ဦးက မပြောဘူးတာကိုလည်း စိတ်ထဲကနေ မေတ္တာပို့နေမိပါတယ်။

“မ . . . စဉ်းစားမနေပါနဲ့၊ ကူညီပါနော်၊ တော်ကြာ ကျွန်တော်က ဓါတ်ပုံရိုက်ပြီး ပြိုင်ပွဲဝင်လို့ မရဲ့ဓါတ်ပုံက ပထမရလို့ကတော့ မင်းသမီးတွေဘာတွေလုပ်ဖို့ လာကမ်းလှမ်းရင် ကျွန်တော့်ကို မမေ့နဲ့နော်”

“မင်းကတော့ မင်းဓါတ်ပုံရိုက်ရဖို့ ဒီလိုပဲ ကောင်မလေးတွေကို မြှောက်ပင့်ပြောတတ်လား”

“မမြှောက်ပါဘူး မရယ်၊ ကောင်မလေးတွေများ သူတို့ပုံကို ရိုက်စေချင်လို့ ကျွန်တော့်နားမှာ ဝိုင်းဝိုင်းလည်နေတာပဲ၊ ဒါပေမယ့် သူတို့ကို မလိုမျိုး ခွင့်မတောင်းခဲ့ဖူးဘူး၊ မက ပထမဦးဆုံးပဲ”

“မင်းက စကားပြောတတ်တာပဲ၊ ကိုယ့်ဖက်ကိုပါအောင် မင်းတို့ ဓါတ်ပုံဆရာတွေ ပြောတတ်တာပဲနော်”

“ပြောတတ်တာ မဟုတ်ဘူး မရဲ့၊ သိပ်လှတဲ့ အမျိုးသမီးတစ်ယောက်ရဲ့အလှကို ဓါတ်ပုံနဲ့ မှတ်တမ်းမတင်လိုက်ရမှာစိုးလို့ပါ”

“တော်ပါပြီ . . . အဲဒီလောက် တို့ကိုမြှောက်မနေနဲ့၊ ကဲ . . . ပြော . . . ဘယ်နေရာမှာ ဓါတ်ပုံရိုက်မှာလဲ”

“ဟောဟိုရေစပ်နားက ကျောက်တုံးတွေပေါ်မှာ ‘မ’ကထိုင်၊ နေတို နောက်ခံထားပြီး ရိုက်မယ်”





ရဲမြတ်သူနဲ့အတူ ကျောက်တုံးတွေရှိနေတဲ့ ရေစပ်ဆီသို့ ငုဝါခိုင်လိုက်ပါလာခဲ့ပါတယ်။ ဘယ်လိုဖြစ်လို့ လူငယ်ကောင်လေးတစ်ယောက်ကဓါတ်ပုံရိုက်ကူးခွင့်ကို သူမအသာတကြည် ခွင့်ပြုမိသလဲဆိုတာ သူမ စဉ်းစားမရနိုင်ပါ။

သေချာတာကတော့ သူမကျေနပ်လို့ပါ။ ငုဝါခိုင်တို့လို မိန်းမသားများအဖို့ ကိုယ့်အလှကို ချီးမွမ်းတာ သဘောတွေ့တာပေါ့လေ။

ဒီလိုလူငယ်လေးတစ်ဦးနဲ့ အခုလိုမျိုးရှိနေတာ တစ်စုံတစ်ယောက်က မြင်သွားရင် ဘာတွေပြောလေမလဲလို့။ ခွင့်ဆယ်ရက်ရလို့ အိမ်မှာနေဘဲ တစ်ပတ်တာ လူပျိုဘဝလိုမျိုးနေမယ်ဆိုပြီး အိမ်ကိုတောင် ပြန်မလာတဲ့ ခင်ပွန်းဖြစ်သူ တင်မြင့်ဦးက သိခဲ့မယ်ဆိုရင်ကော ဘယ်လိုပြဿနာတွေ ဖြစ်လာမလဲလို့။

ဒါပေမယ့် ငုဝါခိုင်တွေးပါတယ်။ သူတောင်မှ ကိုယ့်ဇနီးမယားကို အိမ်မှာထားခဲ့ပြီး သူငယ်ချင်းတွေနဲ့ ပျော်ချင်သလိုပျော်သေးတာ သူမ အခုလို ဓါတ်ပုံအရိုက်ခံတာကတော့ ဘာမှအပြစ်မဖြစ်လောက်ပါဘူးလို့။

“မ . . . ဘာတွေတွေးနေတာလဲ၊ အိမ်က အကြောင်းတွေများ စဉ်းစားအကြောင်းလား”

“အို . . . မဟုတ်ပါဘူး”

ငုဝါခိုင် ဘာဖြစ်လို့ လိမ်ညာမိခဲ့လေသလဲ မသိပါ။

“မ . . . အဲဒီမှာ ထိုင်၊ မျက်နှာလေးကို လက်တစ်ဖက်က ထောက်ထားလိုက်ပါ”

ကျောက်တုံးကြီးတစ်တုံးပေါ်မှာ ငုဝါခိုင်ထိုင်လိုက်ပြီး ရဲမြတ်သူပြောတဲ့အတိုင်း ကိုယ်အနေအထားကို နေပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရဲမြတ်သူကလည်း ဓါတ်ပုံတစ်ပုံပြီးတစ်ပုံ ရိုက်ပါတယ်။ ပြီးတော့ ပုံစံအမူအရာအမျိုးမျိုး လုပ်ခိုင်းပါတယ်။ ငုဝါခိုင်ခမျာ သရုပ်ဆောင်တစ်ဦးလိုမျိုး အမူအရာအနေအထားလုပ်ပြတာကို ရဲမြတ်သူကလည်း ဓါတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ဆက်ရိုက်ပါတယ်။

"မရေ . . . ဒီနေ့တော့ တော်လောက်ပြီ၊ မ . . . ခွင့်ပြုမယ်ဆိုရင် နက်ဖြန်နေ့လယ်မှာလည်း ကျွန်တော်ဒီမှာပဲ ဓါတ်ပုံရိုက်ချင်သေးတယ်၊ ခွင့်ပြုပါနော်"

"ဘာလုပ်မလို့ ပုံတွေ အဲဒီလောက်ရိုက်ချင်ရတာလဲကွ"

"ဓါတ်ပုံဆရာဆိုတာ အလှဆုံးတွေထဲကမှ အလှဆုံးဓါတ်ပုံကို ရွေးရတာလေ၊ ဒါကြောင့်ပါ"

"ဒါဆိုလည်း ပြီးရော"

ငုဝါခိုင်ကတော့ နက်ဖြန်မှာ အပျိုမလေးတစ်ဦးလို ရင်ခုန်စရာတွေ ဖြစ်လာစေဖို့ ဘာကြောင့်များ ဓါတ်ပုံရိုက်မယ့် အစီအစဉ်ကို ထပ်မံလိုက်ခံလိုက်မှန်း မသိရေးချမသိပါ။

ကိုယ့်ရဲ့ဘုရားပြိုလ်တိုင်ရှေ့မှာ မိမိသွင်က ဝယ်လာတဲ့ပန်းတွေကို ပန်းအိုးမှာ ထိုးမယ်လို့ ကြည့်လိုက်တော့ ပန်းအိုးထဲက ရေက မသန့်ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါနဲ့ မဖြစ်သေးပါဘူး ပန်းအိုးထဲက ရေတွေကိုသွန်ပြီး ရေအသစ်ပြန်လဲပြီးမှ ပန်းကပ်မယ်လို့ စိတ်ကူးပြီး ပန်းစည်းကို ဘေးနားချကာ ပန်းအိုးကို လှမ်းယူလိုက်ပါတယ်။

"နေ . . . နေ . . . ကျွန်တော့်နှစ်မ၊ ကျွန်တော့်ကို ပေး၊ ပန်းအိုး





ထဲက ရေလဲမလို့ထင်တယ်"

ဘယ်အချိန်ကနေ သူမအနားရောက်လာ ခဲ့လဲမသိတဲ့ အပေါ်အင်္ကျီအဖြူ ပုဆိုးအဖြူဝတ်ထားတဲ့ သူမထက် အသက်ဆယ်နှစ်လောက်ကြီးမယ့် အမျိုးသားတစ်ဦးက သူမလက်ထဲက ပန်းအိုးကို ယူလိုက်ပါတယ်။ ပြီးတော့ သူ့လက်ထဲကိုင်လာတဲ့ ပန်းစည်းကို မိမိသွင်ချထားတဲ့ ပန်းစည်းနားမှာ ချလိုက်ပါတယ်။ ပြီးတော့ ပန်းအိုးကို ရေသွားလဲပြီး ပြန်ယူလာပါတယ်။

"ပေး . . . ကျွန်တော့်နှစ်မရဲ့ပန်းစည်း"

ပြောပြောဆိုဆိုနဲ့ အဲဒီလူက မိမိသွင်ရဲ့ပန်းစည်းပါယူရင်း သူ့ပန်းစည်းပါ ပန်းအိုးထဲထည့်ပြီး ထားလိုက်ပါတယ်။

"ပန်းတော့ ထည့်ပြီးပြီ၊ ပန်းကပ်မှာမို့လား . . . ထိုင်လေ"

အဲဒီဝတ်စုံဖြူနဲ့လူက ထိုင်ချကာ ပြောရင်းမှ လက်အုပ်ချီပြီး မျက်စိကို မှိတ်ထားပါတယ်။ မိမိသွင်လည်း အဲဒီလူနဲ့ မလှမ်းမကမ်းမှာ ထိုင်ရင်းက ဘုရားကို လက်အုပ်ချီပြီး ဝတ်ပြုနေမိပါတယ်။

"အရဟာတာဒိ နဝဂုဏောဟိ၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် သမ္မာသမ္ဗုဒ္ဓ ပြည့်စုံတော်မူသော နာထံ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ဗုဒ္ဓံ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဥဒ္ဒိသ ရည်မှတ်၍ စေတိယသ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိသစေတီ၊ ပရိဘောဂစေတီတော်မြတ်တို့အား ဝဏ္ဏဂန္ဓသမ္ပန္နံ၊ အဆင်းအနံ့နှင့် ပြည့်စုံသော ဣမံပုပ္ဖံ ဤပန်းကို သက္ကစ္စံ ရိုရိုသေသေ ဒေမိ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊ ပူဇေမိ နိဗ္ဗာန်ကိုမျှော်ပူဇော်ပါ၏ အရှင်ဘုရား"

မိမိသွင် လက်အုပ်ချီပြီး အာရုံပြုနေတာ ဘေးနားက ဘုရားရှိခိုး



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့လူက ဘုန်းကြီးတစ်ပါးရဲ့လေသံမျိုးနဲ့ ဘုရားရှိခိုးပူဇော်နေလို့ အာရုံပျက်သလို ဖြစ်သွားပါတယ်။ ဒါနဲ့ အာရုံကို ပြန်စုစည်းပြီး ဘုရားကို ပြန်လည်ကန်တော့ရပါတယ်။

"ဘုရားရှိခိုးတယ်ဆိုတာ အသံထွက်ရှိခိုးရတယ်၊ အသံတိတ်ရှိခိုးရင် ကိုယ်တစ်ယောက်တည်း ကုသိုလ်ရတယ်၊ အသံထွက်ရှိခိုးတော့ ဝေနေယျသတ္တဝါတွေပါ ကုသိုလ်ရအကျိုးများတယ် နှစ်မရဲ့၊ နှစ်မက ကိုယ့်တစ်ယောက်တည်းရဖို့ ကုသိုလ်ယူနေတာကိုး"

ဘယ်အချိန်မှာ ဘုရားရှိခိုးပြီးသွားလို့ အသံမထွက်ဘဲ ဘုရားဝတ်ပြုနေတဲ့ မီမီသွင်ကို ထိုင်ကြည့်ပြီး မီမီသွင်ဘုရားဝတ်ပြုအပြီးမှာ ပြောလိုက်လို့ မီမီသွင်တစ်ယောက် ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်သွားပါတယ်။ သူမဘုရားရှိခိုးနေတာကို ယောကျ်ားသားတစ်ယောက်က ဘာသဘောနဲ့ ဘေးကထိုင်ကြည့်နေရပါသလဲလို့။

"ကျွန်တော့်နှစ်မက ဘုရားကို ဒီလိုတစ်ယောက်တည်း ပန်းလာကပ်တာ ဘာသောကတွေ ရှိနေလို့လဲမသိဘူး၊ ဒါပေမယ့် မျက်နှာမှာတော့ သောကအရိပ်အရောင် သိပ်မတွေ့ရပါဘူး"

"ကျွန်မ ဘုရားမရောက်တာကြာလို့ပါ"

"ဪ . . . ဟုတ်လား၊ ဒီလိုမျိုး ဘုရား၊ တရားကို သတိရတာကောင်းတာပေါ့လေ၊ ဪ . . . ကျွန်တော့်နာမည်မှတ်ထားဦး၊ ဦးသဲကိုကိုတဲ့၊ နှစ်မရဲ့နာမည်ကကော"

အရေးထဲ အဲဒီလူက သူ့နာမည်ကို မိတ်ဆက်ရင်း နာမည်မေးမြန်းပါတယ်။ သူမကတော့ အဲဒီလူနာမည်ကြားလိုက်ရလို့ တော်တော်တင်စီးမယ့် နာမည်ပဲလို့။

"မီမီသွင်ပါ"





မီမီသွင်က မကောင်းတတ်လို့ ပြန်ဖြေလိုက်ပါတယ်။

"အင်း . . . နှစ်မနဲ့ ကျွန်တော်က အတိတ် ရေစက်ပါလို့ မွေးနေ့မွေးနံထောင့်မှာ ကြုံရတယ် ထင်ပါရဲ့"

"ရှင် . . . ဘာဆိုင်လို့လဲ"

"ဆိုင်ပါသကောဗျာ၊ အတိတ်ရေစက်ဆိုတာ ပြုတဲ့ကုသိုလ်တွေကြောင့် ဆုံရတာ၊ မဆုံချင်လို့ မရဘူး၊ အခုလို အတိထူလာ ဝလွန်းသူ၊ အတိသုက္ကာ ဖြူလွန်းသူ၊ အတိဒီဃာ ရှည်လွန်းသူ၊ အတိကိသာ ပိန်လွန်းသူ၊ အတိတဏှာ မည်းလွန်းသူ၊ အတိရဿ ပုလွန်းသူဆိုတဲ့ အမျိုးအစားခြောက်မျိုးထဲမှာမပါဘဲ ကိုယ့်နှစ်မရဲ့ ရုပ်ဆင်းအင်္ဂါသွင်ပြင်က အပြစ်ခြောက်ပါးကင်းစင်နေတာ၊ ဒါက နှစ်မရဲ့ရုပ်ရည်ဟာ အတိတ်ကုသိုလ်ကထူးလို့ပဲ ဖြစ်ရမယ်"

ဘယ်လိုလူပါလိမ့်လို့၊ သူမကို ခဏလေးကြည့်ပြီး ပါဠိစကားတွေတော မြန်မာလိုတွေကော ပြောနေတာ၊ သူပြောပုံအရဆို သူမက တော်တော်လေးကို အလှစံဝင်လောက်တဲ့ မိန်းမတစ်ဦးဖြစ်နေပြီလို့၊ ကလေးနှစ်ယောက်အမေဖြစ်ပြီး သူမခမျာ တစ်ဖက်သားပြောရလောက်အောင် ကြည့်ကောင်းနေရလောက်အောင် ဖြစ်သလားဆိုပြီး ကိုယ့်ကိုယ်ကို နားထင်သွေးရောက်ချင်သလိုတောင် ဖြစ်သွားပါတယ်။

"မဟုတ်သေးပါဘူးရှင် . . . ကျွန်မက . . ."

မီမီသွင်က အဖြစ်မှန်ကို ပြောမလို့ရှိသေး ဦးသဲကိုကိုဆိုတဲ့လူက အတင်းစကားကြားဖြတ်ရင်းက . . .

"ဟုတ်ပါတယ် . . . နှစ်မရဲ့ရုပ်သွင်ပြင်က ပယောဂအပြားမျိုးလေးပါးကလည်း ကင်းလွတ်နေတယ်"

"ရှင် . . . ဘာတွေလဲ၊ ကျွန်မတော့ နားမလည်တော့ဘူး"

"ဘယ်နားလည်မလဲလေ၊ နှစ်မက လောကီရေးရာမှာပဲ ကျင်လည်နေတာကိုး၊ ဒါတွေက လောကုတ္တရာကို လေ့လာမှသိတာ၊ နှစ်မမှာ ဓါတ်ဗိန္ဒောဆရာတွေရဲ့အကိုဖြစ်တဲ့ သွေးပယောဂ၊ လေပယောဂလည်း မရှိ၊ ဝိဇ္ဇာမယပယောဂ၊ ဣဒ္ဓိမယပယောဂဆိုတဲ့ မှော်ဝိဇ္ဇာအောက်လမ်းဆရာတို့အလိုကျလည်း မဖြစ်ဆိုတော့ အင်မတန်ရခဲတဲ့ ခန္ဓာကိုယ်ရထားတာပဲ"

မီမီသွင် ဘုရားကိုလာမိတာ မှားပြီလို့၊ ငုဝါခိုင်နဲ့ မျှော်စင်ကျွန်းထဲမှာ ဆက်ရှိချင်ရှိ ဒါမှမဟုတ် တစ်နေရာသွားရင် ကောင်းသားလို့၊

"ရှင်က စောစောက ပြောတာတွေ သိနေတော့ ဗိန္ဒောဆရာလား"

"မဟုတ်ပါဘူးကွယ်၊ ကျွန်တော်က ငယ်စဉ်တောင်ကျေးကတည်းက ကိုရင်ဝတ်၊ ရဟန်းပြု ဝါတော်နှစ်ဆယ်မှ လူထွက်တာ ဓမ္မာစရိယတောင် အောင်ပြီးပြီ၊ လောကုတ္တရာအကျိုးတွေကို လုပ်တဲ့အခါ လောကီစွဲအတွေးတွေက ဝင်ဝင်လာလို့ ကြာလာရင်တော့ အပြစ်ဖြစ်မယ်ဆိုပြီး လူထွက်တာ၊ ဒါမှလည်း လူပီပီအိမ်ထောင်သားမွေးပြုနိုင်မှာလေ"

"သြော် . . . ရှင်က ဘုန်းကြီးလူထွက်ကိုး၊ ဒီလောက် ရဟန်းဝါတွေရပြီး ဓမ္မာစရိယရပြီးမှ လူထွက်တာ တော်တော်ရည်ရွယ်ချက်ကြီးတာပဲ"

ယခုမှ ဦးသဲကိုကိုဆိုသော လူစကားကြောရှည်ကာ ဘုရားစာလိုလို၊ ဘာလိုလို ရွတ်တာဖတ်တာ ဘုန်းကြီးလူထွက်ဖြစ်မှန်း သိလိုက်ရပါတယ်။

"လူတွေဟာ ဘာသာ,သာသနာကို ဆည်းကပ်ကိုးကွယ်တဲ့နေရာမှာ သိပ်အရေးကြီးတယ်၊ ဒါယိကာမလေးရဲ့ . . . အဲ . . . အဲ . . . ဘုန်းကြီးဘဝက အကျင့်က တယ်ပါတာပဲ"





ဒုက္ခတော့ဖြစ်ပြီလို့၊ ထိုင်နေရာကနေ ထသွားရင် ကောင်းလေး [illegible] မီမီသွင်စဉ်းစားမိပါတယ်။ ဦးသဲကိုကိုဆိုတဲ့လူက ဘုန်းကြီးဘဝကို ပြန် [illegible] လည်အသက်ဝင်သွားလို့လားမသိ အယောင်ယောင်၊ အမှားမှားတောင် ဖြစ်သွားပါတယ်။

"ဒီလို နှစ်မရဲ့ . . . စောစောက စကားကို ပြန်ဆက်ရရင် ဘယဆေးကြောင့် ကိုးစားဆည်းကပ်ခြင်း၊ လာဘရအံ့သော လာဘ်သပ္ပဏာကို မျှော်ခေါ်၍ ကိုးကွယ်ခြင်း ကုသဂုဏ်ကျေးဇူးအစစ်ကို မသိမဝေဖန်ဘဲ မိုးရိုးစဉ်ဆက်က ကိုးကွယ်ဆည်းကပ်လာ၍ ကိုးကွယ်ခြင်းမျိုး၊ ဒက္ခိဏေယျပုဂ္ဂိုလ်အဖြစ် မှန်မမှန် မိမိဉာဏ်ဖြင့် စိစစ်ဝေဖန်ပြီးမှ ကိုးကွယ်ခြင်း ဆိုပြီး ရှိတယ်၊ ဒီတော့ ဘုရားကို ကိုးကွယ်တဲ့နေရာမှာ နှစ်မကော ကျွန်တော်ပါ ချဉ်းကပ်မှုမှန်ကန်ဖို့လိုတယ် . . . ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ်"

အရေးထဲ ဦးသဲကိုကိုစကားကို ထောက်ခံသလိုမျိုးဖြစ်သွားလို့ မီမီသွင် ကိုယ့်ပါးစပ်ကိုယ် ဘရိတ်အမြန်အုပ်လိုက်ရပါတယ်။

"ဟို . . . ဟိုလေ . . . ကျွန်မကို ခွင့်ပြုပါဦး၊ ကျွန်မကိစ္စလေးတွေ ရှိလို့ပါ"

"အင်းပေါ့လေ . . . သံသရာမှာ အချိန်တန်ရင် ခွဲကြရ [illegible] ရတာပဲ၊ အခု နှစ်မနဲ့တွေ့မယ်၊ မကြာခင် ခွဲရမယ်၊ နောက်နေ့ ပြန်တွေ့ [illegible] ချင်တွေ့မယ်၊ ရေစက်ဆုံရင်ပေါ့၊ အင်း . . . ဒီတစ်ခါ နှစ်မနဲ့ဆုံရင် [illegible] ကိုယ်ဖြစ်စေချင်တဲ့အရာ ကိုယ့်ထံမှာ မြဲစေဖို့ ဂါထာလေးတော့ [illegible]

မထင်မှတ်ဘဲ ဦးသဲကိုကိုစကားကြောင့် မီမီသွင် [illegible] ပါတယ်။ မျက်စိထဲမှာ အိမ်ကိုမကပ်တဲ့ ခင်ပွန်း [illegible] ရုပ်သွင်ပြင်ကို မြင်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို နက်ဖြန် ဒီဘုရားကို ဒီအချိန်ပဲ လာခဲ့မယ်”

“လာခဲ့ပါ . . . နှစ်မရဲ့မွေးနေ့ကြိုဟ်တိုင်မှာပဲ ရွှတ်ပေးမယ်၊ ကဲ . . . သွားပေဦးတော့”

မီမီသွင်လည်း နားညည်းသက်သာသွားလို့ ဝမ်းသာအားရနဲ့ ထွက်သွားတာကို ဦးသဲကိုကိုကကြည့်ရင်း ကျေနပ်သလိုဖြစ်ရင်းက ပါးစပ်က ဘာတွေရွှတ်နေမှန်းမသိ ရွှတ်လို့နေပါတယ်။

❑

ကားကို အနှိုပ်ခန်းဖွင့်ထားတဲ့ သုံးထပ်တိုက်အဆောက်အဦရှေ့မှာ ရပ်လိုက်ပါတယ်။ လူတွေလည်း အထူးသဖြင့် အမျိုးသားများခမျာ အတော်ညောင်းကြတာပဲလို့၊ အနှိုပ်ခန်းမှာ ရပ်ထားတဲ့ ကားတွေက ကားပြပွဲတောင် လုပ်လို့ရပါတယ်။ ဒီအတိုင်းဆို အခန်းတောင် ရပ့်မလားမသိလို့ ကျော်လင်းဆွေကော တင်မြင့်ဦးပါ အခန်းမရမှာစိုးလို့ စိုးရိမ်သွားပါတယ်။

ဒီနေ့လည်း မနက်မိုးလင်းကတည်းက တစ်ဆိုင်ပြီးတစ်ဆိုင်ပြောင်းသောက်တာ လူတွေလည်း ဒေါင်ချာစိုင်းနေပါပြီ။ တော်သေးတာက မနေ့ကလို မြင့်ဖေရဲ့တူတွေက ဆေးခြောက်ထည့်ထားတဲ့ဟင်းကို မချက်ပေးလိုက်လို့။ ဒီနေ့လည်း အဲဒါမျိုးသာဆို ပွဲသိမ်းပြီ။

နောက်ဆုံးတော့ သူတို့သူငယ်ချင်းငါးယောက် ဒီညအနှိုပ်ခန်းမှာ အနှိုပ်ခံရင်း စခန်းသိမ်းမယ်ဆိုလို့ ရောက်လာတာပါ။

“ဟေ့ကောင်တွေ . . . အချိန်ဆွဲမနေနဲ့၊ တော်ကြာ အခန်းမရဘဲနေမယ်၊ ဒီပုံအတိုင်းဆို မလွယ်ဘူး၊ အခုမှပဲ အကြောတွေက ပိုတက်လာသလိုပဲ”





“သက်နိုင်ရာ . . . မင်းကတော့ လွှန့်ကိုလွှန့်ပါတယ်ကွာ၊ လူပျိုဖြစ်တဲ့ ငါတို့တွေက မဦးဆောင်ရဘူး၊ သွား . . . အခန်းရလား မေးဘာသာမင်း သွားပြောဖို့ အရင်ဝင်”

အောင်သန်းကျော်က သက်နိုင်ကို အပြစ်တင်သလို ပြောရင်းတရှေ့ကနေ သွားခိုင်းပါတယ်။ သက်နိုင်ကလည်း တက်တက်ကြွကြွနဲ့ ရှေ့ကနေ ဝင်သွားပါတယ်။

အနှိပ်ခန်းဖွင့်ထားတဲ့ သုံးထပ်တိုက်ရဲ့ မြေညီထပ်မှာရှိတဲ့ ဧည့်ခန်းထဲမှာ မီးကိုမှိန်ပျပျထွန်းထားပါတယ်။ ဆက်တီခုံတွေမှာ ဧည့်သည်တ သူတို့ကိုနှိပ်ပေးတဲ့ ကောင်မလေးတွေနဲ့ စကားပြောရင်း ဘီယာသောက်သူကသောက်၊ ဆေးလိပ်သောက်သူကသောက်နဲ့ ရှိလို့နေပါတယ်။

“အခန်းရမလား . . . ငါးယောက်စာ”

သက်နိုင်က အနှိပ်ခန်းမန်နေဂျာကို မေးပါတယ်။

“ငါးယောက်တော့ မရဘူး၊ သုံးယောက်စာ သုံးခန်းတော့ လွတ်တယ်၊ ကျန်တဲ့အခန်းတွေက အခုမှဝင်တာ”

မန်နေဂျာစကားကြောင့် သက်နိုင်စိတ်ပျက်သွားပုံရပါတယ်။

“ဘယ်လိုလုပ်မလဲ၊ သုံးယောက်စာပဲ ရှိတယ်တဲ့၊ သုံးယောက်က အနှိပ်ခံရင် ကျန်တဲ့နှစ်ယောက်က အပြင်မှာ ငုတ်တုတ်ထိုင်နေရမှာ”

“ဒါဆိုလည်း သက်နိုင်ရာ . . . မင်းနဲ့အောင်သန်းကျော် အပြင်မှာစောင့်၊ ငါတို့သုံးယောက်ဝင်မယ်”

“ဟာ . . . ဘယ်ဖြစ်မလဲ တင်မြင့်ဦးရ”

တင်မြင့်ဦးစကားကို အပြင်းအထန်ကန့်ကွက်ပါတယ်။

“ဒါဆို တို့ငါးယောက် ပိုက်ဆံပွတ်မယ်၊ နောက်ကာန်းသုံးလုံးပေါင်းလို့ အနည်းဆုံးလူနှစ်ယောက်က အခန်းမဝင်ဘဲ အပြင်က စောင့်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ့်လဲ"

"အေး . . . ကောင်းတယ် မြင့်ဖေ"

မြင့်ဖေ၏အကြံပြုချက်ကို လက်ခံပြီး အားလုံးက အင်္ကျီအိတ်ထဲက ပိုက်ဆံတစ်ရွက်စီထုတ်ကာ နောက်ဂဏန်းသုံးလုံးကို ပွတ်ပါတော့တယ်။

"ကိုးကွ . . . ဒီမှာ"

သက်နိုင်က ဝမ်းသာအားရနဲ့ပြောရင်း သူ့ပိုက်ဆံကို ပြပါတယ်။

"ဒီမှာ ခြောက်"

"ဒီမှာ ငါး"

အောင်သန်းကျော်နဲ့ မြင့်ဖေကလည်း သူတို့နှစ်ယောက်ဂဏန်းပွတ်တဲ့ ပိုက်ဆံအသီးသီးကို ပြပါတယ်။

"ဟာကွာ . . . သုံးတဲ့"

တင်မြင့်ဦးနဲ့ ကျော်လင်းဆွေက သူတို့လက်ထဲမှာ ကိုင်ထားတဲ့ ပိုက်ဆံတွေကို ပြရင်းက စိတ်ပျက်လက်ပျက်ဖြစ်သွားပါတယ်။

"ကဲ . . . တို့ကို သုံးခန်းပေးဟေ့"

သက်နိုင်က မန်နေဂျာကို လှမ်းပြောပါတယ်။ မန်နေဂျာက အလုပ်သမားကို အခန်းသုံးခန်းလိုက်ပို့ဖို့ သက်နိုင်၊ မြင့်ဖေနဲ့ အောင်သန်းကျော်တို့ကို ခေါ်သွားပါတယ်။

"ဒီလို အနှိပ်ခန်းဝင်ရဖို့ မကြီးမငယ်နဲ့ ပိုက်ဆံပွတ်တဲ့ကိစ္စ အိမ်ကမိန်းမတွေ သိလို့ကတော့ကွာ၊ ဘယ်လောက်ကျိုင်တက်လိုက်မလဲလို့"

"ကျော်လင်းဆွေ . . . ဘာမှပြောမနေနဲ့၊ ငါတို့ထိုင်နဲ့ ငါတို့တံ ဒီကောင်သုံးကောင်ကို ဘီယာသောက်ရင်း စောင့်ဖို့ပဲ ရှိတော့တယ်"

အဲဒီနောက် မြန်မာဘီယာနှစ်ပုလင်းနဲ့ အာလူးကြော်မှာပြီး သူငယ်ချင်းသုံးယောက် စည်းစိမ်ခံနေတာကို နှစ်ယောက်သားထိုင်စောင့်





နေရင်း တွေးချင်ရာတွေးနေမိပါတယ်။

❑

"ဟေ့ကောင် ကျော်လင်းဆွေ . . ကားကို ဘာလို့ရပ်လိုက်တာလဲ"

အနှိပ်ခန်းကနေ သူငယ်ချင်းသုံးယောက်ကို ပြန်ပို့ပြီး တည်းခိုခန်းသို့အပြန် လူရှင်းသော တံတားနားမှာ ကျော်လင်းဆွေက ကားကို ရပ်လိုက်လို့ တင်မြင့်ဦးက မေးလိုက်တာပါ။

"ငါတို့တွေ ဒီနေ့နဲ့ဆို ကိုယ်လုပ်ချင်တာ လူပျိုလူလွတ်တွေလို ထင်တိုင်းကြဲလုပ်တာ သုံးရက်ရှိပြီကွ၊ ဘာရယ်လို့မသိဘူး အိမ်ကမိန်းမနဲ့ ကလေးတွေကို သတိရလို့ပါကွာ"

"ဟေ့ကောင် . . . ဒါကတော့ မိသားစုရှိတဲ့သူတိုင်း ဒီအတိုင်းပဲ၊ ဘာမှပူမနေနဲ့ . . . ငါတို့ခုနှစ်ရက်ပြည့်ရင် ချည်တိုင်မှာ ပြန်အချည်ခံရမှာပဲ၊ ဒီတော့ ဘာမှမထူးဘူး၊ ကျန်တဲ့ရက်တွေ ကိုယ်လုပ်ချင်တာသာ လုပ်ဖို့ စဉ်းစား၊ ငါတော့ နက်ဖြန် ငါ့ဟိုးတုန်းကရည်းစားဟောင်း ခင်ခင်လေးဆီ သွားလည်မယ်၊ မတွေ့တာ ငါအိမ်ထောင်မကျခင်ကတည်းကပဲ၊ အစားအသောက်မကိုက်လို့ ငါမယူခဲ့တာ၊ အခုထိ အပျိုကြီးပဲကွ"

"ကြည့်လုပ်နော်၊ ငုဝါခိုင်သိရင် မိုးမီးလောင်မယ်"

"ပိုင်ပါတယ်ကွာ၊ ကဲ . . . မောင်းကွာ၊ အိပ်ချင်ပြီ"

တင်မြင့်ဦးပြောလို့ လက်ကနာရီကြည့်တော့ မနက်တစ်နာရီကျော်ဆိုးတော့မှာမို့ ကားကို တည်းခိုခန်းဆီသို့ အမြန်မောင်းခဲ့ပါတော့တယ်။

❑ ❑ ❑

ကြယ်ပင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရာသီသုံးပါး

အချိန်ကာလမရွေး

တစ်ချိန်ချိန်မှာတော့

လူဆိုတာ

ကိုယ့်စိတ်ကိုယ်ကို မသိမသာ

အလိုလိုက်တတ်ကြပါတယ်။

အဲဒါက ...

စတုတ္ထနေ့မှာပေါ့။

## အခန်း (၄)

လှလှပပ ဝတ်ထားစားထားပြီး ဘုရားကို ဒုတိယအကြိမ်မြောက် ထာမိတာ မီမီသွင်အဖို့ မှားများမှားပြီလား မသိပါ။ ဒါပေမယ့် မတတ်နိုင်ပါ။ အိမ်မကပ်တဲ့ ယောကျ်ားဖြစ်သူ ကျော်လင်းဆွေအတွက် သူမ မွေးနေ့ဂြိုဟ်တိုင်မှာ ဦးသဲကိုကိုရွတ်ပေးမယ့် ဂါထာက အစွမ်းထက်လောက်ပါတယ်လို့။ သည်လိုလုပ်တာတွေ လင်တော်မောင်ကျော်လင်းဆွေ သိလို့ကျတော့ ဘယ်လောက်တောင် သောက်ပြီး ပြောလေမလဲမသိ။

ဒီကိစ္စနဲ့ပတ်သက်ပြီး ငုဝါခိုင်ကိုတောင် ဖုန်းဆက်ပြီး မပြောရသေးပါ။ ဦးသဲကိုကိုရဲ့ဂါထာ ဘယ်လောက်စွမ်းတယ်ဆိုတာ သူမအရင်ဆုံးစမ်းသပ်ကြည့်ဦးမယ်လို့။

“ကျွန်တော့်နှစ်မ,ရောက်လာပြီကိုး”

ဘုရားရင်ပြင်တော်ပေါ်က သူမဂြိုဟ်တိုင်ရှေ့ရောက်ရောက်ချင်းမှာ ကြိုရောက်နေတဲ့ ဦးသဲကိုကိုက နှုတ်ဆက်ရင်း သူမဝတ်ထားစားထား

www.burmeseclassic.com



တာကို ကြည့်လိုက်ပါတယ်။

"အင်း . . . ကျွန်တော့်နှစ်မကတော့ သာမာ ဝါရွှေသော အသား အရေ၊ မိဂကဲ့သို့ သမင်မျက်စိကဲ့သို့သော မျက်လုံး၊ တနုမဖျူဂဏ္ဍာ ခါးသေး ရင်ချီ၊ သုရူ ဆင်နှာမောင်းကဲ့သို့ လက်မောင်းပေါင်တန်၊ သုကေသီ ကောင်း သော ဆံပင်မျက်ခုံး၊ သမပန္တိ ဒန္တိ သွားဖြူဖွေးညီညာ၍ ချွန်ပေါ်သော အစွယ်၊ ဂမ္ဘီရနာဘိ ချက်တွင်းနက်၍ ကားသောတင်စုံ၊ သုသီလီ ကောင်း စွာလေ့ကျင့်ထားတဲ့ ကိုယ်နေအမူအရာ၊ ကောင်းသောအလေ့အကျင့်ဆို တဲ့ ရှေးလူကြီးများပြောဆိုတဲ့ မိန်းမမြတ်တော်ဝင်နဲ့လိုက်အောင် ဝတ် ထားစားထားတာကော လှတာကော ကွက်တိပါပဲ"

ဦးသဲကိုကိုရဲ့ စာသံပေသံနဲ့ ရွတ်ဖတ်နေတဲ့ စကားသံကို နား ထောင်နေမိတဲ့ မီမီသွင်တစ်ယောက် ရှက်သလိုဖြစ်လာပါတယ်။ ဦးသဲ ကိုကိုတစ်ယောက် အလွတ်ကျက်ထားတဲ့ စာသားတွေနဲ့ သူမကို ဘယ်လို ရည်ရွယ်ချက်နဲ့ ပြောသလဲမသိပါ။

"တော်ပါတော့ . . . ဒီကို ကျွန်မလာတာ ဦးသဲကိုကိုရဲ့ အလွတ် ကျက်ထားတဲ့ဟာတွေ နားထောင်ဖို့ မဟုတ်ဘူး၊ ရှင့်ဟာက ကျွန်မကို ပြောတာဆိုရင် ကျွန်မမိုးကြိုးတွေဘာတွေ အပစ်ခံနေရဦးမယ်၊ မလုပ် ပါနဲ့"

"ဘယ်ဟုတ်မလဲ ကျွန်တော့်နှစ်မရယ်၊ အရှိအရှိအတိုင်း ပြော တာပါ"

"တော်ပါ . . . အမိကကိစ္စပြောရအောင်၊ ကျွန်မကို ဂါထာပေး မယ်ဆိုတာလေ"

"သြော် . . . ဒါလား၊ ရွတ်ဖတ်သရဇ္ဈာယ်ပေးရမှာပေါ့၊ ဒါနဲ့ အဲဒီ လိုမြဲစေချင်တဲ့သူက ယောကျ်ားလား၊ မိန်းမလား၊ ဘာနေသားလဲ"





"ယောကျ်ားလေးပါ၊ တနင်္လာသား"

"သြော် . . . တနင်္လာသား၊ ကိုယ့်မောင်ဖွားဆိုတော့ အစ်မ နှစ်မတွေက စိတ်ပူပြီး ဒီလိုပဲ အားကိုးရှာမှာပေါ့"

ဦးသဲကိုကိုက သူ့အထင်နဲ့သူ ပြောနေလို့ မီမီသွင်က . . .

"အစ်ကို . . . မောင်ဖွားမဟုတ်ဘူး၊ မဟုတ်သေးဘူး"

"မဟုတ်တာ . . . ရှက်မနေပါနဲ့ပြော၊ ဗဟုဗလ လက်ရုံးအား ကိုယ်လက်သန်မာထွားကျိုင်းခြင်း၊ ဘောဂဗလ ရွှေငွေရတနာ လယ်မြေ ဥယျာဉ်ပေါများခြင်း၊ အမစ္စဗလ ရာထူးရာခံရှိခြင်း၊ အဘိဇဗလ ဆွေမျိုး မိတ်ဆွေပေါများခြင်း၊ ပညာဗလ ဗဟုသုတ အတတ်ပညာအားကောင်း ခြင်းဆိုတဲ့ ယောကျ်ားမြတ်တို့ရဲ့ အားငါးပါးတို့နဲ့ ပြည့်စုံသူမဟုတ်လား"

မီမီသွင် ဘာပြန်ပြောရမှန်း မသိပါ။ သူမယောကျ်ားကျော်လင်း ဆွေအတွက်လို့ ပြောမလို့ဆိုတာကို ဦးသဲကိုကိုက စကားကိုဖြတ်ပြောပြီး သူပြောချင်တာတွေ ပြောနေလို့ စိတ်တော်တော်ညစ်သွားပါတယ်။

"ဦးသဲကိုကိုပြောတာ မဟုတ်သေးဘူး၊ ကျွန်မပြောပြမယ် . . . သူက . . ."

"သြော် . . . သြော် . . . သိပြီ၊ ဒါဆို နိဒ္ဒ အအိပ်မက်တဲ့သူ အနှီ လုပ်ငန်းလုပ်ကိုင်တဲ့အခါ နှေးကွေးထိုင်းမှိုင်းတဲ့သူ၊ ဘာယ သဒ္ဒါလ ဆည်း ညဲ့၊ ကြောက်ကလည်း ကြောက်တတ်၊ ကောဓ သည်းညည်းခံ ခေါ်သထန်၊ အာလသျ အပြင်းက ထူ၊ ဒီယသုတ္တ အချိန်မှန်အောင်အလုပ် နှေးအောင်လုပ်တဲ့ ယောကျ်ားတို့အပြစ်ခြောက်ပါးရှိတဲ့သူလား အင်း . . . ဘယ်လည်း ကျွန်တော့်နှစ်မ ကုသိုလ်ဆိုးပါလား"

မီမီသွင်တော့ သွားပြီလို့။ ဒီတစ်ခါ ဦးသဲကိုကိုထင်တာကတော့ ယောကျ်ားဖြစ်သူ ကျော်လင်းဆွေတစ်ယောက် အာရုံကောင်းနေတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီလို့။ ဒီစကား ကျော်လင်းဆွေကြားလို့ကတော့ ပွဲကကြမ်းပြီ။

"တော်ပါတော့ ဦးသဲကိုကိုရယ်၊ ကျွန်မဘာလုပ်ရမလဲ"

နောက်ဆုံးတော့ ဖြစ်ချင်တာဖြစ်ဆိုပြီး မီမီသွင်က မေးလိုက်ပါတယ်။

"ကျွန်တော့်နှစ်မမှာ ပုတီးပါလား"

"အိုး . . . သိမှမသိတာ ဒီနေ့ဘယ်ယူလာပါ့မလဲ"

"ရော့ . . . ဟောဒီပုတီးကို နှစ်မအပိုင်ယူ၊ ဒါက သိမ်ဝင်ပုတီး ဒီပုတီးကို တနင်္လာသားကို အာရုံပြုပြီး သူ့အသက်အတိုင်း သက်စေ့ပုတီး စိတ်ပြီး မေတ္တာပို့၊ ကျွန်တော်က ဟောဟိုနားကနေ နှစ်မပုတီးစိပ်တာကို ကြည့်ရင်း ဂါထာရွတ်ပေးနေမယ်၊ ဒါက နက်ဖြန်ပါ လုပ်ရမှာ"

ဦးသဲကိုကိုက သူမလက်ထဲ ပုတီးထည့်ပေးရင်း ပြောလိုက်လို့ မီမီသွင်က . . .

"နက်ဖြန်ပါ လာရဦးမယ် . . . ဟုတ်လား"

"လာရမယ် . . . ဒါမှ တနင်္လာသားက အိမ်မြဲပြီး ဘယ်မှမခွာ အားတာနဲ့ ကိုယ့်အိမ်ကိုယ့်ယာဆိုတာ ဖြစ်နေရမယ်၊ ကဲ . . . ကျွန်တော့် နှစ်မ အချိန်မရှိဘူး၊ ဒီအချိန်က အချိန်ကောင်းပဲ"

မီမီသွင်လည်း ကိုယ်စတဲ့ဇာတ် ကိုယ်ကရမှာမို့ ဂြိုဟ်တိုင်ရှေ့မှာ ထိုင်ပြီး ကျော်လင်းဆွေကို ရည်မှန်းလို့ ပုတီးစိပ်ပါတော့တယ်။ ခပ်လှမ်း လှမ်းကနေ တရားစာရွတ်သလိုမျိုး ဦးသဲကိုကိုက သူမ,မသိတဲ့ ပါဠိစကား တွေကို ရွတ်နေတာ ပဌာန်းရွတ်နေတဲ့ အတိုင်းပါပဲ။ ဩော် . . . ကိုယ့် ဒုက္ခကိုယ်ရှာလို့။

❑





ငုဝါခိုင် အခုလိုအချိန်မှာ အပျိုတစ်ယောက်လိုမျိုး ပြန်ဖြစ်နေ သို့ ကျေနပ်နေမိတယ်။ နဂိုကတည်းက ခါတ်ပုံရိုက်တာတာ ဝါသနာခပ် ပါပါ။ တက္ကသိုလ်တက်တုန်းကဆို အားရင် ကျောင်းထဲမှာတော့ အမြင် မှာပါ ခါတ်ပုံချည်းရိုက်နေတာ။ အိမ်ထောင်ကျတော့မှ မနည်းဖျောက် သားရတာ။

ဟော . . . အခု ရဲမြတ်သူဆိုတဲ့ ခါတ်ပုံဆရာလူငယ်လေးနဲ့တွေ့ တော့ ငယ်စိတ်တွေက ပြန်လည်အသက်ဝင်လာပါတယ်။ မနေ့ကတွေ့ တုန်းကတော့ တွေ့တွေ့ချင်းဆိုတော့ ကိုယ့်ဖက်က တန်ဖိုးကျမှာစိုးလို့ နည်းနည်းတော့ အစပထမ တောင့်ခံရသေးတာပေါ့။

ဒီနေ့တော့ ဖြစ်ချင်ရာဖြစ်။ ရဲမြတ်သူကလည်း ခါတ်ပုံရိုက်ချင် သလောက် ရိုက်ဆိုပြီး ကားထဲမှာ 'လန်း'ပေ့ဆိုတဲ့ အဝတ်အစားငါးစုံ တောင် အပိုယူလာပါတယ်။

"မ . . . ရောက်လာပြီလား၊ မကတော့ တကယ့်ကို အလန်းပဲ"

မျှော်စင်ကျွန်းက မနေ့က ခါတ်ပုံရိုက်တဲ့အနားမှာ စောင့်နေတဲ့ ရဲမြတ်သူက ကားတံခါးဖွင့်ပြီး ဆင်းလာတဲ့ ငုဝါခိုင်ကိုပြောလိုက်လို့ ငုဝါ ခိုင်ကျေနပ်သွားပါတယ်။

"မင်းကတော့ တို့ကိုတွေ့တွေ့ချင်း တို့ကြိုက်မယ့်စကားလုံးတွေ ကို ကျွေးတော့တာပဲနော်"

"ကျွေးတာ မဟုတ်ပါဘူး မရယ်၊ အလှဆိုတာ ပင်ကိုယ်ရှိမှ သူ့အလှကိုပြလို့ရတာလေ"

"ကဲ . . . ပြောပါ၊ ဘယ်နေရာမှာ ခါတ်ပုံရိုက်မှာပဲ၊ ဒီနေ့တော့ ခါတ်ပုံရိုက်တဲ့အခါ အဆင်ပြေအောင်လို့ အဝတ်အစားငါးစုံ အပိုထည့် လာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ မရဲ့၊ ဒါဆို ကျွန်တော်က အလှဆုံးပုံကို ပြ တင်လို့ရပြီ၊ လာ . . . မ . . . ဟိုရှေ့စပ်နားက တံတားနားကို သွား အောင်"

ကန်ရေအစပ်က တံတားနားကို ငုဝါခိုင်နဲ့ ရဲမြတ်သူတို့နှစ်ယောက် လာခဲ့ကြပါတယ်။

"မ . . . အဲဒီတံတားလေးနားမှာ ထိုင်သလိုလုပ်ရင်းက ရေကို လက်နဲ့ထိထား"

ရဲမြတ်သူညွှန်ကြားတဲ့အတိုင်း ငုဝါခိုင်က မော်ဒယ်လုပ်ပေးပါ တယ်။ ရဲမြတ်သူကလည်း စိတ်ကြိုက်ဓါတ်ပုံကို တစ်ပုံပြီးတစ်ပုံ ရိုက်ပါ တယ်။

"မ . . . ခေါင်းလေးနဲ့ ပုခုံးလေးကို နည်းနည်းစောင်းလိုက်"

"မ . . . မဟုတ်သေးဘူး"

ပြောပြောဆိုဆိုနဲ့ ဓါတ်ပုံဆရာများ လက်သွက်တယ်ဆိုတာ ရဲမြတ်သူက ဓါတ်ပုံရိုက်နေရာကနေ ငုဝါခိုင်ရှိတဲ့နေရာရောက်လာပြီး ပုခုံးကိုကိုင်၊ ခေါင်းကိုကိုင်လိုက်ပြီး ဘယ်လိုနေရမယ်ဆိုတာ ပြပါတယ်။

ပထမတော့ ငုဝါခိုင်စိတ်ဆိုးချင်သလို ဖြစ်သွားပါတယ်။ ဒါပေမဲ့ ရဲမြတ်သူရဲ့မျက်နှာကို အကဲခတ်တော့ တမင်တကာ အသားယူပြီး လုပ် ချင်တဲ့ ရည်ရွယ်ချက်မျိုးမရှိတာကို တွေ့ရလို့ စိတ်ဆိုးပြေသွားပါတယ်။

"ကဲ . . . ထပ်ရိုက်မယ် . . . မရေ"

ရဲမြတ်သူက ဓါတ်ပုံဆက်ရိုက်ပါတယ်။ လေးငါးပုံခန့် ဓါတ်ပုံ ရိုက်ပြီးတဲ့အခါ ရဲမြတ်သူကင်မရာက ဘာဖြစ်သွားသလဲ မသိပါ။ ရဲမြတ် သူက ဓါတ်ပုံဆက်မရိုက်တော့ဘဲ ကင်မရာခလုတ်တွေကို ဟိုနှိပ်ဒီနှိပ် ကြည့်ရင်းက စိတ်ပျက်တဲ့ပုံစံမျိုး ဖြစ်သွားပါတယ်။





"မ . . . အားတော့နာတယ်၊ ကင်မရာက ဘာဖြစ်သွားသလဲ မသိ ဘူး ဒီနေ့တော့ ဒီကပြန်ပြန်ချင်း ဆိုင်မှာပြင်ရတော့မယ်၊ ဒီလိုမှန်းသိရင် ကင်မရာအပိုတစ်လုံးယူလာပါတယ်၊ ကျွန်တော့်ကိုက မှားတာ"

ရဲမြတ်သူက တကယ့်ကို အားနာတဲ့ပုံစံနဲ့ ငုဝါခိုင်ကို တောင်း ပန်ပါတယ်။

"ရပါတယ်၊ စက်ဆိုတာမျိုးက ပျက်တတ်တာပဲ"

"ဒါတော့ ဒါပေါ့ မကလည်း၊ ဒါပေမယ့် မက ကျွန်တော့်အတွက် ကူညီပေးတာလေ၊ ဒီလိုဝတ်ထားစားထားပြီးမှ ကျွန်တော့်ဖက်က ချို့ယွင်း မှုဖြစ်ရတာဆိုတော့ အားနာတာပေါ့"

"နေပါစေ . . . ပြောမနေနဲ့တော့"

"ဒါဆို မကို ကျွန်တော်က တစ်ခုခုလိုက်ကျွေးမယ်၊ မငြင်းရဘူး နော် . . . ဘာစားမလဲ"

ရဲမြတ်သူကို ငြင်းလို့ရမည့်ပုံ မပေါ်ပါ။

"သွားလေ . . . တို့အအေးပဲသောက်မယ်၊ အိမ်က စားလာလို့ ဲ . . . ကားပေါ်တက်"

အဲဒီနောက် ငုဝါခိုင်က ရဲမြတ်သူကို ကားပေါ်တင်ခေါ်ပြီး စား သောက်ဆိုင်တွေရှိတဲ့ဖက်ကို မောင်းလာပါတယ်။

"မ . . . coca cola မှာလိုက်မယ်"

ဆိုင်ရောက်တော့ ရဲမြတ်သူက ကိုကာကိုလာနှစ်ပူးမှာပြီး တစ် ပူးကိုယူကာ ခွက်ထဲဖောက်ထည့်လိုက်ပါတယ်။

"မ . . . သောက်လိုက်ဦး"

ရဲမြတ်သူက အအေးထည့်ထားတဲ့ ဖန်ခွက်ကို ငုဝါခိုင်ကို ပေး လိုက်ပါတယ်။ ငုဝါခိုင်ကလည်း နှစ်ငုံလောက်သောက်ပြီး ခွက်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။

"မင်းက တို့နဲ့ ဒီလိုထိုင်နေတာက ကိစ္စမရှိဘူး၊ တော်ကြာ . . . မင်းရဲ့ သံယောဇဉ်ဖြစ်ဖြစ်၊ မင်းသံယောဇဉ်ရဲ့ အသိဖြစ်ဖြစ် တွေ့သွားမှ ပြဿနာတွေဘာတွေ ဖြစ်နေဦးမယ်"

"ဟာ . . . မကတော့ ကျွန်တော့်ကို စွပ်အထင်တွေကြီးနေပြီ၊ ကျွန်တော့်မှာ ဘာသံယောဇဉ်မှ မရှိပါဘူး"

"အံ့မယ် . . . ဟုတ်လို့လား"

"ဟာ . . . မ . . . မယုံဘူးလား"

ငုဝါခိုင် ဘယ်လိုဖြစ်သွားမှန်းမသိပါ။ ရဲမြတ်သူနဲ့ အခုလို အအေးသောက်ပြီး စကားပြောရတာ စိတ်ထဲမှာ ကြည်နူးကျေနပ်သလို ဖြစ်နေပါတယ်။

"မင်းရဲ့အရွယ်မှာ မင်းက အချစ်မရှာ၊ သံယောဇဉ်မရှာတာတော့ မ . . . နည်းနည်းတော့ အံ့သြတယ်"

အအေးကိုယ်စီသောက်ရင်း တိတ်ဆိတ်နေမှုကို ငုဝါခိုင်က စတင်ပြီး ရဲမြတ်သူအား မေးခွန်းတစ်ခုမေးတော့ ရဲမြတ်သူက . . .

"အချစ်ဆိုတာ နူးညံ့တဲ့ ပန်းကလေးနဲ့တူတယ်၊ သူ့ကို ဆက်လက်ရှင်သန်နေဖို့ အမြဲတမ်းဂရုစိုက်နေဖို့ အချိန်တွေပေးရတယ်၊ အချစ်ဆိုတာ ပန်းလိုပဲ၊ သူ့ရဲ့ရှင်သန်မှုရပ်သွားရင် သွားပြီ၊ သေသွားပြီပေါ့ဗျာ၊ ဒါကြောင့် နာမည်ကြီးသထက်ကြီးတဲ့ ဓါတ်ပုံပညာရှင်တစ်ယောက်ဖြစ်ချင်တော့ အချစ်ဆိုတဲ့ ပန်းကလေးကို ရှင်သန်ဖို့ အချိန်မပေးနိုင်ဘူးလေ"

"အံ့မယ် . . . မင်းက ဘယ်ဆိုးလို့လည်း၊ မင်းအကြောင်းပြချက်နဲ့ မင်းကတော့ ဟုတ်နေတာပဲ"

"ကျွန်တော့်ကျတော့ ပြောတယ်၊ မကျတော့ကော . . . "





"မင်းက သိချင်နေတော့ ပြောရမှာပေါ့၊ အချစ်ဆိုတာ နှစ်ဦးသား တစ်ယောက်နဲ့တစ်ယောက် ချစ်ကြပြီဆိုရင် အပြန်အလှန် နားလည်မှုထက် နှစ်သက်စရာကောင်းတာ မရှိဘူး၊ ကိုယ့်ရဲ့ ရှိရှိသမျှ အရာတွေကို ပေးသလို လက်ခံသူကလည်း ကိုယ်ပေးကမ်းလာတာကို တန်ဖိုးထားတာ အချစ်ရဲ့မြင့်မြတ်မှုပဲကွ၊ ပြီးတော့ အချစ်က ဘာမဆိုစွန့်လွှတ်ဖို့လည်း ဝန်မလေးဘူး"

"မက ဒါတွေ ကိုယ်တွေ့လား"

ရဲမြတ်သူက ဒီစကားကို သူမအား သွေးတိုးစမ်းပြီး မေးသလိုပါပဲ။

"ဒီအသက် ဒီအရွယ်မှတော့ အတွေ့အကြုံက ရှိသင့်သလောက်ရှိပြီပေါ့၊ ကဲပါ . . . အအေးကုန်အောင်သောက်လိုက်၊ မင်း ဒီလိုအအေးတိုက်တာကို ကျေးဇူးတင်တယ်နော်"

"မကတော့ လုပ်ပြန်ပြီ၊ ကျွန်တော်က ကျေးဇူးတင်ရမယ်ဆိုတာထပ်ပြီး မကို အကူအညီတောင်းရဦးမယ်၊ နက်ဖြန်လည်း မော်ဒယ်လုပ်ပေးဦးနော်၊ အားတော့နာတယ်၊ ဒီနေ့ကိစ္စက ကင်မရာကြောင့် မပြီးသလိုဖြစ်သွားတာကို၊ ကျွန်တော်စောင့်နေမယ်နော်"

"ဒါပဲနော် . . . နက်ဖြန်တစ်ရက်တော့ တို့ခွင့်ပြုမယ်၊ နောက်ရက်တွေတော့ မရဘူး၊ ကဲ . . . တို့သွားမယ်"

ငုဝါခိုင်က ဆိုင်ထဲကထွက်ဖို့ ခုံကအထမှာ ရဲမြတ်သူက . . .

"မ . . . ကျွန်တော့်ကို မရဲ့ဖုန်းနံပါတ် မပေးတော့ဘူးလား"

"sorry ကွာ၊ တို့က အချိန်တွေကို ဘာမဟုတ်တဲ့ ကိစ္စတွေနဲ့ မဖြုန်းတတ်လို့ပါ"

ငုဝါခိုင် မတတ်နိုင်ပါ။ ရိုးရိုးသားသား ထုတ်ပြောတာပဲ ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဖုန်းနံပါတ်တွေဘာတွေ ပေးရင်းနဲ့ ဇာတ်လမ်းက ဒီထက်ရှည်လာလို့က မကောင်း။

တော်ကြာ ခင်ပွန်းဖြစ်တဲ့ တင်မြင့်ဦးသိသွားလို့ကတော့ ပြဿနာက အထွတ်အထိပ်ဖြစ်ပြီး တစ်သက်လုံး ပြောစရာဖြစ်မှာစိုးလို့ပါ။

နက်ဖြန်တော့ ရဲမြတ်သူ့ကို နောက်ဆုံးတစ်ရက်တော့ ကူညီလိုက်ဦးမယ်လို့။

အဲဒါပြီးရင်တော့ . . .။

□

ဒီလမ်းကို တင်မြင့်ဦး ကောင်းကောင်းမှတ်မိတာပေါ့။ ဟိုးတုန်းက ဒီလမ်းကနေ ရည်းစားဖြစ်တဲ့ ခင်ခင်လေးကို လိုက်ပို့နေကျ။ ဟောဟိုက ခင်ခင်လေးတို့ အိမ်နားရောက်ရင် သူက ခင်ခင်လေးကိုထားခဲ့ပြီး လာရာလမ်းအတိုင်း ပြန်နေကျ။ အဲဒီအခါ စိတ်ထဲမှာ ဘာလိုလိုနဲ့ ခံစားရတာ တော်ေ ါကို အရသာရှိသလား မမေးပါနဲ့။

ကြာတော့ ကြာခဲ့ပါပြီ။ သမီးရည်းစားဘဝမှာ ခင်ခင်လေးနဲ့သူ နှစ်ယောက်သား သွားလိုက်လာလိုက်၊ စားလိုက်သောက်လိုက်နဲ့။ ပြီးတော့ ချစ်သူတို့သဘာဝ စိတ်ကောက်လို့ ပြန်ချော့လိုက်နဲ့ ဟုတ်နေတာပါပဲ။

ဒါ့အပြင် တင်မြင့်ဦးအဖို့ ရည်းစားဟောင်း ခင်ခင်လေးမြတ်နိုးတဲ့ အရာတစ်ခုကို မမေ့နိုင်တာ ရှိပါသေးတယ်။ အဲဒါက ခင်ခင်လေး တစ်ယောက် ဘဲကင်ကို မက်မက်မောမော ကြိုက်နှစ်သက်တာပါပဲ။

ရွှေဘဲစားသောက်ဆိုင်မှာ ဘဲကင်ကို ခဏခဏ သူမကို လိုက်ကျွေးရတာလည်း အကြိမ်ကြိမ်ပါပဲ။





ပြီးတော့ သူတို့နှစ်ယောက် ချစ်သူဘဝလမ်းခွဲကြတာကလည်း ဘာပြဿနာမှ သိပ်မရှိပါ။ တစ်ယောက်နဲ့တစ်ယောက် တွဲလာတာကြာတော့ ခင်ခင်လေးက ပျင်းလာလို့ဆိုပြီး နှစ်ဦးသဘောတူ လမ်းခွဲခဲ့ကြတာပါ။

နောက်တော့ တင်မြင့်ဦးတစ်ယောက် လူကြီးချင်းသဘောတူတဲ့ ငုဝါခိုင်ကို လက်ထပ်ခဲ့တယ်။ ဒါကလည်း ငုဝါခိုင်မှာ ဘာမှပြောင်းစရာ အကြောင်းက မရှိ၊ နောက်တော့လည်း အနေကြာလာတော့ သံယောဇဉ်တွယ်လာရတာပါပဲ။

အခုလို ငုဝါခိုင်က အလုပ်နားတဲ့ ဆယ်ရက်မှာ တစ်ပတ်တိတိ သူ့ဖို့လို လုပ်ချင်တာလုပ်လို့ ခွင့်ပေးတော့ လူပျိုတစ်ဦးလိုမျိုး ဟိုးတုန်းက ရည်းစားဟောင်းတစ်ယောက်ဖြစ်တဲ့ ခင်ခင်လေး ဘယ်လိုဘယ်အခြေအနေရှိမလဲ သိချင်တာနဲ့ ဒီမနက်ကားမောင်းပြီး ထွက်လာခဲ့တာပါ။

ဘာရယ်လို့တော့ မသိ။ စိတ်ထဲမှာ ဟိုးတုန်းက ခံစားမှုမျိုး နည်းနည်းပါးပါး ပြန်ခံစားရနေပါတယ်။

ဒါ့အပြင် သူ့အဖို့ မမေ့နိုင်တာက သူနဲ့ သမီးရည်းစားအဖြစ် လမ်းခွဲပြီးတဲ့နောက်ပိုင်း ဟိုးတုန်းကလို သူလိုက်ဝယ်ကျွေးတဲ့ ရွှေဘဲက ဘဲကင်ကိုမှ စားဖြစ်သေးလား မသိဘူးဆိုပြီး သတိရလို့ ရွှေဘဲကနေပြီး ဘဲကင်တစ်ကောင် ပါဆယ်ဝယ်လာမိပါတယ်။

"ပွမ် . . . ပွမ်"

ကားကို ဖွင့်ထားတဲ့ ခြံတံခါးရှေ့မှာရပ်ရင်း တင်မြင့်ဦးက ဟွန်းတီးလိုက်တော့ အိမ်ထဲကနေ အပြင်ကိုသွားမယ်လို့ထင်ရတဲ့ ဝတ်ကောင်းစားလှတွေ ဝတ်ထားတဲ့ အမျိုးသမီးတစ်ဦး စလင်းဘက်အိတ်လွယ်ပြီး ထွက်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်လေးပုံစံက အရင်လိုမါမဲ့။ ဘာမှမပြောင်းလဲပါ။ တင်မြင့်ဦးက ကားကို ခြံဝင်းထဲမောင်းဝင်လာပြီး ခင်ခင်လေးရှိတဲ့နားမှာ ရပ်လိုက်ပါတယ်။

"ခင်လေး . . . ခင်လေး . . ."

ကားပေါ်ကနေ ဘဲကင်ပါဆယ်ဗူးကိုကိုင်ရင်း ဆင်းလာပြီး နာမည်ခေါ်လိုက်လို့ ခင်ခင်လေးက တင်မြင့်ဦးကိုကြည့်ပြီး အံ့အားသင့်သွားပါတယ်။

"ရှင် . . . ရှင် . . . ဘယ်လိုကိစ္စကြောင့် ဒီကိုရောက်လာတာလဲ အခုမှ ဘာစိတ်ကူးတွေပေါက်လို့လဲ"

ခင်ခင်လေးက မမျှော်လင့်ဘဲ တင်မြင့်ဦးကိုတွေ့လို့ ပြောရင်းက အိမ်ထဲကို မသိမသာ ကြည့်မိတာကို သတိထားမိပါတယ်။

"ဘာရယ်လို့ မဟုတ်ပါဘူး ခင်လေးရယ်၊ ခင်လေးကို အပြန်လိုက်ပို့နေကျ လမ်းကနေ ကားမောင်းသွားတိုင်း သတိတော့ရတယ်၊ ဒီနေ့တော့ မတွေ့တာကြာပြီဖြစ်တဲ့ ခင်လေးကို ဝင်တွေ့ဦးမယ်လို့ စိတ်ကူးရလို့ပါ"

တင်မြင့်ဦး နည်းနည်းတော့ မုသာဝါဒကို သုံးလိုက်တာကို ခင်ခင်လေးက သိပ်ယုံချင်ပုံမရပါ။

"ဟုတ်မှလည်း ပြောပါ၊ တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်၊ ရှင်နဲ့လမ်းခွဲတာကြာမှ အခုမှရောက်လာတယ်ဆိုတော့ ကျွန်မဖြင့် စဉ်းစားလို့မရဘူး"

"ဘာမှမစဉ်းစားနေပါနဲ့ ခင်လေးရယ်၊ မိတ်ဆွေတစ်ယောက်[illegible] လာလည်တယ်လို့ပဲ မှတ်ပါ"

"ဒါဆိုရင်တော့ sorry ပဲ၊ ဘာဖြစ်လို့လည်းဆို ကျွန်မအပြင်သွား[illegible]





[illegible]လို့၊ နောက်တောင်ကျနေပြီ၊ ရှင့်ကို အားနာလိုက်တာ"

တင်မြင့်ဦး ဘာဆက်ပြောရမှန်းမသိ။ သူလာမိတာ မှားပြီလားလို့။

"သြော် . . . အပြင်သွားမလို့လား၊ လိုက်ပို့ပေးမယ်လေ"

"နေ . . . နေ . . . ကိုယ့်ဖာသာကိုယ် ကားမောင်းသွားမယ်"

"ဒါဆို ဒီလိုလုပ်၊ ကိုယ့်ကိုတစ်ခုတော့ ခွင့်ပြု၊ နက်ဖြန် မျှော်စင်[illegible]မှာ နေ့လယ်စာကျွေးမယ်"

တင်မြင့်ဦးက အခွင့်အရေးတစ်ခုတောင်းဆိုပါတယ်။

"မိတ်ဆွေလို ကျွေးတာမျိုးဆိုရင်တော့ ရပါတယ်"

"ဝမ်းသာလိုက်တာ၊ ရော့ . . . ဒါဆို ဒီမှာ ဒါလေးကိုယူထား"

တင်မြင့်ဦးက လက်ထဲမှာကိုင်ထားတဲ့ ဘဲကင်ပါဆယ်ဗူးကို ပေးတော့ . . .

"ဘာတွေမို့လို့လဲ"

"ခင်လေးသိပ်ကြိုက်တဲ့ ဘဲကင်လေ၊ ရွှေဘဲကနေ ကိုယ်ဝယ်လာခဲ့တာ"

"သြော် . . . ဘဲကင်လား"

တင်မြင့်ဦး မထင်ထားပါ။ ခင်ခင်လေးကြိုက်တဲ့ ဘဲကင်ကို [illegible]ပေးတဲ့အခါမှာ ခင်ခင်လေးက ဝမ်းသာအားရနဲ့ ယူလိမ့်မယ်လို့ [illegible]တော့ ဘဲကင်ပါဆယ်ဗူးကိုကြည့်ပြီး ဘာမှမဖြစ်သလိုမျိုး [illegible] ဖြစ်သွားလို့ပါ။

"ကိုယ်က ခင်လေးသိပ်ကြိုက်တတ်တဲ့ ဘဲကင်ကို [illegible]"

"သြော် . . . ဟုတ်လား၊ ဒီနေ့မှ ထူးဆန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီ၊ ပြောရဦးမယ် . . . ကျွန်မဘဲကင်မစားတော့တာ ရှင်နဲ့လမ်းခွဲပြီး ကတည်းကပဲ၊ ဒီနေ့ထိ အသားဆို ဘာမှမစားဘဲ ရာသက်ပန် သက်သတ်လွတ်စားနေတာ"

"ဟင်! . . . ခင်လေးက ခင်လေးသိပ်ကြိုက်တဲ့ ဘဲကင်ကိုတောင် မစားဘဲ ရာသက်ပန် သက်သတ်လွတ်စားနေတာပေါ့ . . . ဟုတ်လား"

တင်မြင့်ဦး ဘယ်လိုမှမထင်ထားပါ။ ဘဲကင်သိပ်ကြိုက်သော ခင်ခင်လေးတစ်ယောက် ဘာကြောင့်ဘဲကင်ကို စွန့်လွှတ်လိုက်လေသလဲလို့။

"ဘဝမှာ ကိုယ်မြတ်နိုးတဲ့သူကိုတောင် လမ်းခွဲနိုင်သေးတာ ကိုယ်ကြိုက်တဲ့ အရာကိုလည်း စွန့်လွှတ်နိုင်ရမှာပေါ့၊ အဲဒီလို ဖြစ်လာအောင် ရှင်နဲ့ကျွန်မ လမ်းခွဲခဲ့တာက သင်ကြားပေးလိုက်တာလေ"

"ဪ . . . ခင်လေးရယ်"

တင်မြင့်ဦးနှုတ်ဖျားကနေ ထိုစကားသံသာ ထွက်လာနိုင်ပါတော့တယ်။

အဲဒီအချိန်မှာပဲ ခင်ခင်လေးက ဟိုကြည့်ဒီကြည့် ကြည့်ရင်းက-

"ဘော်နီ . . . ဘော်နီ . . . အို့ . . . အို့ . . . လာ . . . လာ"

ခင်ခင်လေးအသံကြားလို့လား မသိ။ အိမ်ခြေရင်းဘက်ကနေ ခွေးတစ်ကောင်က ပြေးလာရင်းက ခင်ခင်လေးအနားရောက်တော့ အမြီး နန့်လို့ နေပါတယ်။

"ဒီဘဲကင်ကို ကျွန်မ,မစားပေမယ့် ရှင်ကုသိုလ်ရပါတယ်"

"ရော့ . . . ဘော်နီ . . . စား . . . စား"

ခင်ခင်လေးက ဘဲကင်ပါဆယ်ဘူးကိုဖွင့်ပြီး ဘဲကင်တွေအကုန်လုံး ကို ခွေးချကျွေးလိုက်ပါတယ်။ ခွေးက ခေါင်းမဖော်တမ်း စားနေလိုက်တာ။





တင်မြင့်ဦး စဉ်းစားလိုက်ပါတယ်။ ဘယ်လိုမှ [illegible]တဲ့ မြင်ကွင်း။ ဘယ်လိုမှ မထင်ထားတဲ့ အဖြစ်အပျက်၊ တစ်လမ်းလုံး စိတ် ကူးယဉ်လာခဲ့သမျှ ပျက်သုန်းပြီလို့။

"ခင်လေး . . . ကိုယ်သွားမယ်၊ နက်ဖြန်မျှော်စင်ကျွန်းထဲက ချမ်း တီးထမင်းဆိုင်မှာ သက်သတ်လွတ်ဟင်းတွေမှာပြီး စောင့်နေမယ်"

ထိုစကားကိုပြောပြီး ကားကို အမြန်မောင်းကာ ထွက်လာခဲ့ပါ တယ်။ လူတစ်ယောက်ရဲ့ အကြိုက်ဆိုတာ ပြောင်းလဲတတ်တယ်ဆိုတာ တင်မြင့်ဦး ကောင်းကောင်းသဘောပေါက်မိတာက အမှန်ပါ။

❑

ကျော်လင်းဆွေက သူအခုရောက်နေတဲ့ စားသောက်ဆိုင်လေး ကို တော်တော်သဘောကျနေပါတယ်။ ကားမောင်းရင်း ဆိုင်ကလေး တည်ဆောက်ထားတာက နိုင်ငံခြားနည်းနည်းဆန်နေလို့ ထူးမှာပဲဆိုပြီး ကားကိုရပ်ကာ ဝင်ထိုင်မိပါတယ်။ ဆိုင်ကလေးက ဘီယာတို့ အရက်တို့ ရပြီး အမြည်းကလည်း ဈေးနှုန်းသင့်တင့်တဲ့ ဈေးသာရှိပြီး ဖွယ်ဖွယ်ရာ ရာ စားချင်တာမှာလို့ ရလို့ပါ။

ဘီယာတစ်ပုလင်းနဲ့ ချိစ်တစ်ပွဲကိုမှာပြီး တင်မြင့်ဦး[illegible] သူ့ရည်းစားဟောင်းဆီသွားတာ တော်တော်အဆင်[illegible] ပြီ တော့မှပဲ ဖုန်းဆက်ပြီး ဒီဆိုင်ကိုခေါ်မယ်။ ပြီးမှ [illegible] သုမ်းဆက်သွယ်မယ်ဆိုပြီး ဆိုင်ထဲမှာ ဖွင့်ထားတဲ့ [illegible] သောက်ရင်း နားထောင်နေမိပါတယ်။

ဆိုင်ကလည်း မနက်ဆယ့်တစ်နာရီ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လူက ရှင်းနေပါတယ်။ စားသုံးသူဆိုလို့ သူနဲ့ သူ့ကို ဘီယာပုလင်းလာချပေးတဲ့ ခေတ်ဆန်ဆန်ဒီဇိုင်းနဲ့ ကောင်မလေးတစ်ဦးနဲ့ အခြားဝန်ထမ်းလူငယ်တစ်ဦးပဲ တွေ့ပါတယ်။ ဆိုင်ဖွင့်ကာစမို့ အလုပ်သမားတွေ သူ့အလုပ်သူ ရှုပ်နေတယ်လို့ပဲ ထင်ပါတယ်။

ဒါနဲ့ပဲ ဘီယာကို သောက်လိုက်၊ ဟိုတွေးဒီတွေး တွေးလိုက်နဲ့ ဘီယာတစ်ပုလင်းကုန်တဲ့အခါ သူ့အဖို့ စကားပြောဖော်မရှိလို့ ပျင်းလာပါတယ်။

"ဦး . . . ဘာလိုသေးလို့လဲ"

ကျော်လင်းဆွေ ဘီယာကုန်သွားလို့ ဝန်ထမ်းကောင်မလေးကို ကြည့်မိတဲ့အခါ ကောင်မလေးက သူ့အနားရောက်လာပြီး မေးလိုက်ပါတယ်။

"ဘီယာတစ်ပုလင်းပေးပါဦး"

"ဦး . . . အမြည်းက ကုန်နေပြီ၊ သီဟိုဠ်စေ့ကြော်နဲ့ မြည်းပါလား"

"ကောင်းတာပေါ့ကွာ"

ဆယ်မိနစ်တောင် ကြာမယ်မထင်ပါ။ ရေခဲသေတ္တာထဲထည့်ထားတာ ဘယ်လောက်ကြာသလဲမသိ။ ဘီယာပုလင်းက အေးလို့ ရေငွေ့တောင်ထနေပါတယ်။ သီဟိုဠ်စေ့ကြော်ကလည်း ကြော်ထားတာ အငွေ့ထနေလို့၊ အဲဒီနှစ်မျိုးစလုံးကို လာချပေးပါတယ်။ ပြီးတော့ ကောင်မလေးက ဘီယာပုလင်းကို ဖေါက်ပေးပြီး ခွက်ထဲငှဲ့ပေးပါတယ်။

ဆိုင်ထဲမှာတစ်ယောက်တည်း ဘီယာဆက်သောက်ရမှာ ပျင်းတာနဲ့ ဒီဝန်ထမ်းကောင်မလေးကို စကားပြော အဖော်ညှိကြည့်ဦးမယ်လို့၊ ဒါဆို တင်မြင့်ဦးကို စောင့်ရမယ့်အချိန်တွေ ကုန်မှန်းမသိကုန်သွားမှာလို့။





ကောင်မလေးကလည်း ရုပ်ရည်လေးကရှိတော့ ဘီယာသောက်ရင်း အမြည်းလိုပဲလို့၊

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"မုရာပါ"

"နာမည်က အဆန်းပဲကွ"

ကောင်မလေးက ရယ်လိုက်ပါတယ်။ ကျော်လင်းဆွေက အခြေအနေကတော့ မဆိုးဘူးလို့၊

"ခဏထိုင်လို့ရမလား"

"ရပါတယ်"

ကောင်မလေးက ကျော်လင်းဆွေနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဒီဆိုင်မှာ လာသောက်တဲ့သူတွေနဲ့ ဒီမုရာဆိုတဲ့ ကောင်မလေးက စိမ်းမနေဘူးဆိုတာ သေချာပြီလို့။

"ဒီမှာလုပ်တာ ကြာပြီလား"

"ဒီမှာ ငွေသိမ်း casher လုပ်တာ သုံးလကျော်ပြီ"

"လစာကကော . . ."

"ခြောက်သောင်းခွဲပါ"

"လောက်ကော လောက်ရဲ့လား"

"မုရာက ဒီလိုပဲ လောက်အောင်သုံးရတာလေ၊ ပြီးတော့ မုရာက အချိန်ပိုင်းလုပ်ရတာ၊ တန်ပါတယ် . . . မနက် ၉ နာရီကနေ ညနေငါးနာရီထိပဲလေ"

"ဒါဆို ဘယ်ဆိုးမလဲကွ"

သူတစ်ခွန်း ကိုယ်တစ်ခွန်းနဲ့ စကားပြောက အဆင်ပြေနေသို့ ကျော်လင်းဆွေက ဘီယာကို တစ်ဝက်ငှဲ့သောက်လိုက်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



"မုရာ! . . . နင်ဘာလုပ်နေတာလဲ"

အဲဒီအချိန်မှာ မထင်မှတ်ဘဲ ဆိုင်အတွက် ဈေးဝယ်ပြန်လာတဲ့ လူငယ်တစ်ဦးက ဆွဲခြင်းကြီးပုခုံးပေါ်ထမ်းရင်း ဝင်လာရင်းက ဆွဲခြင်းကို စားပွဲပေါ်ချလိုက်ပြီး မုရာဆိုတဲ့ ကောင်မလေးကို ဒေါသတကြီးမေးလိုက်ပါတယ်။

"စားသုံးသူနဲ့ စကားပြောနေတာလေ၊ ဘာဖြစ်လဲ . . . ငါ့အလုပ် ငါလုပ်နေတာ"

"နင့်ကို ငါဘာပြောထားလဲ၊ ပိုက်ဆံပဲ သိမ်းပါ။ စားပွဲထိုးလုပ်ရမယ့် အလုပ်ကို စားပွဲထိုးလုပ်လိမ့်မယ်လို့"

"ငါသိတယ်၊ နင်က အကြော်ဆရာပီပီ ကိုယ်ဖာသာကိုယ် ကြော်စမ်းပါ၊ အဲဒီလူတွေမအားလို့ ငါလုပ်တာ ဘာဖြစ်လဲ"

"ငါကြော်လို့ မရဘူး၊ နင်နဲ့ ငါနဲ့က ဘာလဲ၊ နင်က ငါ့ချစ်သူလေ"

"ဘာလဲ . . . နင်ကြော်ငြာထိုးနေတာလား"

ဒီမြင်ကွင်းကိုကြည့်နေတဲ့ ကျော်လင်းဆွေ ဘီယာကိုတောင် ဆက်မသောက်နိုင်တော့ပါ။ သဝန်ကြောင်လို့ဖြစ်ရတဲ့ သမီးရည်းစားတိုက်ပွဲက သူ့ကြောင့် အရှိန်ပြင်းလာနိုင်ပါတယ်။

"ရော့ . . . ဒီမှာ ပိုက်ဆံ"

"အားနာလိုက်တာ ဦးရယ်"

ကျော်လင်းဆွေက ငွေငါးထောင်တန်နှစ်ရွက်ချပေးပြီး ပြန်အမ်းငွေကိုမယူဘဲ ဘီယာကို ဆက်မသောက်တော့ဘဲ ဆိုင်ထဲကနေ အမြန်ထွက်လာပါတယ်။ ဒီနေ့တော့ ကံမကောင်းခြင်းတွေက သူ့ထံသယ်လာပြီလို့။ ကောင်မလေးနဲ့အတူ အရသာခံ စကားဆက်မပြောရတော့တာကိုပဲ နှမျောနေမိပါတယ်။



သူတို့လည်း သူတို့ကြိုက်တာ လုပ်တာပါပဲ။
ကိုယ်တို့လည်း ကိုယ်တို့ကြိုက်တာ လုပ်တာပါပဲ။
ဘာကြောင့်များ
ပဋ္ဌမနေ့မှာမှ
ထိပ်တိုက်တွေ့ရပါလိမ့်။

www.burmeseclassic.com

## အခန်း (၁၈)

"ကဲ . . . ကျွန်တော့်နှစ်မ ဒီနေ့တော့ အဓိဋ္ဌာန်ပုတီးကို ဂြိုဟ်တိုင်မှာ စိပ်တယ်၊ အကျွန်ုပ်က ဂါထာမန္တန်ရွတ်ပေးတယ်၊ ကျွန်တော့်နှစ်မ ပြောသလို တနင်္လာသား အိမ်မှာမြဲကိုမြဲရတော့မယ်၊ ကြည့် . . . အလွန်ဆုံးနှစ်ရက်ပဲ"

"ဒါဆို ကောင်းတာပေါ့၊ ကျွန်မ ဘုရားကို လာစရာမလိုတော့ဘူး"

မီမီသွင် တော်တော်ဝမ်းသာသွားလို့ ပြောလိုက်တာ ဦးသဲကိုကို မျက်နှာက ပျက်သလို ဖြစ်သွားပါတယ်။ သူ့ဖာသာသူ မျက်နှာပျက်ရင်လည်း ပျက်တော့လို့၊ ဒီလိုလုပ်တာပဲ သူမအဖို့ လွန်နေပါပြီ။ ဒီနေ့ဆို နှစ်ရက်သာရှိပေမယ့် ဦးသဲကိုကိုဖက်က ဘာမှရှေ့ဆက်မတိုးတာကိုပဲ ကျေးဇူးတင်နေမိပါတယ်။

"လောကီလူ့မှုဖြစ်ပျက်အရ တွေ့ပြီး ခွဲရမှာပေါ့ ကျွန်တော့်နှစ်မရယ်၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ကျွန်တော့်နှစ်မနဲ့ တွေ့ဆုံချိန်ကာလမှာ ကူညီ





ခွင့်ရတာကိုကပဲ တကယ့်ကို ဂုဏ်ယူစရာပါ၊ ဒါကလည်း [illegible] ကူညီသင့်ထိုက်လို့ပဲလေ၊ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူ [illegible] မြတ်စွာဘုရားရှင် လွန်လေသော ဘဝဖြစ်စဉ်တစ်ခုမှာ . . ."

"ဟို . . . ဟို . . . ဦးသဲကိုကို၊ ကျွန်မရဲ့ကိစ္စပြီးပြီမို့လား [illegible] ပြန်လို့ရပြီလား"

အရှိန်ကောင်းကောင်းနဲ့ ဦးသဲကိုကို ဘုန်းကြီးဘဝကလိုမျိုး ပြန်သည်အသက်ဝင်ပြီး တရားဟောတော့မလို လုပ်သဖြင့် မီမီသွင် မနည်းစကားစကို ရပ်လိုက်ရပါတယ်။

"နေဦး . . . ကျွန်တော့်နှစ်မရဲ့ မပြန်နဲ့ဦး၊ ဒီထက်ပိုသေချာအောင် ဘုရားမုခ်ဝပန်းဆိုင်မှာ တံခွန်၊ ကုက္ကား၊ ပန်းကိုဝယ်ပြီး ဘုရားကို လက်ယာရစ်လမ်းလျှောက်ပူဇော်ပြီး စိတ်ထဲကနေ ဘုရားတစ်ပတ်အောင်ပြီအောင်ပြီလို့ ကြွေးကြော်ဖို့ ကျန်သေးတယ်၊ လုပ်လက်စနဲ့ မထူးဘူးလား၊ ကျွန်တော့်နှစ်မကို ပန်းနဲ့တံခွန်ကုက္ကား အကျွန်ုပ်ကပဲ ကုသိုလ်ပြုမယ်"

မီမီသွင်က ဦးသဲကိုကိုတစ်ယောက် စေတနာပါပါနဲ့ ကူညီ [illegible] တာကို မငြင်းကောင်းပါဘူးဆိုပြီး ဦးသဲကိုကိုနောက်ကနေ ပန်း [illegible] ကုက္ကားတွေရောင်းတဲ့ မုခ်ဝနားကို လိုက်လာခဲ့ပါတယ်။

❑

လူပျိုလူလွတ်လိုနေတဲ့ ငါးရက်မြောက်နေ့မှာ [illegible] တစ်ယောက်တည်း ဂေါက်ကွင်းက ဘားကလပ်ကို [illegible] ခန်းကနေ ထွက်လာခဲ့တယ်။ အဲဒီမှာ မြင့် [illegible]

www.burmeseclassic.com



သက်နိုင်တို့က စောင့်နေမယ်လို့ ပြောပါတယ်။ တင်မြင့်ဦးကတော့ အခုမှ ဘာစိတ်ကူးပေါက်တယ်မသိ။ ရည်းစားဟောင်းခင်ခင်လေးကို မျှော်စင်ကျွန်းမှာ ထမင်းလိုက်ကျွေးဖို့ ချိန်းထားတယ်ဆိုပြီး တည်းခိုခန်းမှာ နေခဲ့ပါတယ်။

နောက်နှစ်ရက်ပြီးရင် အခုလို လွတ်လွတ်လပ်လပ် မပျော်ရတော့ဘဲ ကိုယ့်မိသားစုနဲ့ ကိုယ်ပြန်နေရတော့မှာမို့ ရတုန်းရခိုက် နှစ်ရက်တာကိုတော့ အပြတ်ကို မီးကုန်ယမ်းကုန်ကဲဦးမယ်လို့ ကျေနပ်စွာ တွေးနေရင်းက ကားကိုမောင်းရင်း မထင်မှတ်တဲ့ မြင်ကွင်းကိုတွေ့လိုက်ရလို့ အံ့အားသင့်သွားပါတယ်။

အပေါ်အင်္ကျီအဖြူ ပုဆိုးအဖြူဝတ်ထားတဲ့ လူတစ်ယောက်နဲ့ သူ့မိန်းမမီမီသွင်တို့ ဆူးလေဘုရားမြို့တော်ခန်းမဖက် မုခ်ဦးအပေါက်ဝက ပန်းဆိုင်မှာ တူယှဉ်တွဲပြီး ပန်းဝယ်နေလို့ပါ။

အဲဒီအပေါ်ဖြူအောက်ဖြူနဲ့လူက သူ့မိန်းမမီမီသွင်နဲ့ ဘယ်လိုပတ်သက်နေပြီး နှစ်ယောက်သား ရယ်ရယ်မောမောနဲ့ ပန်းဝယ်ပြီး ဘုရားမှာ ဘာလာလုပ်တာလဲလို့။ တစ်ခါဖူးမှ မီမီသွင်တစ်ယောက် အခြားယောကျ်ားသားတစ်ဦးနဲ့ ဒီလိုမျိုးသွားတာလာတာ မတွေ့ဘူးပါ။ ဒီလူက မီမီသွင်နဲ့ ဘယ်လိုပတ်သက်နေသလဲမသိ။

အဲဒီလူနဲ့ မီမီသွင်တို့နှစ်ယောက်သား သူအိမ်မှာမရှိတဲ့အခါမျိုး နှစ်ယောက်သား ဘုရားအတူတူသွားတာက ဘာသဘောလဲ။ မီမီသွင်ရဲ့ ငယ်ရည်းစားများလား။ သူမရှိတဲ့အချိန်မှာ နှစ်ယောက်သားအကြိုက်တွေ့ပြီး လုပ်ချင်တာလုပ်နေလား။ ကလေးနှစ်ယောက်မျက်နှာကိုမှ မထောက်တဲ့မိန်းမ တွေ့မယ်ဆိုပြီး ဒေါသတွေဖြစ်လာရင်းက ကားကို ဆူးလေဘုရားပတ်ကွေ့ပြီး ရန်ကုန်ယူနိုက်တက်ဘောလုံးအမှတ်တရပစ္စည်းတွေ





ရောင်းတဲ့ အဆောက်အဦးရှေ့မှာရပ်ပြီး ဆူးလေဘုရားကို ခြေလှမ်းတွေ ခပ်သုတ်သုတ်နဲ့ လှမ်းလာခဲ့ပါတယ်။

ဘုရားမုခ်ဝရောက်တော့ ဖိနပ်တောင် မအပ်နိုင်တော့ဘဲ ရင်ပြင်တော်ကို ပြေးတက်ပြီး ဟိုဟိုဒီဒီကြည့်တော့ မီမီသွင်တို့ကို မတွေ့ရပါ။ သူကားကိုရပ်ဖို့ ပတ်မောင်းနေတဲ့အချိန်မှာ သူတို့နှစ်ယောက် ဘုရားရင်ပြင်တော်ပေါ်က ချောင်တစ်ချောင်မှာပဲ ရှိလေမလား၊ ဒါမှမဟုတ် ဘုရားပေါ်ကနေပဲ ပြန်ဆင်းသွားပြီလား သိချင်လို့ တစ်စုံတစ်ခုကို မြင်သဖြင့် အကြံရကာ အဲဒီနေရာနားသွားလိုက်ပါတယ်။

“ညီလေး . . . ဘာလျှုမှာလဲ၊ ရွှေဆိုင်းကပ်ဖို့လား၊ အထွေထွေ လှူဖို့လား”

အလှူခံဌာနလို့ ရေးထားတဲ့နေရာမှာ မိုက်ကရိုဖုန်းကိုင်ထားတဲ့ သူတစ်ဦးက မေးလိုက်ပါတယ်။

“ကျွန်တော်အကူအညီတောင်းချင်လို့ပါ”

“ဘာလဲ . . . ကလေးပျောက်သွားလို့လား၊ ယောကျ်ားလေးလား မိန်းကလေးလား၊ အသက်က ဘယ်အရွယ်လဲ၊ ဘယ်အချိန်က ပျောက်သွားတာလဲ၊ လိပ်စာကကော”

အရေးထဲ အလှူခံကြေညာတဲ့သူက ပုလိပ်စစ်သလိုမေးနေလို့ စော်လင်းဆွေက . . .

“မဟုတ်ဘူး၊ ကျွန်တော့်မိန်းမကို ခေါ်ပေးပါ၊ ဒီဘုရားရင်ပြင်မှာ ရှိမယ်၊ နာမည်က မီမီသွင်၊ သူ့ယောကျ်ား အလှူခံဌာနမှာ စောင့်နေတယ်လို့”

“ဪ . . . ညီလေးရဲ့အမျိုးသမီးက နယ်ကလာတယ်၊ အေးလေ . . . ရန်ကုန်မြို့ကြီးက မသွားတတ်မလာတတ်ဆိုတော့ ဒီလိုပဲကွ၊ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာဆိုရင်တော့ ရှိမှာပါ"

ကျော်လင်းဆွေက အလှူခံပြောတဲ့သူကို စိတ်မရှည်သလို ဖြစ်သွားပါတယ်။

"မဟုတ်ဘူး၊ ကျွန်တော့်မိန်းမကို အခြားလူတစ်ယောက်နဲ့တွေ့လို့၊ ခေါ်မှာသာ အော်ခေါ်ပေးပါဗျာ"

"ဩော် . . . ဒီလိုလား၊ ရတယ် . . . ဟလို . . . ဟလို . . . တက်စတင်း . . . အစဉ်ထာဝရ ချစ်ခင်လေးစားရပါသော ဘုရားဖူးပြည်သူများထဲက မမီမီသွင်ခင်ဗျား၊ မင်းရဲ့ယောကျ်ား အလှူခံဌာနမှာ စောင့်နေပါတယ်၊ မင်းရဲ့ယောကျ်ားက ပြောပါတယ်၊ မင်းဟာ အခြားယောကျ်ားတစ်ယောက်နဲ့ တွဲလာတာ ရင်ပြင်ပေါ်မှာ တွေ့လိုက်ရလို့တဲ့၊ အဲဒါ အမြန်လာပါ"

"ဦးလေး . . . ဦးလေး . . . ဦးလေး . . . မိုက်ကရိုဖုန်းကိုပိတ်လိုက်တော့၊ ဦးလေးက ကျွန်တော်ပြောခိုင်းတိုင်းမပြောဘဲ ဦးလေးပြောချင်တာတွေ ပြောနေတာ၊ ဘုရားဖူးတဲ့လူတွေက ကျွန်တော့်ကို ဝိုင်းကြည့်နေတာ ရှက်လိုက်တာ၊ တော်ပြီ . . . ကိုယ့်ဖာသာကိုယ် သွားရှာမယ်"

"ဟ . . . မင်းပဲ အော်ခေါ်ပေးဆိုလို့ ငါက အော်ခေါ်ပေးရသေးတယ်၊ ဘာကောင်လဲကွာ"

အလှူခံတဲ့ ဦးလေးကြီးက မကျေမနပ်နဲ့ ကျော်လင်းဆွေကိုပြောတာ ကျော်လင်းဆွေက ဂရုမစိုက်အားတော့ဘဲ လူတွေဝိုင်းကြည့်နေတာ ရှက်လို့ ရင်ပြင်တော်ပေါ် ဟိုဒီလျှောက်ကြည့်ရင်းက မီမီသွင့်ကိုမတွေ့တဲ့အဆုံး ဘုရားရင်ပြင်တော်ပေါ်ကနေ ပြန်ဆင်းလာပါတယ်။ ဖုန်းဆက်ကြည့်တော့ မီမီသွင်ရဲ့ဖုန်းက ပိတ်ထားသလို အကျိုးအကြောင်း တင်မြင့်ဦးကိုပြောပြချင်လို့ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားပါတယ်။ ဒီကိစ္စကို





အမြန်ရှင်းရတော့မယ်လို့။

❑

ခါတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံရိုက် အဝတ်အစားကလည်း တစ်စုံပြီးတစ်စုံလဲရလို့ ငုဝါခိုင်ကျေနပ်နေပါတယ်။ မနေ့က ဓါတ်ပုံရိုက်ရင်း အဆင်မပြေခဲ့လေသမျှ ဒီနေ့ကျမှ အတိုးချပြီး ရိုက်ရပြီလို့။

ရဲမြတ်သူ့ခမျာလည်း သူလိုချင်တဲ့ ပုံကောင်းကောင်းရဖို့ နေရာအကွက်အကွင်းကို စိတ်ရှည်လက်ရှည်ရှာပြီး သေသေချာချာရိုက်ကူးတာ ထမင်းစားချိန်နားတောင် ရောက်လာပါပြီ။

"ကဲ . . . မတော်သေးဘူးလား၊ လဲစရာအဝတ်လည်း မရှိတော့ဘူးနော်"

"ပြီးပါပြီ မရဲ"

"ဒါဆိုလည်း နေ့လယ်စာစားရအောင်၊ ဒီနေ့တော့ တို့တွေစားမယ်နော်"

"ဟာ . . . မကလည်း မဟုတ်တာ၊ ကျွန်တော့်တို့လည်း ကူညီရသေးတာ၊ မဟုတ်သေးပါဘူး . . . ကျွန်တော်တွေစားဝါ့မယ်"

"နေပါကွာ၊ မင်းက ပိုက်ဆံဘယ်လောက်ချမ်းသာလို့လဲ၊ မရဘူး . . . တို့ကျွေးမယ်၊ ပြီးရင် ကားပေါ်တက် . . . သွားမယ်"

ဘာကြောင့်များ အပျိုမလေးတစ်ယောက်လို ငုဝါခိုင်စိတ်တွေလက်တွေ ပေါ့ပါးနေရပါသလဲ။ ဒါက ဘာမှစိတ်ဖိစီးမှုမရှိလို့ပဲ ဖြစ်မှာပါလေ။

"စားချင်တာ စားနော်၊ တို့ကို ဘာမှအားမနာနဲ့"

www.burmeseclassic.com



Fun စားသောက်ဆိုင်ထဲကို ရောက်ရောက်ချင်းမှာ ငုဝါခိုင်က မေးတော့ ရဲမြတ်သူက . . .

"မ . . . ဒီမှာ မထိုင်ပါနဲ့၊ ဟိုရေစပ်နားက စားပွဲဝိုင်းကို သွားရအောင်"

"သွားလေ . . . ဘာလဲ . . . ဗွီဒီယိုတွေထဲမှာ အဲဒီနေရာ ခဏခဏ ဗွီဒီယိုရိုက်မို့လို့လား"

"မဟုတ်ပါဘူး . . . ရေပြင်ရဲ့အငွေ့နဲ့ အေးအေးဆေးဆေးစားရတာပေါ့"

"ဟုတ်ပါပြီ . . ."

ရေကန်အစပ်နားက စားပွဲကိုရောက်တော့ ငုဝါခိုင်က အရင်ဝင်ထိုင်လိုက်ပြီးမှ ရဲမြတ်သူက ထိုင်ပါတယ်။ ပြီးတော့ ရဲမြတ်သူက မှာစရာရှိတာတွေကို မှာလို့နေပါတယ်။

"ဘာလိုလိုနဲ့ မနဲ့ ကျွန်တော်နဲ့ခင်တာ သုံးရက်တောင် ရှိပြီ"

"ဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ မရဲ့၊ ကျွန်တော်တော့ တစ်မျိုးကြီးခံစားနေရတယ်"

ပြဿနာပဲလို့၊ ငုဝါခိုင်တစ်ယောက် ရဲမြတ်သူပြောတဲ့စကားကို နားထောင်ရင်းက သူမကို အပျိုစင်ထင်လို့များ သူ့ဖက်က သံယောဇဉ်အရိပ်အငွေ့တွေ သန်းလာပြီဆိုတာ သေချာပြီလို့။

"နက်ဖြန်တော့ တို့မလာတော့ဘူးနော်"

"မရယ် . . . နက်ဖြန်တစ်ရက်တော့ ဓါတ်ပုံရိုက်ခွင့်ပြုပါဦး၊ မနက်ပိုင်းဆိုရပါတယ်"

"ဒါဆိုလည်း ပြီးရော၊ ကဲ . . . စားလိုက်ဦး"





မှာထားတာတွေကို လာချပေးပေးချင်းမှာပဲ ငုဝါခိုင်က စားစရာခင်းလျာတွေကိုကြည့်ပြီး ပြောလိုက်ပါတယ်။

ပြီးတော့ ဘာစကားမှမဆိုဘဲ နှစ်ယောက်သား အစားကိုသာ စားလို့နေပါတယ်။

ဒီအချိန်မှာ ဓါတ်ပုံရိုက်ခဲ့တုန်းက ပင်ပန်းခဲ့သမျှ ဗိုက်ကဆာလို့ စားရတာ အရသာက ငုဝါခိုင်အဖို့ ရှိမှရှိလို့။

❑

မျှော်စင်ကျွန်းထဲက ချစ်တီးထမင်းဆိုင်ထဲမှာ တင်မြင့်ဦးတစ်ယောက် တော်တော်စိတ်ပျက်နေပါတယ်။

သူ့ရှေ့တည့်တည့်မှာ သူထမင်းဖိတ်ကျွေးတဲ့ ရည်းစားဟောင်းခင်ခင်လေးနဲ့အတူ သူမရဲ့တူတော်မောင် ကလေးနှစ်ယောက်က ရှိနေပါတယ်။

အဲဒီ ကလေးနှစ်ယောက်က မျောက်နဲ့စပ်ကြတဲ့ အတိုင်းပါပဲ၊ ဆိုင်ထဲရောက်လာကတည်းက အငြိမ်မနေ၊ ဟိုဟာကိုင်လိုက် ဒီဟာကိုင်လိုက် ဆိုင်အပြင်ကိုထွက်လိုက် ပြန်ဝင်လိုက်နဲ့မို့ အဒေါ်ဖြစ်တဲ့ ခင်ခင်လေးတစ်ယောက် သူနဲ့တောင် စကားမပြောနိုင်ဘဲ ကလေးတွေကို လိုက်လိုက်ခေါ်နေရပါတယ်။

ဟော . . . အခု စားပြန်တော့လည်း ဟိုဟင်းနှိုက်လိုက်၊ ဒီဟင်းနှိုက်လိုက်နဲ့ လက်တွေက အငြိမ်မနေပါ။

တင်မြင့်ဦးက ရည်းစားဟောင်းခင်ခင်လေးကို ဒီဆိုင်မှာ ခေါ်ကျွေးမိတာ မှားပြီလို့။

www.burmeseclassic.com



ပထမတုန်းကတော့ ကိုယ့်အတွေးနဲ့ကိုယ် ဟုတ်နေပါတယ်။ ခင်ခင်လေးကြိုက်တဲ့ သက်သတ်လွတ်ချစ်တီးဟင်းတွေကို မှာပေးထားပြီး ခင်ခင်လေးနဲ့ ဟိုအကြောင်း၊ ဒီအကြောင်းတွေပြောရင်း အတိတ်ကာလရဲ့ နေ့စွဲတွေကို ပြန်လည်စီးမျောမယ်လို့။ အခုတော့ . . .

"တီတီလေး . . . ရေခဲမုန့်မရှိဘူးလား"

အတွေးကောင်းနေတုန်း ခင်ခင်လေးရဲ့တူ အငယ်ကောင်က စားရင်းသောက်ရင်းနဲ့ ပူဆာပါတယ်။

"သားကလည်း ဒီဆိုင်မှာ ဘယ်ရှိမလဲ၊ နေဦး . . . ဘယ်နားမှာ ရှိသလဲမသိဘူး"

ပြဿနာက ကိုယ့်ဖက်လှည့်လာတော့မယ်လို့။ တင်မြင့်ဦး မသိချင်ယောင်ဆောင်နေမှ။ နို့မို့ဆို သူ့ကို ရေခဲမုန့်သွားဝယ်ခိုင်းရင် ပြီးရော လို့။

"တီတီလေးက တီတီလေးကြိုက်တာပဲ မှာတယ်၊ ဒီဟင်းတွေ မစားချင်ပါဘူး၊ အသားဟင်းလည်း မပါဘဲနဲ့၊ ပုဇွန်ထုပ်ဟင်းမှာပေး"

"အို . . . သားကလည်း ဒီဆိုင်မှာ ရှိလားမသိ၊ မရှိလားမသိနဲ့"

"ရှိတယ် တီတီလေး၊ ဒီစာရွက်ထဲမှာ ပုံနဲ့ပြထားတာ ကြည့်ပါ လား"

ခင်ခင်လေးတူ အကြီးက Menu စာရွက်ကိုပြပါတယ်။

"ပုဇွန်ထုပ်တစ်ပွဲပေးပါ"

တင်မြင့်ဦးလည်း မကောင်းတတ်လို့ ပုဇွန်ထုပ်ဟင်းတစ်ပွဲမှာ ပေးပါတယ်။ ပုဇွန်ထုပ်ဟင်းလာချပေးတော့ ကလေးနှစ်ယောက်က သူ့ ထက်ငါဦးအောင် ခပ်စားကြပါတယ်။

"သားတို့ . . . ဖြေးဖြေးဟင်းခပ်ပါ၊ သားတို့လုပ်မှ တီတီလေး





အရှက်ရနေဦးမယ်"

တော်ပါသေးရဲ့။ ဒီလောက် အငြိမ်မနေနိုင်တဲ့ ကလေးနှစ်ယောက် ဆို သတိပေးဖော် ရသေးသားလို့။ အခုအချိန်ထိ ခင်ခင်လေးနဲ့ စကားကို ကောင်းကောင်းမပြောရသေးပါ။

မှာထားတာတွေလည်း ကောင်းကောင်းမစားရသေးပါ။ နည်း နည်းတော့ စိတ်က ညစ်သထက် ညစ်ချင်လာပါတယ်။ ဒါနဲ့ ဆိုင်အပြင် ဖက် စားပွဲမှာထိုင်နေတဲ့ တင်မြင့်ဦးက ဘေးဝိုင်းတွေမှာကော ကိုယ်လိုပဲ ထားလို့ အကြည့်မှာ မထင်မှတ်ဘဲ ဆိုင်ရှေ့ကနေ ကားတစ်စီးဖြတ်မောင်း သွားလို့ ဒီကား မြင်ဖူးပါတယ်ဆိုပြီး ကြည့်တော့ သူ့မိန်းမငွေဝါခိုင်စီးတဲ့ ကားဖြစ်နေပြီး သူမရဲ့ဘေးနားမှာ ကောင်လေးတစ်ဦးပါသွားတာကို မြင် လိုက်ရပါတယ်။

ငွေဝါခိုင်တစ်ယောက် ဘာတွေဘယ်လိုဖြစ်လို့ ဒီမျှော်စင်ကျွန်းကို ရောက်လာသလဲ။ ပြီးတော့ သူမဘေးနားက ကောင်လေးကကော ဘယ် လိုပတ်သက်နေသလဲ။ သူမရှိတဲ့ရက်တွေမှာ ဘာတွေဖြစ်ကုန်သလဲ မသိ ဆိုပြီး စပ်စုချင်တဲ့စိတ်နဲ့ လိုက်ပြီးကြည့်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါ တယ်။

"ဝုန်း! . . . ဂွမ်း"

"ဟယ်! . . . သားတို့ကလည်း တီတီလေးပြောတယ် မဟုတ်လား အေးအေးဆေးဆေး စားပါဆိုတာ၊ အခု ဒီပုဇွန်ထုပ်ဟင်းကို ထပ်လုတာ လက်နဲ့တိုက်ပြီး ဒီဘက်က ပဲဟင်းခွက်မှောက်သွားပြီ"

"လာပါဦး တစ်ယောက်လောက်"

တင်မြင့်ဦးတော်တော့်ကို ဒုက္ခအကြီးအကျယ် ရောက်သွားပါ တယ်။ ကိုယ့်မိန်းမကို အခြားယောက်ျားသားလူငယ်တစ်ယောက်နဲ့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရလို့ လိုက်ကြည့်မလို ထမယ်ကြံကာမှ ခင်ခင်လေးတူနှစ်ယောက်က လက်ကျန်ဟင်းခွက်ထဲက ပုဇွန်ထုပ်ကိုလုပြီး သူ့ထက်ငါအပြိုင် ဇွန်းနဲ့ခပ်တာ လက်နဲ့တိုက်မိပြီး အခြားသက်သတ်လွတ် ပဲဟင်းပန်းကန်မှောက်ကျတာ စားနေတဲ့ စားပွဲခုံမှာ ပေပွကုန်ပါရော။ ခင်ခင်လေးက စားပွဲထိုးတစ်ဦးကို ခေါ်လိုက်တော့ စားပွဲထိုးက ရောက်လာပြီး ခုံကိုသန့်ရှင်းရေးလုပ်ပေးပါတယ်။

"ရှင့်ကို အားနာလိုက်တာ"

"ရ . . . ရပါတယ် ခင်လေးရယ်၊ ကလေးတွေက ပုဇွန်ဟင်းသိပ်ကြိုက်တယ်ထင်တယ်"

"ဟုတ်တယ် . . . နေဦး ထပ်မှာလိုက်မယ်"

တင်မြင့်ဦးက စောစောက သူ့မိန်းမငယ်ဝါခိုင်မောင်းသွားတဲ့ ကားကိုလိုက်ကြည့်မိပါတယ်။ မတွေ့တော့ပါ။ ဆက်လိုက်ကြည့်ဖို့ကလည်း မှီတော့မယ်မထင်။ ဖုန်းဆက်ပြီး မေးဖို့ကလည်း ခင်ခင်လေးသိလျှင် သူ့သိက္ခာက ကျဦးမည်။ ဒီတော့ ဒီအတိုင်းပဲ မသိမသာ အောင့်အီးပြီး နေလိုက်ရပါတယ်။

ဒါပေမယ့် ခင်ခင်လေးတူနှစ်ယောက်ကတော့ မနေနိုင်ပါ။ သူတို့အဒေါ် ထပ်မှာပေးတဲ့ ပုဇွန်ထုပ်ဟင်းကို ခေါင်းမဖော် စတမ်း ထမင်းနဲ့ အားပေးနေတာ လောကကြီးမှာ သူတို့ပဲ ရှိနေသလိုပါပဲ။

❑

ကျော်လင်းဆွေ၊ တင်မြင့်ဦးတို့ သူငယ်ချင်းငါးဦး အရက်သောက်တာ ဒီညတော့ စံချိန်ကတင်ပြီ။ နေ့လယ်က မြင်ခဲ့ရတဲ့ မိန်းမအသီးသီး





ရဲ့မြင်ကွင်းကို မကျေမနပ်နဲ့ နှစ်ယောက်သားရင်ဖွင့်ပြီး ပေါက်ကွဲတာ Red Label နှစ်လုံးခွဲလောက်တောင် ရှိပါပြီ။

"ဒါကြောင့် ငါတို့က ဖုန်းဆက်တယ်၊ ဒင်းတို့နှစ်ယောက်က လုပ်ချင်ရာလုပ်တော့ ဖုန်းပိတ်ထားတာကိုး၊ သစ္စာမရှိတဲ့ဟာတွေ"

တင်မြင့်ဦးက လက်ကျန်အရက်ကို ပြောရင်းက သောက်လိုက်ပါတယ်။

"မိမိသွင်ရဲ့ဘေးက ဝတ်ဖြူစင်ကြယ်နဲ့လူက ဘာလဲ၊ သင်းက ရာရာစစ ငါ့မိန်းမနဲ့ ဘုရားမှာ ပန်းအတူတူကပ်ရတယ်လို့၊ အဲဒီဟာမက လည်း သာယာနေလိုက်တာဆိုတာ"

"ဟုတ်တယ် ကျော်လင်းဆွေ၊ မိန်းမဆိုတာ သစ္စာရှိတာမဟုတ်ဘူး၊ ဒါကြောင့် ငါ့လိုလူပျိုကြီးလုပ်ပါလို့၊ ဟော . . . အခုတော့ မိန်းမတွေကြောင့် မင်းတို့နှစ်ကောင်ခံစားနေရပြီ မဟုတ်လား၊ ချ . . . ဆက်ချ . . . ကွဲရှနေတဲ့ မင်းတို့နှလုံးသားကို ဟောဒီဂျော်နီလမ်းလျှောက်နဲ့ စိမ်ပေတော့"

အရေးထဲ သက်နိုင်က မူးမူးနဲ့ ပါးစပ်က ပြောချင်ရာပြောပြီး မီးထိုးပေးပြန်ပါတယ်။ ဒါကို မြင့်ဖေက . . .

"သက်နိုင် . . . ဒီကောင်နှစ်ကောင်ကို စွတ်မြှောက်ပေးမနေနဲ့ဦး၊ သေသေချာချာ သိသေးတာလည်း မဟုတ်ဘဲနဲ့၊ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်"

"မြင့်ဖေပြောတာ ဟုတ်တယ်၊ ငါတို့တောင် ကဲချင်ရာကဲသေးတာ၊ သူတို့နှစ်ယောက်လည်း ယောကျ်ားတွေမရှိတုန်း လွတ်လွတ်လပ်လပ် ကဲတာနေမှာပေါ့"

အောင်သန်းကျော်ပြောမှပဲ ကျော်လင်းဆွေနဲ့ တင်မြင့်ဦးရဲ့နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားတွေကို တုတ်ကြီးကြီးနဲ့ ရိုက်ချသလို ဖြစ်သွားပါတယ်။

"အောင်သန်းကျော် . . . မင်းစကားကို ဒီမှာရပ်၊ ငါတို့ကဲတာက ဘာမှမဖြစ်ဘူး၊ သူတို့ကဲတာက ယောကျ်ားဆိုတာ မင်းသိတဲ့အတိုင်းပဲ၊ အချောင်ရရင် ဝင်တွယ်ပြီးသားပဲ၊ သာယာပြီးသားပဲ၊ အခုတောင် ဘယ်လောက်အဆင့်တွေ ဖြစ်ကုန်ပြီလဲ ၊မသိဘူး"

"ငါ့မိန်းမလို ကလေးနှစ်ယောက်အမေလိုမျိုးကိုတောင် ကြားကားက ဆွဲချင်တဲ့ကောင် ရှိသေးတယ်၊ အံ့ရောကွာ"

တင်မြင့်ဦးနဲ့ကျော်လင်းဆွေ မကျေမနပ်နဲ့ ထပ်မံရင်ဖွင့်နေတာကိုကြည့်ပြီး မြင့်ဖေက . . .

"လောကကြီးက ရယ်ရသားကွ၊ ကိုယ်လုပ်တော့ ဘာပဲလုပ်လုပ် ကောင်းတယ်၊ သူများလုပ်တာကျတော့ ဘာမှန်းမသိသေးဘဲနဲ့ စိုးရိမ်သောကဝေတယ်၊ ကျော်လင်းဆွေနဲ့တင်မြင့်ဦး . . . မင်းတို့နှစ်ယောက်က အိမ်မှာရှိတုန်းက ကိုယ့်မိန်းမတွေရဲ့တန်ဖိုးကို မသိဘဲ နေခဲ့တာကိုး၊ ဟော . . . အခု ကိုယ့်မျက်စိတွေနဲ့ တပ်အပ်လည်း မြင်လာရော မိန်းမတွေရဲ့ တန်ဖိုးကို မြင်လာကြပြီ မဟုတ်လား၊ ငါတို့လို ယောကျ်ားသားတွေဟာ ပျော်တာတော့ ပျော်တာပေါ့၊ ဒါပေမယ့် ကိုယ့်ပျော်ရွှင်မှုဟာ အတိုင်းအတာတစ်ခုထိပဲ ကောင်းတယ်၊ အခုလို လူပျိုဘဝလို လွတ်လွတ်လပ်လပ်နေတဲ့ ငါးရက်ပဲ ရှိသေးတယ်၊ ပြဿနာတွေက မထင်မှတ်ဘဲ ဆီးကြိုနေပြီ၊ ဒီတော့ ရှေ့ဘာဆက်ဖြစ်မလဲ မသိဘူး၊ အကောင်းဆုံးက နက်ဖြန်ကျရင် ကျော်လင်းဆွေက မင်းမိန်းမတွေ့တဲ့ဘုရားကိုပြန်သွား၊ အခြေအနေကို အကဲခတ်၊ တင်မြင့်ဦးက မျှော်စင်ကျွန်းထဲကို ပြန်သွားကြည့်၊ တွေ့ခဲ့ရင် ပြဿနာကို ရှင်း၊ အေး . . . ရှင်းတာလည်း အေးဆေးဖို့လိုတယ်၊ ငါတို့လည်း လူခွဲပြီး လိုက်ခဲ့မယ်"





မြင့်ဖေက သုံးသပ်သတိပေးစကားဆိုပြီး လက်ထဲနှင့်အရက်ကို အကုန်မော့သောက်ပစ်လိုက်ပါတယ်။ ကာယကံရှင်နှစ်ယောက်ကတော့ ဘာမှမပြောဘဲ ကျောက်ရုပ်တွေလို ငြိမ်ချက်သားကောင်းနေလိုက်တာ သူတို့မိန်းမနှစ်ယောက် မြင်စေချင်စမ်းပါဘိ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ဆင္ဆမဖြောက်နေ့မှာ

ချစ်တတ်လို့လားမသိ

စံစားမှုဗုံးတွေဆင့်ပေါက်ကုန်တာ

ကံကောင်းလို့ ...

ဘဝတွေကြွေတော့မှာ

တကယ့်ကို

တည်းတည်းလေးပဲဗျာ !!!

# အခန်း (၁၁)

လက်မှာပတ်ထားတဲ့ နာရီကိုကြည့်တော့ မနက်ဆယ်နာရီထိုးတော့မယ်။ ကျော်လင်းဆွေက မြင့်ဖေ၊ အောင်သန်းကျော်တို့နဲ့ ဘုရားရင်ပြင်တော်ပေါ်က တန်ဆောင်းမှာ ထိုင်စောင့်နေတာ အခုထိ သူ့မိန်းမမီမီသွင်ရဲ့အရိပ်အရောင်ကို မတွေ့ရသေးသလို မနေ့က သူ့မိန်းမဘေးမှာ ကားပေါ်ကနေ လှမ်းမြင်လိုက်ရတဲ့ အပေါ်အင်္ကျီအဖြူ၊ အောက်အဖြူဝတ်ဆင်ထားတဲ့လူကိုလည်း မတွေ့ရ။ ဒီနေ့မှ ဘုရားလာဖူးသူတွေကလည်း ယောက်ျားသားများက အဲဒါမျိုးအပေါ်ဖြူ၊ အောက်ဖြူဝတ်သူကို လုံးဝမတွေ့ရ။

"မဟုတ်တာ လုပ်တဲ့သူတွေများ သူတို့မဟုတ်တာလုပ်မှာကို ဖော်ထုတ်မယ့်သူတွေက သူတို့ဘယ်အချိန်လုပ်နိုးနိုးနဲ့စောင့်ရတာ အချိန်တွေနှမြောဖို့ ကောင်းလိုက်တာကွာ"

"ကျော်လင်းဆွေရာ . . . ဒါက မင်းက ကိုယ့်ကိုယ်ကို ပြန်တွေး

www.burmeseclassic.com



ဖူးတင်ရမှာ၊ မနေ့က မင်းက ကားကို ဘုရားပတ်မောင်းရင်းနဲ့ တွေ့လို့လေ၊ မဟုတ်လို့က ဒီနေ့နဲ့နက်ဖြန် လူပျိုတစ်ယောက်လို ကျန်မယ့်ရက်တွေအတွက် အပီကဲနေမှာ မဟုတ်လား"

အောင်သန်းကျော်စကားကို ကျော်လင်းဆွေက ဘာမှပြန်ဖြေရှင်းချက်မပေးဘဲ ဘုရားဖူးလာတဲ့သူတွေကို အကဲခတ်နေပါတယ်။

"ကျော်လင်းဆွေ . . . မင်းမိန်းမမီမီသွင်ကိုတွေ့ရင် စိတ်လိုက်မာန်ပါ ဒေါသတကြီးနဲ့ မဖြေရှင်းလိုက်နဲ့ဦးနော်၊ ဘုရားရင်ပြင်တော်ပေါ်ဆိုတော့ မကောင်းဘူး၊ သိမ်မွေ့စွာ ရှင်းနိုင်ဖို့လိုတယ်"

"ဒါတော့ ငါအတတ်မပြောနိုင်ဘူး မြင့်ဖေ၊ အခု ငါ့စိတ်ထဲမှာ ငါ့မိန်းမနဲ့တွဲတဲ့ကောင်တွေ့လို့က ထိုးပဲထိုးချင်နေတာ"

"ကျော်လင်းဆွေ . . . တကယ်လို့ မင်းမိန်းမက အလိုတူအလိုပါဖြစ်နေရင်ကော၊ ဘယ်လိုလုပ်မလဲ"

"အောင်သန်းကျော် . . . မင်း ဒီကောင့်ကို မီးသွားထိုးပေးမနေနဲ့၊ အဖြစ်မှန်ကို ဘာမှသိရသေးတာ မဟုတ်ဘူး၊ ဟော့ကောင် . . . ဟိုမှာ . . . ကျော်လင်းဆွေ . . . ဟိုမှာ"

မြင့်ဖေက အောင်သန်းကျော်ကို သတိပေးစကားပြောတုန်း တစ်ခုခုကိုမြင်လို့ လက်ညှိုးထိုးပြလိုက်လို့ ကြည့်လိုက်တော့ မီမီသွင်က လက်ထဲမှာ ပန်းစည်းကိုကိုင်လို့ တနင်္လာဂြိုဟ်တိုင်ရှိရာကို သွားနေပါတယ်။ သူမဘေးမှာ မနေ့က အပေါ်အဖြူ အောက်အဖြူဝတ်ထားတဲ့ လူကလည်း ဘေးနားကနေ ပါလာပါတယ်။

"ကျော်လင်းဆွေ . . . နေဦး၊ သူတို့ဘာလုပ်မလဲ ကြည့်နေ"

မြင့်ဖေက ထပ်မံသတိပေးစကားဆိုရင်းက တနင်္လာဂြိုဟ်တိုင်ကို စူးစမ်းအကဲခတ်သလိုမျိုး ကြည့်နိုင်းပါတယ်။





မီမီသွင်က ဂြိုဟ်တိုင်က ဘုရားပန်းအိုးမှာ ပန်းတိုထိုးပြီး ဆီမီးထိုင်ထိုင်လိုက်ပြီး ပုတီးကိုထုတ်ကာ မျက်လုံးမှိတ်ပြီး စိပ်ပါတယ်။ သူ့ဘေးနားက အဝတ်ဖြူတူညီစွာ ဝတ်ထားတဲ့သူက မီမီသွင်နဲ့ မလှမ်းမကမ်းကနေ ထိုင်ရင်းက ပါးစပ်က ဘာတွေရွတ်နေမှန်းမသိပါ။

"ငါ့မိန်းမဘာတွေလျှောက်လုပ်နေတာလဲ မသိဘူး၊ ဒီလူက ဘာကြောင့်လာလို့ ဘယ်လိုပတ်သက်သွားတာလဲ"

"ဒါတော့ မင်းတွေ့မှမေး၊ သူတို့ကိစ္စပြီးအောင် စောင့်ကြည့်နေ"

ကျော်လင်းဆွေတို့ သုံးယောက်သား စကားတောင်မပြောတော့ဘဲ အခြေအနေကို အစအဆုံး အကဲခတ်ကြည့်ရှုနေပါတယ်။

"ဟော့ကောင် . . . မင်းမိန်းမပုတီးစိပ်ပြီးပြီ၊ လာ . . . သွားမယ်"

မြင့်ဖေက ပြောသဖြင့် ကျော်လင်းဆွေလည်း ရှေ့ကနေ မီမီသွင်ရှိရာနေရာကို သွားလိုက်ပါတယ်။ တွေ့ပြီပေါ့လို့။

❑

ကိစ္စက မနေ့ကတည်းက ပြီးပြီမှတ်ပေမယ့် မပြီးပါ။ ဦးသဲကိုကိုက မနေ့တုန်းက ဘုရားကို လက်ျာရစ်ပတ်တာ အချိန်က နည်းနည်းကျော်သွားလို့ ဒီနေ့ကျော်လင်းဆွေရဲ့မွေးနံထောင့်မှာ နောက်ဆုံးဂါထာကိုရွတ်ရမယ်။ အဲဒါဆိုရင် အားလုံးအဆင်ပြေမယ်၊ လုပ်သာလုပ် တစ်ရက်တည်းနဲ့လို့ မီမီသွင်လည်း မထူးတော့ပါဘူးဆိုပြီး လုပ်မိပါတယ်။ အခုတော့ပြီးသွားပြီ။ မကြာခင်မှာ ယောကျ်ားဖြစ်တဲ့ ကျော်လင်းဆွေတစ်ယောက် ဦးသဲကိုကိုရဲ့ဂါထာအစွမ်းကြောင့် အိမ်မြဲတော့မယ်လို့။

"ဒီနေ့တော့ ကိစ္စအဝဝ နေရာကျပြီ၊ အိမ်မြဲစေချင်တဲ့ တွန်းအား



www.burmeseclassic.com

www.burmeseclassic.com



နှစ်မရဲ့ တနင်္လာနံလည်း မြပြီလို့မှတ်"

ဦးသဲကိုကိုက သူ့ကိစ္စပြီးကာ ကျေနပ်သွားလို့လားမသိ၊ ဂုဏ်ယူစွာနဲ့ ပြောဆိုပါတယ်။

"မီမီသွင်! . . . ဒါဘာလုပ်တာလဲ၊ ငါမရှိတဲ့အချိန်မှာ နင်ဘာတွေလုပ်နေတာလဲ၊ သူက ဘယ်သူလဲ"

"ကိုကျော်လင်းဆွေ . . . ရှင် ဘယ်လိုလို့ ဒီကိုရောက်လာတာလဲ၊ ကိုမြင့်ဖေတို့ကော ကိုအောင်သန်းကျော်တို့ကောပါလား"

မီမီသွင်က မထင်မှတ်ဘဲ ဘုရားကို ကျော်လင်းဆွေကော သူ့သူငယ်ချင်းနှစ်ယောက်ပါ ရောက်လာလို့ သူမဘယ်လိုမှ မထင်ထားသဖြင့် အံ့အားသင့်သွားပါတယ်။

"ကျွန်တော့်နှစ်မ . . . သူက ဘယ်သူလဲ၊ ဒေါသသံတွေ ပါနေပါလား"

"ဒေါသသံတွေပါနေတာ လုပ်မနေနဲ့၊ ခင်ဗျားက ဘယ်သူလဲ၊ သူများမိန်းမကို ကြောင်တောင်နှိုက်နေတာလား"

ကျော်လင်းဆွေက ဦးသဲကိုကို့ကို ဒေါသတကြီး စားတော့ဝါးတော့မလိုနဲ့ ပြောတော့ . . .

"နောင်တော် . . . ကျွန်တော်က ဒီက ကျွန်တော့်နှစ်မရဲ့ ဆရာမျိုးသုံးပါးဆိုတဲ့ သင်ဆရာ ကိုယ်ထိလက်ရောက် ကျကျနနသင်ပေးတဲ့ မုတာစရိယဆရာ၊ မြင်ဆရာဆိုတဲ့ သူလုပ်ကိုင်နေတာကို တွေ့ရှုမြင်ရှုဖြင့် တတ်မြောက်ခြင်းရှိတဲ့ ဆရာမျိုးဆိုတဲ့ ဒီဌာစရိယ၊ ကြားဆရာဆိုတဲ့ သူပြောဆိုရွတ်ဖတ်နေတာကို ကြားရလို့ တတ်မြောက်တဲ့ ဆရာမျိုး သုတာစရိယပဲ"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ ရှုပ်နေတာပဲ၊ မီမီသွင်





ဘာတွေလဲ"

ဦးသဲကိုကိုက စကားကို ရိုးရိုးမပြောဘဲ သူ့ဝသီအတိုင်းပြောနေသဖြင့် ဘာမှနားမလည်သလို ဖြစ်သွားပါတယ်။

"ဦးသဲကိုကို . . . ရှင်ဟာလေ စကားကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ။ လိုရင်းမရောက်တော့ ပိုရှုပ်ကုန်မယ်"

"ပြောမှာပေါ့ ကျွန်တော့်နှစ်မရယ်၊ ဒီက နှစ်မနဲ့ ကျွန်တော်နဲ့က ကလျာဏမိတ္တ ဖြစ်ကြောင်းဂုဏ်အင်္ဂါခုနစ်ပါးထဲက သတ္တဂုံတ္တရ ပါဠိတော်လာ ကလျာဏမိတ္တသုတ်ရဲ့အဆိုအရ ပြောရရင် . . ."

"ဟေ့လူ . . . ခင်ဗျား ဘုန်းကြီးလူထွက်လား"

ဦးသဲကိုကိုက ပြောလေပိုဆိုးလေ ဖြစ်လာပါတယ်။ သူ့ရှင်းမှ ပိုရှုပ်တော့မယ့် ပုံစံပါပဲ။ ဒါကြောင့် မြင့်ဖေက ဖြတ်မေးလိုက်ပါတယ်။

"ကျွန်တော်က ဓမ္မစရိယနဲ့ ရဟန်းဝါနှစ်ဆယ်ကျော်မှ လောကီနေရာအတွက် လူပြန်ထွက်ခဲ့တာ၊ သံသရာတောက မောလှပါတယ် ဒကာကြီး၊ အဲ . . . မိတ်ဆွေရယ်"

ဦးသဲကိုကိုစကားကြောင့် မြင့်ဖေသာမက အောင်သန်းကျော်ပါ ရယ်အောင် မျိုသိပ်လိုက်ရပါတယ်။

"မီမီသွင် . . . မင်းကိုယ်တိုင် ဒီကိစ္စကို ရှင်း"

"ဒီကိစ္စက ရှင့်ကြောင့် ကိုကျော်လင်းဆွေ × × ဒီလို × × × × × × × × × × ×"

မီမီသွင်က ဘုရားကိုရောက်လာတဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြပါတယ်။

"တော်သေးတာပေါ့ကွာ၊ မင်းအရှုးထတာတာ ထိမ်းမှုဘူး ဒေါသဖြစ်ဖြစ်နဲ့ မှားတော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



“မှန်တာပေါ့ ကိုယ့်ညီရာ၊ လူဆိုတာ မှားတာကို မှားတာသိတာ ဟာ လူလိမ္မာပါပဲ၊ တို့မြတ်စွာဘုရားရှင်က ဘာဟောသလဲဆိုတော့”

“ဒီမှာ ဟေ့လူ၊ ဒီအချိန်က ခင်ဗျားတရားဟောရမယ့် အချိန် မဟုတ်ဘူး၊ ဟောဒီက သူတို့လင်မယားနှစ်ယောက် အထင်လွဲတဲ့ကိစ္စ ပြေလည်အောင် လုပ်နေရတဲ့အချိန်ပဲ၊ ကိစ္စပြီးပြီမဟုတ်လား”

“ဟုတ်ပါတယ် . . . အချိန်တန်ရင် ဒီလိုပဲ လူတွေကူညီပြီးရင် သွားရမှာပေါ့၊ သွားမယ်နော် . . . ကိုယ့်ညီမ . . . သွားပြီ”

ကျော်လင်းဆွေနဲ့ ဦးသဲကိုကို အပြန်အလှန်ပြောတုန်း ဦးသဲကိုကို က သူ့ဝသီမဖျောက်ဘဲ တရားဟောသလိုပြောတာကို အောင်သန်းကျော် က တားလိုက်တော့ ဦးသဲကိုကိုက လက်ပြနှုတ်ဆက်ပြီး ထွက်သွားပါတယ်။

“အံမယ် . . . အံမယ် . . . ဒင်းက လက်ပြသွားသေးတယ်၊ မီမီ သွင်ရယ် . . . မင်းလုပ်ပုံကတော့ကွာ”

“ဘာမင်းလုပ်ပုံလဲ၊ ကိုယ့်ဖာသာကိုယ် လူပျိုလို ကဲချင်ရာကဲ၊ သွားချင်ရာသွား၊ စားချင်ရာစား၊ သောက်ချင်ရာသောက်ပြီး ဘာရောဂါ တွေ ပါလာဦးမလဲမသိဘူး”

“မီမီသွင် . . . ငါတို့ပျော်တာက ရိုးရိုးကွ၊ ကိုယ့်အတွက် ရောဂါ ဝယ်ဖို့ ပျော်တာမဟုတ်ဘူး”

“ကဲပါကွာ . . . မင်းတို့နှစ်ယောက်ကလည်း မချစ်တာလည်း မဟုတ်ဘဲနဲ့ ရန်ဖြစ်နေကြသေးတယ်၊ မီမီသွင်ကလည်း မင်းကိုချစ်လို့ အိမ်မြဲအောင် ဒီလိုလုပ်ဖြစ်သွားတယ်၊ မင်းကလည်း မီမီသွင်ကိုချစ်လို့ ဒီထိရောက်လာတယ်၊ ပွဲကပြီးပြီ၊ နက်ဖြန်ခုနှစ်ရက်မြောက်တဲ့နေ့မှာတော့ တစ်ခုခုလုပ်ရမယ်၊ အဲဒီဘုန်းကြီးလူထွက်ဂါထာကတော့ ဟုတ်နေပြီပဲ”

မြင့်ဖေက အရင်လို စကားများလေ့များထရှိတဲ့အတိုင်း မီမီသွင်





နဲ့ ကျော်လင်းဆွေစကားများတာကို ဝင်ဟန့်ပါတယ်။

“ဒါက အရေးမကြီးဘူး၊ မျှော်စင်ကျွန်းက တင်မြင့်ဦးလည်း ဘာဆက်ဖြစ်နေမလဲ မသိဘူး၊ သွားကြရအောင် . . . ကျော်လင်းဆွေ မင်းက မီမီသွင်ကို ကားပေါ်ရောက်မှ ရှင်းပြတော့”

အောင်သန်းကျော်သတိပေးစကားအဆုံး သူတို့တစ်တွေ ဘုရား ပေါ်ကနေ မျှော်စင်ကျွန်းကို အမြန်ကားမောင်းလာခဲ့ကြပါတယ်။ ကားပေါ် မှာ မီမီသွင်က သူမဖြစ်ခဲ့တာ ရှင်းပြသလို ကျော်လင်းဆွေကလည်း တင်မြင့်ဦးအကြောင်း ရှင်းပြနေလို့။

❑

သက်နိုင်နဲ့ တင်မြင့်ဦးတို့နှစ်ယောက် ကားကိုရပ်ပြီး မျှော်စင် ကျွန်းထဲမှာ လမ်းလျှောက်ရင်းက ငုဝါခိုင်နဲ့ လူငယ်ကောင်လေး ဘယ် နေရာမှာ ရှိနိုင်သလဲလို့ ဆိုင်တွေထဲမှာ တစ်ဆိုင်ပြီးတစ်ဆိုင် လိုက်ရှာ တော လုံးဝမတွေ့ရပါ။

“တင်မြင့်ဦးရာ . . . မနေ့က ဒီကိုလာပြီး ဒီနေ့လာချင်မှလာမှာ ပေါ့ကွာ၊ မဟုတ်တာလုပ်မယ့်သူဆို တစ်နေရာတည်းမှာ တသမတ်တည်း ရှိဘူးကွ”

သက်နိုင်က ရှာတာမတွေ့သဖြင့် စိတ်မရှည်တော့ပါ။

“ဘယ်ပြောလို့ရမလဲ၊ လာချင်လည်း လာမှာ၊ ငုဝါခိုင်က ဇာတ်ယို ရုပ်ရှင်တွေထဲကလို ကန်ရေပြင်ကိုကြည့်လိုက်၊ သူ့ဘယ်က ကောင်မှန်း မသိတဲ့ဟာကိုကြည့်လိုက်နဲ့ မဖြစ်ဘူးလို့ မပြောနိုင်ဘူး၊ မိန်းမတွေဟာ ညှိယ့်ထက်အသက်ငယ်တာကို တော်တော်သဘောကျတာပဲ၊ ငါမရှိတဲ့



www.burmeseclassic.com

ရက်တွေမှာ သူ့ဟာလေးနဲ့ ဘာတွေဘယ်လောက်တောင် ဖြစ်ကုန်ပြီလဲ မသိဘူး"

"မိန်းမဆိုတာ ဒါပါပဲကွာ၊ သာယာမှုကို တွယ်တာကြတာပဲ၊ ဘယ်မိန်းမကိုမှ ယုံလို့မရဘူး၊ ယုံလို့ကတော့ မင်းအခုခံစားနေသလိုမျိုး ခံစားရမှာပဲ တင်မြင့်ဦးရ"

"အေးကွာ . . . ငါက ခင်ခင်လေးကိုတောင် ကျေးဇူးတင်ရဦးမယ်၊ သူနဲ့ သူ့တူမျောက်နှစ်ကောင် ဒီထဲက ချစ်တီးထမင်းဆိုင်မှာ ထမင်းကျွေးမိလို့ ဒီလိုမြင်ကွင်းမျိုးကို တွေ့ရတာ"

အဲဒီနောက် တင်မြင့်ဦးနဲ့ သက်နိုင်တို့နှစ်ယောက် ဘာစကားမှ မပြောဘဲနဲ့ မျှော်စင်ကျွန်းထဲက ရေပန်းနဲ့ တံတားနားကို ရောက်လာပါတယ်။

"ဟော့ကောင် . . . ဟိုမှာ ငုဝါခိုင်မဟုတ်လား၊ ကောင်လေးတစ်ယောက်က ဓါတ်ပုံရိုက်ပေးနေပါလား"

သက်နိုင်က လက်ညှိုးထိုးပြသဖြင့် တင်မြင့်ဦးကြည့်လိုက်တော့ ငုဝါခိုင်က အသကုန်အလှပြင်ထားပြီး ပုံစံအမျိုးမျိုး ဓါတ်ပုံအရိုက်ခံနေတာကို တွေ့ရပါတယ်။ ဓါတ်ပုံရိုက်တဲ့ ကောင်လေးကိုကြည့်ပြီး ကျေနပ်နေပါတယ်။ တင်မြင့်ဦးဒေါသတွေ တလိပ်လိပ်တက်လာပါတယ်။

"တွေ့ပြီပေါ့ကွာ၊ ကြည်နူးနေကြတာ လောကကြီးမှာ သူတို့ပဲ ရှိနေတာကျနေတာပဲ"

တင်မြင့်ဦးက အဲ့ဒီနေရာကို ပြေးသွားပါတယ်။ သက်နိုင်က လည်း နောက်ကနေ ပြေးလိုက်သွားတယ်။

"ဟော့ကောင် . . . မင်း အဲဒီဓါတ်ပုံကို ဆက်မရိုက်နဲ့တော့၊ အဲဒါ ငါ့ မိန်းမပဲ"





"ကိုကို . . . ဘယ်လိုလို့ ဒီကိုရောက်လာတာလဲ"

ရုတ်တရက် ဓါတ်ပုံရိုက်နေတုန်း ကင်မရာကို ထိုးတွန်းပြီး တင်မြင့်ဦးတားလိုက်လို့ ရဲမြတ်သူတစ်ယောက် ဘာပြောရမှန်းမသိဖြစ်နေစဉ် ငုဝါခိုင်ကလည်း အံ့အားတသင့်နဲ့ လှမ်းမေးပါတယ်။

"ငါထင်တော့ ထင်သားပဲ ငုဝါခိုင်၊ ဒီနေ့ မင်းဒီကိုလာနိုင်ပါတယ်လို့ တော်သေးတာပေါ့ . . . မနေ့က မင်းဒီကောင်လေးနဲ့ ကားပေါ်တွေ့လိုက်ရလို့၊ မင်း ငါမရှိတဲ့အချိန် ဘာလျှောက်လုပ်နေတာလဲ၊ ပြောစမ်းပါဦး"

"ငုဝါ ဘာလုပ်လို့လဲ၊ ငုဝါဓါတ်ပုံအရိုက်ခံနေတာလေ၊ ဘာဖြစ်လဲ . . . ငုဝါမလှဘူးလား"

"ဘာကွ! . . . ဓါတ်ပုံအရိုက်ခံတာ ဟုတ်လား၊ မင်းဘာသဘောနဲ့ လုပ်နေတာလဲ၊ မင်းရဲ့ကားပေါ်တင်ခေါ်သွားတဲ့ ဒီက ဓါတ်ပုံသမားတကော"

တင်မြင့်ဦးနဲ့ငုဝါခိုင် အပြန်အလှန်ပြောနေတာကို ရဲမြတ်သူက ဘယ်လိုနားလည်ရမှန်းမသိဘဲနဲ့ မျက်လုံးကလေး ပေကလပ်,ပေကလပ်နဲ့ ကြည့်နေပါတယ်။

"တင်မြင့်ဦး . . . မင်းတို့လင်မယားနှစ်ယောက် သိပ်အသံမကျယ်နဲ့ တော်ကြာ ဗွီဒီယိုရိုက်နေတယ် ထင်နေဦးမယ်"

"သက်နိုင် . . . မင်းမှတားနဲ့၊ ဒီကိစ္စကို အခုသုံးယောက်ဆုံတုန်း ဒီနေရာမှာ အပြတ်ရှင်းမယ်၊ ငုဝါ . . . မင်းအမှန်အတိုင်းပြော"

"ဘာအမှန်အတိုင်းပြောရမှာလဲ၊ ဓါတ်ပုံရိုက်နေပါတယ်ဆို"

"ငုဝါ . . . မင်း ငါ့ကို ဒေါသထွက်အောင် မလုပ်နဲ့နော်"

"ဩော် . . . ကိုယ်ကတော့ ခုနှစ်ရက်နီးပါး လူပျိုတစ်ယောက်

www.burmeseclassic.com



လိုနေပြီး အခုမှ ကိုယ့်မိန်းမ လူငယ်တစ်ဦးနဲ့ ခါတ်ပုံရိုက်တာကို သဝန်တို တတ်နေပြီပေါ့"

"သဝန်တိုတာ မဟုတ်ဘူး၊ မင်းကိုချစ်လို့ကွ . . . နားလည်လား"

"ဪ . . . ကိုကိုက ဒီလိုကျတော့လည်း ဟုတ်နေတာပဲ၊ အဖြစ်မှန်ကို ငုဝါပြောပြမယ်၊ သူ့နာမည်က ရဲမြတ်သူတဲ့ × × × × × × × × × × × × × × × × × × × × ×"

ငုဝါခိုင်က သက်နိုင်စကားကြောင့် ကျေနပ်သွားရင်းမှ ရဲမြတ်သူနဲ့တွေ့ဆုံပုံ အစအဆုံးကို ရှင်းပြပါတယ်။

"ဆောရီးပဲ ညီလေးရာ၊ ကိုယ့်မိန်းမကိုချစ်တော့ ဒေါသနဲ့ပြောမိသလို ဖြစ်သွားတယ်"

"ရပါတယ် အစ်ကိုရယ်၊ အစ်ကိုတို့ ပြေလည်သွားတာ ကောင်းပါတယ်၊ ကျွန်တော်တောင် ဒု-သ-န-သော ဖြစ်တော့မလို့"

တင်မြင့်ဦးက ရဲမြတ်သူကို အားနာသွားသဖြင့် တောင်းပန်တာကို ရဲမြတ်သူက ပြန်ပြောပါတယ်။

"ဟုတ်ပါတယ်ကွာ . . . အစ်ကိုတို့က အစ်ကိုတို့ဖာသာ ပျော်ချင်သလိုပျော်၊ အိမ်က မိန်းမကျတော့ လျစ်လျူရှုထား၊ ဒါတွေက အိမ်ထောင်တစ်ခုမှာ အမှားတွေ ဖြစ်သွားပြီး ပြိုကွဲတတ်တယ်ဆိုတာ အစ်ကိုသဘောပေါက်သွားပြီ၊ ငါ့ညီလည်း အိမ်ထောင်ပြုတဲ့အခါ ဒါမျိုးမဖြစ်အောင် ဆင်ခြင်ကွာ"

"ဟုတ်ကဲ့ပါ အစ်ကို၊ ဒီက မ . . . ကျွန်တော့်ကို ခွင့်ပြုပါဦး ကျွန်တော့်ကို လင်မယားချင်းကွဲမလိုဖြစ်သွားအောင် ကူညီပေးတာကိုပဲ ကျေးဇူးတင်လှပါတယ်၊ ပြပွဲကျရင် မတို့လင်မယားနှစ်ယောက်စလုံးကို ဖိတ်မယ်၊ သွားမယ်နော်"





ရဲမြတ်သူက တင်မြင့်ဦးနှင့် ငုဝါခိုင်ကို နှုတ်ဆက်ပြီး အနားကနေ ထွက်သွားပါတယ်။ သူ့ခြေလှမ်းတွေ မတက်ကြွသလိုဖြစ်နေတာ ငုဝါခိုင်သတိထားမိပါတယ်။ ဘယ်တတ်နိုင်မှာလဲလေ။

"လင်နဲ့မယားဆိုတာ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြပြီဆိုရင် ဒီလိုပဋိပက္ခလေးတွေတော့ ရှိမှာပဲကွ၊ ဟော . . . တင်မြင့်ဦး . . . ဟိုမှာ ကျော်လင်းဆွေနဲ့ မီမီသွင်တို့ မြင့်ဖေတို့ အောင်သန်းကျော်တို့ ဒီကိုလာနေတာ တွေ့လား၊ သူတို့လင်မယားနှစ်ယောက်လည်း အဆင်ပြေသွားပြီထင်တယ်"

သက်နိုင်က လှမ်းပြောလိုက်သဖြင့် သူတို့နှစ်ယောက်ကြည့်တော့ ကျော်လင်းဆွေတို့က သူတို့ရှိရာကို လာနေပါတယ်။

"ကျော်လင်းဆွေ အဆင်ပြေလား"

"အိုကေ! . . . မင်းကော တင်မြင့်ဦး"

"မင်းလိုပဲ အိုကေ . . ."

သူတို့တစ်တွေဆုံကျတော့ ဖြစ်ပျက်သမျှတွေကို အပြန်အလှန်ပြောကြရင်း မျှော်စင်ကျွန်းထဲကနေ ထွက်ခွာသွားကြပါတယ်။

တော်သေးတာပေါ့။ လူပျိုဘဝလို ပျော်စရာတွေ စားသုံးနေတဲ့ ဆဋ္ဌမနေ့မှာတင် အဖြစ်မှန်တွေ ပြီးဆုံးသွားလို့ပါပဲ။

❑ ❑ ❑



www.burmeseclassic.com

ကောင်းကင်မှာ ကြည်တွေလည်း စုံပါပြီ။
ယောဒိမြေပြင်ကမ္ဘာမှာ
မိသားစုဝင်တွေရဲ့ကြည်နူးခြင်း
ကြယ်ပွင့်ပေါင်းစုံလည်း
သတ္တမမြောက်နေ့မှာ
လင်းလက်နေတာ
ဘာနဲ့တန်ဖိုးဖြတ်လို့မှမရပါ။

## အခန်း (၁၂)

သူတို့အားလုံးရဲ့မျက်နှာတွေမှာ ကြည်နူးခြင်းအပြုံးများ ရောင်ဖြန့်ဟပ်နေသလို ထိန်ထိန်သာနေတဲ့ လမင်းကြီးအလင်းရောင်နဲ့အတူ ကောင်းကင်မှာလည်း ကြယ်အပေါင်းက ထွန်းလင်းတောက်ပနေပါတယ်။ ကျော်လင်းဆွေနဲ့ တင်မြင့်ဦးတို့တစ်တွေ လူပျိုဘဝကလို ခုနှစ်ရက်တာ ကုန်ဆုံးဖို့ နောက်ဆုံးကျန်တဲ့ သတ္တမမြောက်နေ့ကို ဘယ်ကိုမှသွားပြီး အချိန်မဖြုန်းဘဲ မိသားစုဝင်တွေအားလုံး ကျော်လင်းဆွေရဲ့ခြံဝင်းထဲက မြက်ခင်းပြင်မှာပဲ စားကြသောက်ကြနဲ့ တစ်ညတာကို ကုန်ဆုံးမယ်လို့။

"ခြောက်ရက်တာပျော်လို့ ကုန်သွားတဲ့ ပိုက်ဆံတွေကို အခုလို မိသားစုတွေနဲ့ ပျော်ပျော်ပါးပါး စားသောက်ရရင် တကယ်တန်ဖိုးရှိမှာ ပျော်တာခြင်းက ရည်ရွယ်ချက်ခြင်းကွာလိုက်တာကွာ"

"တင်မြင့်ဦးရာ . . . ဒါက တို့အတွက် နောက်ထပ်အမှားတွေ လုပ်ဖို့ လောကကြီးက သင်ပေးလိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းဆွေနဲ့ တင်မြင့်ဦးတို့ ပြောနေကြတာကို မီမီသွင်နဲ့ ငုဝါခိုင်က အကျေနပ်ကြီး ကျေနပ်နေပါတယ်။

"မီမီသွင်ရေ . . . သူတို့နှစ်ယောက်ရဲ့စကားတွေက ဘယ်နှစ်ရက်ခံမလဲ စောင့်ကြည့်ရဦးမယ်"

"အင်း . . . ဒီလိုစကားမျိုး ကြားလေ့ကြားထမရှိလို့ နားဝင်တော့ ချိုသား၊ ကဲပါ . . . အားလုံးပြောလည်းပြော၊ စားလည်းစားကြပြီး၊ ငုဝါခိုင် . . . စားစရာတွေ ထည့်ပေးဦးလေ"

ငုဝါခိုင်က ပြင်ထားဆင်ထားသော စားစရာသောက်စရာတွေကို ပန်းကန်တွေထဲ ထည့်လိုက်ပါတယ်။

"ခုနှစ်ရက်တာဆိုတဲ့ အချိန်ကာလတစ်ခုမှာ လူတစ်ယောက်အတွက်ကော ကမ္ဘာကြီးအတွက်ကော ပြောင်းလဲမှုတွေ အများကြီးပြောင်းသွားနိုင်တယ်"

"ဟုတ်တယ် မြင့်ဖေ၊ အဲဒီအပြောင်းအလဲက အဆိုးလည်း ဖြစ်နိုင်သလို အကောင်းလည်း ဖြစ်နိုင်တာပဲ၊ ဟုတ်တယ် မဟုတ်လား . . . သက်နိုင်"

"အခုဟာက အဆိုးတော့ မဟုတ်ပါဘူး၊ ထင်ယောင်ထင်မှားပေါ့ကွာ၊ အဲဒီကနေ အမှန်ကို သိလာတာက ငါတို့ခုနှစ်ရက်တာ အချိန်ဖြုန်းတဲ့ကာလမှာ ရခဲ့တဲ့ ဆုလာဘ်ပဲ"

"ဟေး! . . . ဖြောင်း! . . . ဖြောင်း! . . ."

သက်နိုင်စကားကို အားလုံးက လက်ခံကြိုဆိုပြီး အော်ဟစ်ရင်းက လက်ခုပ်လက်ဝါးတီးလိုက်ကြပါတယ်။

တကယ်ပါ။ ကျော်လင်းဆွေနှင့် တင်မြင့်ဦးတို့နှစ်ယောက်အတွက်ကတော့ တစ်ပတ်တာ လူပျိုပြန်ဖြစ်တဲ့ အချိန်ကာလက သူတို့အတွက် အမှန်တရားတစ်ခုက ဇနီးမယားသားသမီးတို့အတွက် တစ်သက်တာ **စိတ်ချမ်းမြေ့စရာ** အဖြစ်အပျက်တစ်ခု ဖြစ်လာတာကိုပဲ ကျေနပ်လို့**မဆုံးရှိနေတာ**က အမှန်ပင် ဖြစ်ပါတယ်။

ကောင်းကင်မှာ ကြယ်တွေစုံပြီး ကောင်းကင်ကြီးရဲ့ ဂုဏ်**အင်္ဂါ**ရပ်နဲ့ တင့်တယ်သလိုမျိုး မိသားစုတွေမှာလည်း ချစ်ခြင်းမေတ္တာကြယ်ပွင့်အလင်းရောင်များဖြင့် လင်းလက်ကြပါစေလို့ ကျော်လင်းဆွေကော တင်မြင့်ဦးသာမက မီမီသွင်နှင့် ငုဝါခိုင်တို့လည်း ဆန္ဒရည်ရွယ်ချက်အသီးသီးရှိနေကြတာက ပြောဖို့ပင် လိုမည်မထင်ပါ။